# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မြင့်မြတ်အောင်ပြုစွမ်းနိုင်

လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိအဖသည် မပြုနိုင်။ တစ်ပါးသော ဆွေမျိုးတို့သည်လည်း မပြုစွမ်းနိုင်ကုန်။ ထိုလူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဖဆွေမျိုးတို့ထက် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပြုစွမ်းနိုင်၏။

စိတ္တဝဂ်(ဓမ္မပဒ-၄၃)


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၉၅)


# အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာဆီယံ- ဩစတြေးလျ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်စဉ် (သတင်းစဉ်)

# ပြည်သူချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်းဖြင့် ဒေသနှစ်ခုအကြား ချိတ်ဆက်ရေးတို့ ဆောင်ရွက်ရန်အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**ဗီယင်ကျန်း ဇူလိုင် ၂၅**

လာအိုနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ဝန်ကြီးအဆင့်အစည်းအဝေးဖြစ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။

အာဆီယံ- တရုတ်ဝန်ကြီးအဆင့်အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ အာဆီယံ-တရုတ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ပြီး အာဆီယံအသိုက်အဝန်းထူထောင်ရေးတွင် တရုတ်နိုင်ငံက ဆက်လက်ကူညီထောက်ပံ့သွားရေး၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ-တရုတ်ဆက်သွယ်မှု 2+7 Cooperation Framework

*စာမျက်နှာ ၄ ကော်လံ ၁* ❀

## ခန္တီးမြို့၌ ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ၁၆၃ စင်တီမီတာ ကျော်လွန်၍ မြစ်ဘက်မှရေများ မြို့တွင်းသို့ဝင်ရောက်

စာမျက်နှာ-၉




မြန်မာ့အလင်း

# သစ်ပင်ကို နှစ်စဉ်စိုက်ပျိုး

ကမ္ဘာပေါ်တွင် သစ်ပင်များသည် အတိတ်ကာလ နှစ်ပေါင်း ၄၁၆ သန်းမှ ၃၅၈ သန်းအတွင်းက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး လူသားမျိုးနွယ်၏ အစမှာ လွန်ခဲ့သည့်နှစ်ပေါင်း ခြောက်သန်းကျော်ခန့်ကမှစတင်ခဲ့ကာ ခေတ်ပေါ်လူသားမျိုးနွယ်တို့မှာမူ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်သိန်းခန့်ကမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

သစ်ပင်များသည် လူသားများထက် များစွာစော၍ ကမ္ဘာမြေပေါ်တွင် ပေါ်ပေါက်တည်ရှိခဲ့ကာ အပင်များကို အမှီပြု၍ ကမ္ဘာ့ရာသီဥတုနှင့် သက်ရှိလောကတို့ ဆင့်ကဲဖြစ်ထွန်းတည်ရှိလာခဲ့ရခြင်းဖြစ်ရာ သစ်ပင်များသည် လူသားများအပါအဝင် သက်ရှိသတ္တဝါများ၏ ရှင်သန်နေထိုင်မှုတွင် အလွန်အရေးပါသည်။ သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ လူဦးရေတိုးတက်လာမှုနှင့်အတူ မြို့ရွာများ ချဲ့ထွင်ခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ သစ်ဝါးများ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် သစ်တောသစ်ပင်များ တစ်စတစ်စ လျော့နည်းဆုံးရှုံးနေရပြီဖြစ်သည်။ လူသားတို့သည် သစ်ပင်ပေါင်း ၁၅ ဘီလီယံခန့်ကို နှစ်စဉ် ခုတ်ထွင်ဖယ်ရှားနေကြသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြသည်။ ကမ္ဘာ့ရာသီဥတုအပေါ် အကျိုးသက်ရောက်စေသည့် ကမ္ဘာ့လေထုအပူရှိန်ကို ဖန်တီးပေးသော ဖန်လုံအိမ်ဓာတ်ငွေ့ခေါ် ကာဗွန်ဒိုင်အောက်ဆိုက်ကို သဘာဝအလျောက် လေထုအတွင်းမှ ဖယ်ရှားပေးရာတွင်လည်းကောင်း၊ ရေထုနှင့် လေထု၏ အရည်အသွေးကောင်းမွန်ရေးတွင်လည်းကောင်း သစ်ပင်များမှာ အဓိက ကဏ္ဍ၌ တည်ရှိကြသည်။

သတင်းကောင်းတစ်ရပ်အနေဖြင့်ဆိုရလျှင် မျက်မှောက်ကမ္ဘာမြေပေါ်တွင် သစ်ပင်ပေါင်း သုံးထရီလီယံကျော်(သုံးနောက်မှ သုည ၁၂ လုံး) တည်ရှိနေကြောင်း နိုင်ငံ ၁၅ နိုင်ငံမှ သုတေသီများ၏ စုပေါင်းလေ့လာတွေ့ရှိချက်က ဆိုထားခြင်းပင်ဖြစ်သည်။ ယခင်က ခန့်မှန်းထားချက်ဖြစ်သော ကမ္ဘာပေါ်တွင် သစ်ပင်များပေါက်ရောက်တည်ရှိနေမှုအရေအတွက် ၄၀၀ ဘီလီယံထက် ခုနစ်ဆခွဲမျှ ပိုမိုတည်ရှိနေသေးကြောင်း တွေ့ရှိရခြင်းဖြစ်၍ သတင်းကောင်းဟု ဆိုရသော်လည်း လူသားတို့၏ ယဉ်ကျေးမှုသမိုင်းအစနှင့် နှိုင်းယှဉ်လျှင်မူ ကမ္ဘာပေါ်တွင် သစ်ပင်ထက်ဝက်ခန့် (၄၆ ရာခိုင်နှုန်း)လျော့နည်းသွားခဲ့ပြီဖြစ်ရာ ကမ္ဘာအရပ်ရပ်ရှိ သစ်တောများနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ အစိုးရအသီးသီးတို့က အားထုတ်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

ယင်းသို့သောအခြေအနေတွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာများ လျော့နည်းလာမှုမှာ အခြေအနေဆိုးတစ်ရပ်ဆီသို့ ကျရောက်နေကြောင်း ယမန်နှစ်နှောင်းပိုင်းကာလ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အကြား မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုခန့်မှန်းခြေအားဖြင့် နှစ်စဉ် ဟက်တာ ၅၄၆၀၀၀ ရှိရာ ဘရာဇီးနှင့်အင်ဒိုနီးရှားတို့ပြီးလျှင် ကမ္ဘာ့နံပါတ်(၃)အဆင့်ဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ဆိုထားသည်။ နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာလည်း ၂၀၀၀ ပြည့်နှစ်က ၆၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း အက်ဖ်အေအိုက ခန့်မှန်းထားသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းက မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ၂၄ နာရီအတွင်း သစ်ပင်သန်း ၅၀ စိုက်ပျိုးကာ ကမ္ဘာ့စံချိန်ချိုးရန် ကြိုးပမ်းခဲ့ကြသည်။ ပြည်နယ်တစ်ခွင် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်နယ်သူ ပြည်နယ်သားစုစုပေါင်း ၈၀၀၀၀၀ ခန့် ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြရာတွင် လွှတ်တော်အမတ်များ၊ ကျောင်းသား ကျောင်းသူများ၊ အစိုးရဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းဝင်များ ပါဝင်ခဲ့ကြသည်။

မိမိတို့နိုင်ငံတွင် ဇူလိုင်လသည် သစ်ပင်စိုက်ပျိုးသောလဖြစ်သည်။ မိုးဖြိုင်ဖြိုင်ရွာသော အချိန်ကာလဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲများ ဆင်နွှဲလျက်ရှိကြရာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်သမျှအပင်များ ရှင်သန်စေရန်မှာမူ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးမှုများပြုလုပ်ပေးဖို့ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ရှိပြီးသစ်ပင်သစ်တောများ ထပ်မံမပြုန်းတီးစေရေးအတွက်လည်း တရားမဝင်သစ်ခိုးမှုများကို စစ်ဆင်ရေးအသွင် ဆင်နွှဲကာ ထိထိရောက်ရောက် တားဆီးကာကွယ်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။




## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**လှိုင်းဘွဲ့ ဇူလိုင် ၂၅**

ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သစ္စာစီမံချက်အရ (NRC)အဖွဲ့နှင့် ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၂၅ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။ အဆိုပါနိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုး၊ မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်တို့က ကြီးကြပ်၍ မြို့နယ်ရှိ ဝန်ထမ်းများက နေ့ချင်းပြီးအခမဲ့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် / ဆက်)**

### ထင်သာမြင်သာပြုပြင်စရာ

## ယာဉ်သွားလမ်းပေါ် နွားများလွှတ်ကျောင်းမှု တားမြစ်ပေးစေလို

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း နန်းထိုက်ရတနာမူကြိုကျောင်းရှေ့ လှဖြူပြာလမ်းမကြီးနှင့် ယင်းလမ်းသွယ်ဆုံရာအနီး Slow Down မျဉ်းကြားပေါ်တွင် နွားများ အိပ်စက်နေသည်ကို မကြာခဏ တွေ့မြင်နေရသည်။

လမ်းမကြီးသည် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်သားပြည်သူများ အမြဲသွားလာအသုံးပြုလျက်ရှိရာ လမ်းအသုံးပြု(ယာဉ်၊ ကား၊ မော်တော်ဆိုင်ကယ်) မောင်းနှင်သူတို့အား အဟန့်အတားအနှောင့်အယှက်အန္တရာယ် တစ်စုံ တစ်ရာမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် မလိုလားအပ်သည့် အန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှိုင်ဝင်း(နေပြည်တော်)**



## ပြက္ခရွှေ့တောင် စွယ်တော်ရှင်စေတီတော်တွင် တောင်တက်ကားလမ်းဖောက်လုပ်

**မြစ်သား ဇူလိုင် ၂၅**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြသုခကျေးရွာအနီး ပြက္ခရွှေ့တောင် စွယ်တော်ရှင်စေတီတော်အား ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များ လမ်းခရီးချောမွေ့စွာသွားရောက်ဖူးမြော်နိုင်ရေးအတွက် တောင်တက်ကားလမ်းကို တောင်ခြေမှ မောနားကျောင်းတိုက်၊ ဆုတောင်းပြည့် စေတီတော်အနီးထိ စတင်ဖောက်လုပ်နေကြောင်း သိရသည်။

"အခုလက်ရှိ တောင်ခြေကနေ မောနားကျောင်းတိုက် ဆုတောင်းပြည့် စေတီတော်အထိ လမ်းအူကြောင်းကို စက်ယန္တရားနဲ့ ဖောက်လုပ်ပြီးပါပြီ။ လာမယ့် သီတင်းကျွတ်ကာလဆို မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေနဲ့ မောနားကျောင်းတိုက် အထိရောက်နိုင်ပါတယ်။ ဆုတောင်းပြည့်ဘုရားအနီးအထိ တစ်မိုင်ခရီးကို ကွန်ကရစ်လမ်းခင်းပြီးရင် စွယ်တော်ရှင် စေတီတော်အထိ ဆက်လက်လမ်း ဖောက်လုပ်သွားမှာပါ။ မူလကတည်းက ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်တွေ အနော်ရထာမင်းကြီးရဲ့ ကောင်းမှုတော် အနောက်ပြက္ခရွှေ့တောင်ပေါ်တွင် တည်ထားကိုးကွယ်တဲ့ စွယ်တော်ရှင် စေတီတော်ကို လမ်းခရီးချောမွေ့စွာနဲ့ ဖူးမြော်နိုင်ဖို့ တောင်တက်ကားလမ်းကို စတင်ဖောက်လုပ်တာပါ"ဟု မောနားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသက မိန့်ကြားသည်။

မောနားကျောင်းတိုက် ဆုတောင်းပြည့်စေတီတော်အနီးမှ စွယ်တော်ရှင်စေတီတော်တည်ရှိရာ အနောက်ပြက္ခရွှေ့တောင်သို့ ခရီး ၂ မိုင် ၄ ဖာလုံ ကွာဝေးပြီး တောင်ခြေမှစွယ်တော်ရှင်စေတီတော်တည်ရှိရာအထိ ခရီးမိုင် ၃ မိုင် ၄ ဖာလုံခန့်ကွာဝေးကြောင်း၊ ပြက္ခရွှေ့တောင်တက် ကားလမ်းဖောက်လုပ်ခြင်းအတွက် ပါဝင် လှူဒါန်းလိုသူများအနေဖြင့် မောနားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ ဖုန်း-၀၉-၄၉၂၀၃၄၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၇-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၀.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၉.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၇ |
| တရုတ် | တစ်ယွမ် | ၁၇၆.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျ၊ ရုရှားနှင့် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ

**ဗီယင်ကျန်း ဇူလိုင် ၂၅**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Julie Bishop MP **(ယာပုံ)** နှင့် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavorov နှင့် ညနေ ၆ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Ri Yong Ho နှင့် ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



## တိုင်းဒေသကြီးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၅/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**တိုင်းဒေသကြီးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားစာပေဆုသည် နိုင်ငံတော်က ချီးမြှင့်သည့် အမြင့်ဆုံးစာပေဆုဖြစ်၍ ယခုနှစ် အကောင်းဆုံးရွေးချယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဇူလိုင် ၂၅**

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် သဘောထားအယူအဆမတူညီခြင်းများ၊ ပြင်ဆင်လိုသည့်ကိစ္စရပ်များကို ယခုဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း၊ အမျိုးသားစာပေဆုသည် နိုင်ငံတော်ကချီးမြှင့်သည့် အမြင့်ဆုံးစာပေဆုဖြစ်သည့်အတွက် ကော်မတီက အများလက်ခံမည့်သူကို ရွေးချယ်၍ ထိုက်ထိုက်တန်တန် ဆုရရှိစေလိုကြောင်း၊ ကော်မတီဝင်များအနေဖြင့် ဆုရွေးချယ်ရာတွင် အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။ **(ယာပုံ)**

ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဝင်များတွေ့ဆုံစဉ် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရာတွင် ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ဘာသာရပ်ဆိုင်ရာစာအုပ်များကို မကျန်ရှိစေဘဲ စုံစုံလင်လင် ရရှိရွေးချယ်စေလိုကြောင်း၊ ဘာသာရပ်အလိုက် ရွေးချယ်ရန်ကျန်ရှိနေသည့်စာအုပ်များကို စာအုပ်ဝယ်ယူရရှိရေးအဖွဲ့ ဖွဲ့စည်းပြီး သတ်မှတ်အချိန်ကာလအတွင်း ရရှိရန် ဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်ပေါ်ကဗျာဆု ဆုပေးနိုင်ရေးအတွက် အများသဘောတူညီချက်များဖြင့် စဉ်းစားဆုံးဖြတ်ဆွေးနွေးကြစေလိုကြောင်း၊ ယခုနှစ် အမျိုးသားစာပေဆုကို အကောင်းဆုံးရွေးချယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက ဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နိုင်ငံရေးစာပေဖတ်ကြားမည့် စာတမ်းရှင်များနှင့်တွေ့ဆုံပြီး နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းရန် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေ

**ဗီယင်ကျန်း ဇူလိုင် ၂၅**

(၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား အစည်းအဝေးတက်ရောက်နေမှုနှင့်ပတ်သက်၍ မေးမြန်းထားပါသည် -

ဆွေးနွေးပွဲမှာ တရုတ်နိုင်ငံဘက်က နေပြီးတော့ မြန်မာနဲ့ တရုတ်ဟာ အိမ်နီးနားချင်းနိုင်ငံဖြစ်တယ်။ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို သူတို့အလေးထားတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို တရုတ်နိုင်ငံကို အလည်အပတ်လာရောက်ဖို့ ဖိတ်ခေါ်တယ်ဆိုတာ သူတို့က တရားဝင်ပြောလာပါတယ်။

ဒီနေ့မနက်မှာတော့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ မွန်းလွဲပိုင်းမှာတော့ သီးသန့်အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အာဆီယံအစည်းအဝေးကိုတက်တဲ့အထဲမှာ သူ့ရဲ့ ပထမဦးဆုံး အစည်းအဝေးဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် အာဆီယံရဲ့ အနာဂတ်ကို သူဘယ်လိုမြင်တယ်ဆိုတာကို အဓိကထားပြီး ပြောသွားပါတယ်။

အာဆီယံအနေနဲ့ အားလုံးစည်းလုံးညီညွတ်ဖို့ လိုအပ်တယ်။ စည်းလုံးညီညွတ်မှသာ အာဆီယံရဲ့ပုံရိပ်ဟာ ကမ္ဘာ့နိုင်ငံတွေနဲ့ဆက်ဆံတဲ့အခါမှာ လေးစားမှုကို ခံယူရရှိမှာဖြစ်တယ်။ ခံယူနိုင်မယ်ဆိုတာကို အလေးထားပြောသွားပါတယ်။ ဒီနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံရဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့



**အမြဲတမ်းအတွင်းဝန်**
**ဦးအောင်လင်း**

အားလျော်စွာ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးတစ်ဦးအနေနဲ့ သူ အာဆီယံကို ဘယ်လိုမြင်တယ်၊ ဆက်လက်ပြီးတော့ အာဆီယံအသိုက်အဝန်းထူထောင်ရေးမှာ ဘယ်လိုပါဝင်မယ်ဆိုတာကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေကို ပြောကြားခွင့်ရတဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိတဲ့ အစည်းအဝေးဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တောင်တရုတ် ပင်လယ်ကိစ္စမှာလည်း အာဆီယံနဲ့ တရုတ်ဆက်ဆံရေးမှာ အဓိကအခန်းကဏ္ဍမှာပါတဲ့ဟာ မဟုတ်ပါဘူး။ အစိတ်အပိုင်းလေးတစ်ခုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ အာဆီယံနိုင်ငံတွေနဲ့အတူတူ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်တဲ့ကိစ္စကို အခုလည်းလုပ်မယ်၊ နောင်အနာဂတ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကို ထပ်လောင်းပြီးတော့ ပြောကြားခဲ့ပါတယ်။

**(သတင်းအဖွဲ့)**

## 2600 MHz Auction Framework ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် Stakeholder များနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ ပြန်လည်ရေးဆွဲထားသည့် 2600 MHz Auction Framework အား ထုတ်ပြန်ကြေညာပြီးဖြစ်သဖြင့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www.motc.gov.mm/news/ptd-news တွင် Download ရယူနိုင်ကြောင်း အသိပေးကြေညာထားသည်။

Expression of Interest (EoI) အား ဩဂုတ်လ ၉ ရက်နေ့တွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး ယခင် EoI တင်သွင်းပြီးဖြစ်သည့် လိုင်စင်ရရှိသူများအနေဖြင့်လည်း ထပ်မံပေးပို့တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။
**(မြန်မာ့အလင်း)**

## ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေများ စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၅** ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက် တစ်ပေခွဲခန့်စီတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် ဗန်းမော်မြို့တွင် နောက်တစ်ရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင်ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဗန်းမော်မြို့နယ်၊ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။
**(မြန်မာ့အလင်း)**

❀ ရှေ့ဖုံးမှ

ကို ဆောင်ရွက်သွားရေး၊ အထူးသဖြင့် ASEAN Infrastructure Investment Bank (AIIB) တည်ထောင်နိုင်ရေး၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် ဗီယင်ကျန်းမြို့၌ အာဆီယံ- တရုတ် Commemorative Summit ကျင်းပနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အပြင် ၂၀၁၆ ခုနှစ်တွင် အာဆီယံ-တရုတ်လူငယ်များ အပြန်အလှန်ပညာသင်စေလွှတ်နိုင်ရေး၊ ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သည့်အနေဖြင့် ၂၀၁၇ ခုနှစ်ကို အာဆီယံ-တရုတ်ခရီးသွားနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ရေး ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကနေဒါ၊ အာဆီယံ-ဂျပန်၊ အာဆီယံ-သြစတြေးလျ၊ အာဆီယံ-အမေရိကန်အစည်းအဝေးများသို့ တက်ရောက်သည်။

အာဆီယံ-ကနေဒါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် စွမ်းရည်မြှင့်တင်မှုဆိုင်ရာ အစီအစဉ်





ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-တရုတ် ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်
(သတင်းစဉ်)

အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်
(သတင်းစဉ်)

အာဆီယံ-ကနေဒါ ဝန်ကြီးအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်
(သတင်းစဉ်)

များ ပူးပေါင်းဆောင်ရွက်ရေး၊ ကနေဒါနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် သံတမန်ဆက်သွယ်မှုမြှင့်တင်ရေး၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် အကြိမ်(၄၀)မြောက် အာဆီယံ-ကနေဒါ Dialogue Relations ကျင်းပနိုင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

အာဆီယံ-ဂျပန် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် အာဆီယံဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ အထူးသဖြင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် စက်မှုကဏ္ဍ၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် အာဆီယံ-သြစတြေးလျ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဆောင်ရွက်ပြီး အမှာစကားပြောကြားရာတွင် လူမှု၊ ယဉ်ကျေးမှုနယ်ပယ်တွင် ကျောင်းသားများ အပြန်အလှန်ဖလှယ်မှုအစီအစဉ်၊ ပြည်သူချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ခြင်းဖြင့် ဒေသနှစ်ခုအကြား ချိတ်ဆက်ရေးတို့ကို






ဆောင်ရွက်ရန်အရေးကြီးကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ-သြစတြေးလျ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်အဝေးတွင် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

**(၉)ကြိမ်မြောက် မဲခေါင် - ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်**
(သတင်းစဉ်)

(၉)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၁၆- ၂၀၂၀) တို့ကို ဆွေးနွေးကြသည်။

(၉)ကြိမ်မြောက် မဲခေါင် - ဂျပန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်-ဂျပန် မဟာဗျူဟာသစ်(၂၀၁၅) နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး မဲခေါင်-ဂျပန် ပေါင်းစည်းဆောင်ရွက်ရေးအစီအစဉ်၊ မဲခေါင်-ဂျပန် လုပ်ငန်းစီမံချက်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အာဆီယံ-နယူးဇီလန် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အာဆီယံ-နယူးဇီလန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Saleumxay KOMMASIT က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲအပေါ် စာတမ်းရှင်များ၏ သဘောထားအမြင်များ

**တွေ့ဆုံမေးမြန်းသူ - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

ရန်ကုန် ဇူလိုင် ၂၅

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီ မှ ညနေ ၅ နာရီအတွင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲတွင် နိုင်ငံရေးစာပေ စာတမ်းရှင် ၁၈ ဦးက စာတမ်းပေါင်း ၁၈ စောင်ကို ဖတ်ကြားသွားမည်ဖြစ်ရာ စာတမ်းရှင်များ၏သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က သွားရောက်မေးမြန်း၍ ကောက်နုတ်ဖော်ပြလိုက်ရပါသည်။


ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)


ဦးကိုကိုလှိုင်(ကိုကိုလှိုင်)


ဦးမိုးမြင့်ဝင်း(မိုးမြင့်ဝင်း-နည်းပညာ)


ဦးအေးမောင် (အေးမောင်ကျော်)


ဦးသန်းအုန်း(မောင်ဇေယျာ)

**"နိုင်ငံရေးစာတမ်းဖတ်ပွဲက လုပ်ဖို့ကောင်းတာကြာပါပြီ"**

**ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)**

ရှေးခေတ် မြန်မာ့နိုင်ငံရေးစာပေစာတမ်းကို ဖတ်ပါမယ်။ စာတမ်းက ပုဂံခေတ်ကနေ ကုန်းဘောင်ခေတ်အထိ ရှေးခေတ် မြန်မာမင်းတွေခေတ်က နိုင်ငံရေးအကြောင်း ထင်ဟပ်စေမယ့် စာပေအကြောင်းကို ဖတ်ပါမယ်။ ကိုယ့်နိုင်ငံရဲ့စာပေသမိုင်း၊ နိုင်ငံရေးသမိုင်းကို အထူးသဖြင့် လူငယ်တွေ သိစေချင်ပါတယ်။ ရှေးမြန်မာစာပေတွေထဲမှာ မြန်မာမင်းတွေရဲ့ ပဒေသရာဇ်ခေတ်မှာ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်တဲ့ အုပ်ချုပ်တဲ့သူတွေ၊ အုပ်ချုပ်ခံတဲ့သူတွေ၊ စနစ်တွေ အဲဒါတွေကို သမိုင်းကြောင်း လေ့လာပြီး စာတမ်းဖတ်ပါမယ်။ ဒီနိုင်ငံရေး စာတမ်းဖတ်ပွဲက လုပ်ဖို့ကောင်းတာ ကြာပါပြီ၊ လုပ်သင့်လုပ်ထိုက်တဲ့ စာတမ်းဖတ်ပွဲပါ။ အရင်တုန်းက အခြေအနေအရ မလုပ်ဖြစ်ခဲ့တာ နေမှာပါ၊ တခြားခေါင်းစဉ်တွေနဲ့ အများကြီးလုပ်ခဲ့သလို နိုင်ငံရေးဆိုတာ အရေးကြီးတာဖြစ်တဲ့အတွက် နိုင်ငံရေးစာပေတွေကို လူငယ်တွေလည်း လေ့လာသင့်ပါတယ်၊ အများကြီး ထွက်သင့်တယ်၊ နိုင်ငံရေးစာပေစာတမ်းလုပ်တော့ နိုင်ငံရေးစာပေနဲ့ ပတ်သက်တဲ့ အသိအမြင်တွေကို လူငယ်တွေလည်း ပိုသိလာတာပေါ့၊ အင်မတန်ကောင်းပါတယ်။ ရှေးခေတ်က မြန်မာ့နိုင်ငံရေးနဲ့ ဆက်စပ်နေတဲ့ စာပေနဲ့ နိုင်ငံရေးဆက်စပ်ကြည့်တာပါ။ ဆက်စပ်ကြည့်တဲ့လမ်းကြောင်းကို ဒီစာတမ်းထဲ ရေးပြခြင်းအားဖြင့် ဆက်လေ့လာတဲ့လူတွေ၊ လူငယ်တွေအတွက် တစ်နည်းမဟုတ် တစ်နည်းအထောက်အကူဖြစ်မှာပါ။

**"သမိုင်းနှင့်ယှဉ်သည့် မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု ဗဟုသုတရမယ်ဟု မျှော်လင့်"**

**ဦးကိုကိုလှိုင်(ကိုကိုလှိုင်)**

ခေတ်ပြိုင် နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ စာတမ်းကို ဖတ်ပါမယ်။ ဒီစာတမ်းဖတ်ပွဲမျိုးလုပ်ဖြစ်တာ ကောင်းပါတယ်။ နိုင်ငံရေးစာပေနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုအနေနဲ့ ဘက်ပေါင်းစုံက ပညာရှင်တွေစာတမ်းပြုစုပြီးတော့ ဖတ်ကြားတဲ့အတွက် ရတောင့်ရခဲအခွင့်အရေးပါပဲ၊ စာတမ်းနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ဒီနေ့ခေတ်စားနေတဲ့၊ ပေါ်ပေါက်နေတဲ့ နိုင်ငံရေး အတွေးအခေါ်တွေနဲ့ပတ်သက်ပြီး ပြန်သုံးသပ်ပြီး တင်ပြထားတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံရေးအခြေအနေအရ အရှိန်အဟုန်ပြင်းပြင်းနဲ့ ပြောင်းလဲနေတယ်။ ပြောင်းလဲနေတာနဲ့ အညီ နိုင်ငံရေးအတွေးအခေါ်တွေကလည်း လိုက်လျောညီထွေနဲ့ တစ်ချိန်မှာခေတ်စားလာတဲ့ နိုင်ငံရေးအတွေးအခေါ်တွေ နောက်တစ်ချိန်ကျရင် ပစ်ပယ်လာကြတယ်။ အသုံးမဝင်ဘူး ဖြစ်လာကြတယ်။ ဒီနေ့ခေတ်မှာ အမျိုးမျိုးကွဲပြားနေတဲ့ နိုင်ငံရေး အတွေးအခေါ်တွေနဲ့ နိုင်ငံတွေကလည်း ဒီရေစီးကြောင်းထဲမှာ မျောပါနေကြတဲ့အတွက် ကိုယ့်နိုင်ငံ လက်ရှိအခြေအနေနဲ့ ဘယ်လိုဆက်သွားကြမယ်၊ ဘယ်လိုဆက်လုပ်ကြမလဲ။ ခေတ်ပြိုင် နိုင်ငံတကာ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေပေါ်မှာကြည့်ပြီး ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ ကိုယ့်နိုင်ငံယဉ်ကျေးမှု ရေမြေအနေအထားနဲ့ လိုက်လျောညီထွေမယ့် လမ်းကြောင်းကို ကိုယ့်ဘာသာကိုယ် ရှာဖွေပြီးတော့ ထူထောင်သွားကြဖို့ အရေးကြီးပါတယ်။ လမ်းကြောင်းမှားသွားလို့ရှိရင် အခုမြင်တွေ့နေရတဲ့ နိုင်ငံတကာအခြေအနေထဲမှာလို ဒုက္ခ၊ သုက္ခ လမ်းကြောင်းတွေဖြစ်သွားမယ်။ ဒါတွေကို သတိထားမိစေချင်လို့ စာတမ်းဖတ်တာဖြစ်ပါတယ်။ လူငယ်တွေ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဗဟုသုတလေးတွေ၊ သမိုင်းနဲ့ယှဉ်ပြီး မြန်မာ့နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုတွေနဲ့ပတ်သက်ပြီး ဗဟုသုတရသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**"ပါတီစုံဖြစ်တဲ့အတွက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ လိုအပ်တယ်"**

**ဦးမိုးမြင့်ဝင်း(မိုးမြင့်ဝင်း-နည်းပညာ)**

ဖဆပလဝန်ကြီးချုပ် သခင်နု ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှု လေ့လာသုံးသပ်ချက် စာတမ်းကို ဖတ်ပါမယ်။ ဒီစာတမ်းကိုရည်ရွယ်ချက်တစ်ခုအနေနဲ့ရေးတာပါ။ အခုအချိန်မှာ အမျိုးသားရင်ကြားစေ့ရေးလုပ်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီစာတမ်းက သခင်နုလုပ်သွားတဲ့ လွန်ခဲ့တဲ့ ၅၈ နှစ်က လုပ်ခဲ့ဖူးပါတယ်။ အမှားအမှန်တွေရှိတယ်။ အခု ပြန်တွေးတာပါ၊ သခင်နု ဘာမှားလဲ၊ ဒီစာတမ်းထဲမှာပါပါတယ်။ အမှားအမှန်တွေကို လက်ရှိငြိမ်းချမ်းရေး ဆောင်ရွက်နေတဲ့သူတွေက သခင်နု ဆောင်ရွက်ချက်ထဲက အားနည်းချက်တွေပြင်ပြီး ဆောင်ရွက်ဖို့ ဒါကိုတင်ပြတဲ့ စာတမ်းဖြစ်ပါတယ်။ အရင်တုန်းကတော့ တစ်ပါတီစနစ်၊ အဲဒီရဲ့အကျိုးသက်ရောက်မှုနဲ့ ဒါကတော့ မလုပ်ကြဘူး၊ တစ်ပါတီလမ်းစဉ်အတိုင်း ဒီလိုသွားတာပေါ့၊ အခုတော့ ပါတီစုံစနစ်ဖြစ်သွားတော့ နိုင်ငံရေးပါတီတွေ ပေါ်လာတယ်။ အဲဒီတော့ ပါတီစုံစနစ်က နိုင်ငံရေးပါတီတွေက အားပြိုင်လာတယ်။ အပြိုင်အဆိုင်လုပ်တယ်၊ လူထုကို အကျိုးမပြုတဲ့ ပြိုင်ဆိုင်မှုရှိတတ်တယ်။ လူထုကို အကျိုးပြုတဲ့ ပြိုင်ဆိုင်မှုသာ ဖြစ်ရမယ်။ ပါတီစုံဖြစ်တဲ့အတွက် နိုင်ငံရေးစာပေစာတမ်း ဖတ်ပွဲ လိုအပ်တယ်။ ပါတီစုံစနစ်နဲ့လျော်ညီစွာ နိုင်ငံရေး စာပေစာတမ်း ဖတ်ပွဲက ပထမဆုံးဖြစ်လာတယ်။ ရှေ့လျှောက်လည်း နှစ်စဉ် နှစ်တိုင်းလည်းဖြစ်စေဖို့ မေတ္တာရပ်ခံတယ်၊ မျှော်လင့်ပါတယ်။ လူငယ်တွေက ပညာသင်ဖို့ဆိုပေမယ့် နိုင်ငံရေး အသိလေးတော့ ရှိသင့်တယ်၊ မရှိတော့ အရင်တုန်းက အမှားတွေ လုပ်မိတယ်။ နိုင်ငံရေးအသိမရှိဘဲနဲ့ နိုင်ငံရေး ဆန်တဲ့ကိစ္စတွေ လုပ်ရင်းကနေ မှားသွားကြတယ်။ လူငယ်တွေလည်း နိုင်ငံရေးအသိလေးတော့ နည်းနည်းရှိစေချင်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်တာပါ။ ဒီနှစ်မှာဖြစ်လာတာပါ။ အားလုံးစာတမ်း ၁၈ စောင် ဖတ်ကြားမယ်။ ဇူလိုင် ၂၉၊ ၃၀၊ ၃၁ ရက်မှာတော့ ပရိသတ်စုံစုံညီညီနဲ့ လာရောက်လေ့လာကြပါလို့ ပြောချင်ပါတယ်။

**"ဘက်ပေါင်းစုံကလာတဲ့ အတွေးအမြင်တွေပါလာမယ်။ လူငယ်တွေအတွက် အကျိုးရှိပါလိမ့်မယ်"**

**ဦးအေးမောင် (အေးမောင်ကျော်)**

လစ်ဘရယ် ဒီမိုကရေစီကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း စာတမ်းဖတ်မှာပါ။ လစ်ဘရယ်ဒီမိုကရေစီဆိုတာ အခုသွားနေတဲ့လမ်းကြောင်းပေါ် အခြေခံပြီး သွားကြတာပါ။ လစ်ဘရယ်ဒီမိုကရေစီကောက်ကြောင်းကို ယူထားတာပါ။ ဒါ ဉာဏ်သစ်လောင်းခါစက အတွေးအခေါ်တွေ ဒီနေ့ခေတ်အထိ အတွေးသဘောတွေဆက်ခံပြီးတော့ နိုင်ငံရေးပုံစံတွေ ဖန်တီးကြတယ်။ နိုင်ငံတည်ဆောက်ပုံတွေ ဖန်တီးကြတယ်။ အဲဒီအစဉ်အလာတွေကို အခုလုပ်နေတဲ့ ဒီအစဉ်အလာတွေအောက်မှာလုပ်တာပါ။ အဲဒီအတွင်းသဘောတွေ၊ အငွေ့အသက်တွေပါတဲ့ ပုံစံနဲ့ နိုင်ငံကိုတည်ဆောက်ဖို့ ရည်ရွယ်ချက်နဲ့ရေးတဲ့သဘောပါ။ နိုင်ငံရေးစာတမ်းဖတ်ပွဲက ပထမဆုံးအကြိမ် ဖြစ်တယ်။ အရင်အစိုးရလက်ထက်မှာလည်း မလုပ်ခဲ့ရဘူး။ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပါတယ်။ နိုင်ငံရေးစာပေတွေ အရင်က မရှိဘူးလားဆိုတော့ ရှိတယ်။ သေချာပွင့်လင်းဝေဆာတဲ့ ပုံစံမျိုးမဟုတ်ခဲ့ဘူး။ အခုလို စာတမ်းတွေ ဖတ်ကြတော့ အကြောင်းအရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ပြည်သူတွေလေ့လာနိုင်ပါတယ်။ အကျိုးကျေးဇူးတွေရလာမှာပါ။ အဲဒီစာတမ်း ၁၈ စောင်မှာ ကဏ္ဍတွေတော်တော်အစုံ ပါပါတယ်။ မြန်မာပြည်ရဲ့ သမိုင်းကြောင်းတွေလည်း ပါတယ်။ နောက်စာပေသမိုင်းကြောင်းတွေ၊ ကဗျာဆိုင်ရာတွေ၊ နိုင်ငံရေးပါမယ်၊ နိုင်ငံရေးမှာလည်း နိုင်ငံတကာ နိုင်ငံရေးအတွေးအမြင်တွေပါမယ်။ နိုင်ငံတကာ သွားနေတဲ့ လမ်းကြောင်းတွေလည်းပါမယ်။ ပြည်တွင်းအခြေအနေ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့ တော်တော်တန်တန် စုံစုံလင်လင် ရှိတယ်လို့ ပြောလို့ရတယ်။ စာတမ်းတွေက ဘက်ပေါင်းစုံက အပြည့်စုံကြီးမဟုတ်ပေမယ့် တော်တော်တန်တန် ခြုံငုံမိတဲ့ သဘော ရှိပါတယ်။ စာတမ်းတွေ အားလုံးကြည့်လိုက်မယ်ဆိုရင် ပေါ့၊ အကျိုးသက်ရောက်မှုလည်း ရှိမှာပါ။ အခုခေတ်မှာတော့ အရင်တုန်းကလို တံခါးပိတ်ထားတဲ့အခြေအနေ မဟုတ်ဘူး၊ သူတို့မှာလေ့လာစရာတွေ အများကြီးရှိပါတယ်။ အရင်ခေတ် လူငယ်တွေထက်စာရင် ပိုပြီးအသိဉာဏ်ကြွယ်ဝမှုရှိတယ်။ ပိုပြီး ဗဟုသုတပိုများတယ်။ သို့သော်ငြားလည်း နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲတွေလုပ်တဲ့အခါမှာ ဘက်ပေါင်းစုံကလာတဲ့ အတွေးအမြင်တွေပါလာမယ်။ သတင်းစကားတွေ အများကြီး ရလာလိမ့်မယ်။ လူငယ်တွေအတွက် အကျိုးရှိပါလိမ့်မယ်။ ဖေ့စ်ဘုတ်တို့က ရတဲ့သတင်းတွေရှိတယ်။ အခု စာတမ်းဖတ်ပွဲမှာ အဲဒီကမပါတဲ့ အဖိုးတန်တဲ့ဗဟုသုတတွေရမယ်လို့ ထင်ပါတယ်။ စာတမ်းဖတ်ပွဲက ပထမဆုံးအကြိမ်လည်းဖြစ်တယ်။ အချိန်လည်း လုံလုံလောက်လောက် မရဘူး။ လူလည်း ကျယ်ကျယ်ပြန့်ပြန့်မပါနိုင်ဘူး။ တကယ်တမ်းဆိုရင် ဒီထက်ကျယ်ပြန့်တဲ့၊ အပြင်မှာ ရေးသားနိုင်တဲ့ ပညာရှင်တွေအများကြီးရှိတယ်။ သူတို့ဖိတ်ခေါ်ပြီး ထပ်လုပ်သွားကြရင် ပိုပြီးကောင်းမှာပါ။

**"နိုင်ငံရေးအတ္ထုပ္ပတ္တိ စာပေနှင့် နိုင်ငံရေးကဆက်နွှယ်နေ"**

**ဦးသန်းအုန်း(မောင်ဇေယျာ)**

မြန်မာ့နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)စာတမ်း ဖတ်ကြားပါမယ်။ ၂၀၁၀ နောက်ပိုင်း စာအုပ်စာတမ်းက ဖတ်ရမှာ အလွန်များတဲ့အတွက် စာတမ်းကို ၁၉၃၇ ကနေ ၁၉၈၇-၈၈ မှာဆုံးထားပါတယ်။ မြန်မာ့နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေဆိုတာ အတ္ထုပ္ပတ္တိကတော့ စာဖတ်သူတွေတင်မက ဒီခေတ်မှာတော့ အတ္ထုပ္ပတ္တိစာပေကို လူကြိုက်များတယ်။ ဖတ်သင့်ဖတ်ထိုက်တဲ့ စာပေအမျိုးအစားပါ။ ဒီထဲမှာ နိုင်ငံရေးပါတဲ့အတွက် လူတော်တော်များများ စိတ်ဝင်စားမှာပါ။ နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေလို့ပြောတဲ့အတွက် နိုင်ငံရေးသမားတွေရဲ့ အတ္ထုပ္ပတ္တိကို စာပေမြောက်အောင် ဦးစားပေးရေးထားပါတယ်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေနဲ့ နိုင်ငံရေးက ဆက်နွှယ်နေတဲ့အတွက် နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေဖတ်ခြင်းဖြင့် နိုင်ငံရေးကိုလူငယ်တွေ နားလည်စေပါတယ်။ အထူးသဖြင့် ဒီနေ့အချိန်အခါမှာ နိုင်ငံရေးစနစ်ပြောင်းလာတာနဲ့အမျှ နိုင်ငံရေးအခန်းကဏ္ဍက ပိုအရေးပါလာတယ်။ နိုင်ငံရေးသမားတွေရဲ့ အခန်းကဏ္ဍပိုအရေးကြီးလာတယ်။ နိုင်ငံရေးသမားတွေရဲ့ အတ္ထုပ္ပတ္တိကိုဖတ်ခြင်းအားဖြင့် စံပြုဖို့ရနိုင်တဲ့ စိတ်ဓာတ်တွေ လုပ်ရပ်တွေကို ဒီစာတမ်းကနေရနိုင်လိမ့်မယ်လို့ ရည်ရွယ်ထားတယ်။ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေက ၂၀၁၀ နောက်ပိုင်းမှာ ပြန်ပြီး ဖွံ့ဖြိုးလာတယ်။ လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကတော့ အတော်အားနည်းခဲ့တယ်။ အမျိုးသားစာပေဆုမှာလည်း နိုင်ငံရေးစာပေက နှစ်တိုင်းမပေးနိုင်ခဲ့ဘူး။ အခုပြန်ပေးလာတဲ့အတွက် ပြည်သူလူထုက နိုင်ငံရေးနဲ့နည်းနည်းဝေးတယ်။ စာတမ်းဖတ်ပွဲလုပ်ခြင်းအားဖြင့် စာအုပ်တွေလည်း ထုတ်လို့ရပြီဖြစ်တဲ့အတွက် ပြည်သူအတွက် အကျိုးကျေးဇူးရပါလိမ့်မယ်။ စာတမ်းဖတ်ပွဲက အချိန်ရော လူပါ ယူရတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တစ်နှစ်ကို သုံးကြိမ်လုပ်ပေးသင့်ပါတယ်။ အရင်တုန်းက စာပေဗိမာန်က စာတမ်းဖတ်ပွဲတွေလုပ်ပေးတယ်။ အခုတော့ ပြန်ကျင်းပနေပါပြီ၊ စာတမ်းဖတ်ပွဲလုပ်ပေးခြင်းဖြင့် စာဖတ်ဝါသနာမပါသူအတွက် စာတမ်းဖတ်ပွဲကို နားထောင်ခြင်းဖြင့် စာအုပ်ဖတ်စရာမလိုဘဲ အသိပညာတွေ ရသွားနိုင်ပါတယ်။ ဒီနေ့ခေတ်မှာ လူတွေကစာဖတ်ဖို့အချိန် ဆင်းရဲပါတယ်။ စာတမ်းဖတ်ပွဲရှိခြင်းအားဖြင့် ဝါသနာပါတဲ့သူတွေ၊ စာဖတ်ဖို့အချိန်မရတဲ့သူတွေအတွက် အကျိုးကျေးဇူးရှိပါတယ်။ ဒီနေ့ခေတ်လူငယ်တွေကလည်း သမိုင်းနဲ့အတ္ထုပ္ပတ္တိ စိတ်ဝင်စားကြတယ်။ နိုင်ငံရဲ့ သမိုင်းပဲဖြစ်ဖြစ်၊ နိုင်ငံရေးပဲဖြစ်ဖြစ် အယူအဆမှုမှုတတ မဖော်ပြနိုင်တာ ကြာပြီဖြစ်တဲ့အတွက် ဒီနေ့ ဒီအချိန်မှာ ဒီစာပေမျိုးက လိုအပ်တယ်။ စာတမ်းဖတ်ပွဲကနေ အင်မတန်အကျိုးကျေးဇူးတွေ ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**မုတ်သုံလေအားနည်းနေမည်**

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ **(မိုး/ဇလ)**

# မင်းကင်းမြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ စတင်ကျင်းပရာ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကြယ်ပွင့်ပြ မေးခွန်းခြောက်ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသည့် ဥပဒေကြမ်းနှစ်ခုကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ဖြစ်သည့် ဗိုလ်မှူးချုပ် ဝင်းကိုကိုနှင့် ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင်တို့က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်သူ့ဆန္ဒသဘောထားများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ခံစားနေရသည့် အခက်အခဲများ၊ အကျပ်အတည်းများ၊ ပြဿနာများအား မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများအဖြစ်ပြောင်းလဲပြီး လွှတ်တော်တွင် တင်သွင်းဆောင်ရွက်ကြရခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာတွင် ကောင်းစေချင်သည့် စိတ်ရင်းစေတနာ အမှန်ဖြင့် ဆောင်ရွက်ကြသည်ဆိုခြင်းကို နားလည်သော်လည်း ကိုယ်စားလှယ်များသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်လမ်းမှန်ဖြင့် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးသည်ကို ပြောကြားလိုပါကြောင်း၊ ပြည်သူများက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် အရည်အချင်းပြည့်ဝနေမှသာ ဥပဒေပြုရေး မဏ္ဍိုင်၏ ဂုဏ်သိက္ခာ ဆက်လက်မြင့်မားနေမည်ဖြစ်ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ် သည့် ဥပဒေပြုရေးတာဝန်ကို ပီပြင်စွာ ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မြင့်၏ **မင်းကင်းမြို့တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက်ကြောင့် ကြန့်ကြာရသည်၊ မည်သည့်အချိန်တွင် ဓာတ်အားဖြန့်ဖြူးမှု ဆောင်ရွက်နိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မင်းကင်းမြို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ဘုတလင်-ကနီ- မင်းကင်း ဓာတ်အားလိုင်း ၆၆ ဒသမ ၇


ဦးဖေဇင်ထွန်း
ပြည်ထောင်စုဝန်ကြီး

မိုင်နှင့် မင်းကင်းဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းအတွက် ဝယ်ယူထားသောပစ္စည်းများ ရောက်ရှိထားသော်လည်း ၂၀၁၅ ခုနှစ် မိုးရာသီတွင် မိုးများ၍ လမ်းများပျက်စီးပြီး ကားများ သွားလာ၍မရသဖြင့် ပစ္စည်းများကို လုပ်ငန်းခွင်သို့ ပို့ဆောင်၍မရခြင်း၊ ဓာတ်အားလိုင်း တည်ဆောက်ရန် တောင်ကုန်း၊ တောင်တန်းများကို ဖြတ်သန်းရခြင်းနှင့် တောင်ထိပ်ပေါ်သို့ ကွန်ကရစ်တိုင်များကို ခက်ခဲစွာသယ်ယူရခြင်း၊ စီမံကိန်းအတွက် လျာထားရန်ပုံငွေ လုံလောက်စွာမရရှိခြင်း စသည်တို့ကြောင့် ကြန့်ကြာရခြင်း ဖြစ်ပါကြောင်း ။

ထို့အပြင် ဓာတ်အားလိုင်းတည်ဆောက်မည့် လမ်းအူကြောင်းသည် ချင်းတွင်းမြစ်ကျော် တာဝါတိုင်ကြီးများ ဖြတ်သန်းတည်ဆောက်ရမည်ဖြစ်သဖြင့် မြစ်ကျော်တာဝါတိုင်ကြီးများအား ဒီဇိုင်းရေးဆွဲ၍ အမြန်ရရှိအောင် စီမံဆောင်ရွက်ခဲ့ရပါကြောင်း၊ ယနေ့အထိ ၆၆ ကေဗွီ ဘုတလင်-ကနီ- မင်းကင်း ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုမှာ ၇၂ ဒသမ ၈၃ ရာခိုင်နှုန်းနှင့် မင်းကင်းဓာတ်အားခွဲရုံမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ယခုနှစ် မိုးရာသီတွင်လည်း မိုးများ သည်းထန်စွာရွာသွန်း၍ တည်ဆောက်ရေး လုပ်ငန်းများအား ခက်ခဲစွာဆောင်ရွက်နေရပါသဖြင့် မင်းကင်းမြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **မဏိပူရစီမံကိန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ဒေသခံများနှင့် နိုင်ငံတော်အတွက် ရေရှည်တွင် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသဖြင့် ပြည်သူလူထုအတွင်း ပွင့်လင်းမြင်သာစွာချပြပြီး ဆောင်ရွက်ရန် ရှိ၊ မရှိ သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မဏိပူရစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ကာ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင် နိုင်ငံတော်သမ္မတ၏ စစ်ကိုင်းတိုင်းဒေသကြီး ရေကြီးမှုဖြစ်စဉ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မဏိပူရစီမံကိန်း၏ တာတမံပိုင်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းပိုင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသဖြင့် စိန်အင်တာပရိုက်ကုမ္ပဏီ၊ China Harbour Engineering Co.Ltd ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ အတည်ပြုချက် ရယူပြီးပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့နှင့်**စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ**

# ခရမ်းနှင့် သုံးခွမြို့နယ်အတွင်း လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှသက်သာရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် အခြေခံကာဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **“ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဒဏ်ခံနေရခြင်းအပေါ် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ရန်ကုန်တိုင်းဒေသကြီး ခရမ်းနှင့် သုံးခွမြို့နယ်များတွင် တည်ဆောက်ထားသော ရေထိန်းတံခါးများ၊ ရေနုတ်မြောင်းများ၊ ရေငန်တားတာများသည် ဒေသနေ ပြည်သူများအတွက် ရေချိုပေးပို့ရန်၊ ရေချိုထိန်းသိမ်းရန်၊ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်နှင့် မိုးရာသီရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် စသည့်အချက်များအပေါ် အခြေခံ၍ တည်ဆောက်ပေးထားခြင်းဖြစ်၍ မူလတည်ဆောက်ခဲ့သည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များအတိုင်း အကျိုးပြုနိုင်စေရန်အတွက် ရေထိန်းတံခါးများ အကြီးစားပြုပြင်ပေးခြင်း၊ ဆက်စပ်ရေနုတ်မြောင်း


ဒေါက်တာ အောင်သူ
ပြည်ထောင်စုဝန်ကြီး

များနှင့် ရေသွင်း၊ ရေထုတ်မြောင်းများ တူးဖော်ပေးခြင်းဖြင့် ခရမ်းနှင့် သုံးခွမြို့နယ်အတွင်းမှ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေနိုင်မည်ဖြစ်သောကြောင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရန်ပုံငွေရရှိမှုအပေါ် အခြေခံကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုများပြားသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြန်လည်ထူထောင်ရေးအတွက် စုစုပေါင်း ထွန်စက်အစီး ၈၀ ဖြင့် သဲ၊ ကျောက်၊ သစ်တုံးဖယ်ရှားခြင်း ၁၆၁၆ ဧက၊ နုန်းဖယ်ခြင်း ၂၅၆၃ နာရီ၊ ကန်သင်းဖော်မြေညှိခြင်း ၆၇၀၅ ဧက၊ မိုးစပါးစိုက်ပျိုးရန် ၆၁၆၂ ဧက ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် ဆောင်းသီးနှံစိုက်ပျိုးရန် ၁၃၆၅၃ ဧက ထွန်ယက်ခြင်း၊ ရေနစ်ပျက်စီးခဲ့သော တောင်သူပိုင်လယ်ယာသုံး စက်ကိရိယာများဖြစ်သော ထွန်စက် ၁၂ စီး၊ လက်တွန်းထွန်စက် ၁၂၃၉ စီး၊ ရေစုပ်စက် ၁၇၇ လုံးတို့ကို ဌာနရှိ ကျွမ်းကျင်ပြင်ဆင်ရေး ဝန်ထမ်းများဖြင့် ကျေးရွာများသို့ကွင်းဆင်း၍ ပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထွန်စက်အသစ် ၇၅ စီး ထပ်မံဖြည့်ဆည်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိုးစပါးစိုက်ပျိုးနိုင်ရန် ၁၄၇၀၁ ဧကကို ကန်သင်းဖော်မြေညှိခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကွေးတိုင်းဒေသကြီးတွင် စုစုပေါင်း ထွန်စက် အစီး၆၀ ဖြင့် မိုးစပါးစိုက်ပျိုးရန် ၆၉၀၂ ဧက ထွန်ယက်ခြင်းနှင့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်အသစ် ၃၅ စီး ထပ်မံဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်ဒေသများဖြစ်သော ကျောက်တော်၊


မဲဆန္ဒနယ် အမှတ်(၇)မှ ဦးရဲမြင့်စိုး
ရန်ကုန်တိုင်းဒေသကြီး

မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်းနှင့် ဘူးသီးတောင်မြို့နယ်များရှိ ထိခိုက်ပျက်စီးသွားသော လယ်မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်စက် ၂၅ စီးနှင့် တောင်သူများအတွက် လိုအပ်သော ဒေါင်ဖန်းလက်တွန်းထွန်စက် အစီး ၁၀၀ ကို ရန်ကုန်မှ ကျောက်တော်မြို့သို့ ရေကြောင်းခရီးဖြင့် ပေးပို့ခဲ့ပြီး မိုးစပါးစိုက်ပျိုးရန် ဧက ၁၂၈၀ ထွန်ယက်ပေးခဲ့ပါကြောင်း၊ ယခုနှစ် မိုးစပါး စိုက်ပျိုးနိုင်ရေးအတွက်လည်း လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ထွန်စက်အသစ် အစီး ၂၀ ထပ်မံဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးရန် ရန်ပုံငွေခွင့်ပြုချက်များ ရရှိပြီးဖြစ်၍ ၂၀၁၆ မိုးချေးငွေများကို ၂၀၁၆ ခုနှစ် မေလ ၁၆ ရက်နေ့မှ စတင်ထုတ်ချေးနေပြီဖြစ်ကြောင်းနှင့် ယခင်က မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးခဲ့ရာမှ ယခုနှစ်မှစ၍ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ပိုမိုထုတ် ချေးလျက်ရှိကြောင်း။

စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးသွားသောသီးနှံများ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် မျိုးအတွက် လိုအပ်သည့်ငွေများကို နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေကျပ်နှင့် ပြည်ထောင်စုရန်ပုံငွေတို့မှ ငွေကျပ် ၈၁၁ ဒသမ ၁၀၂ သန်း ပံ့ပိုးပေးခဲ့ပါကြောင်း။

ထို့အတူ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့မှ ကယားပြည်နယ်တွင် ငွေကျပ် ၇ ဒသမ ၉၃၂ သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ငွေကျပ် ၁၂၃၄ ဒသမ ၀၉၃ သန်း၊ မကွေးတိုင်းဒေသကြီးတွင် ငွေကျပ် ၄၀၆ ဒသမ ၀၅၈ သန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၇ ဒသမ ၅၂၄ သန်း၊ မွန်ပြည်နယ်တွင် ငွေကျပ် ၃ ဒသမ ၅၀ သန်း၊ ရခိုင်ပြည်နယ်တွင် ငွေကျပ် ၁၆၈၈ ဒသမ ၄၃၀ သန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ် သန်း ၃၀ နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ငွေကျပ် သန်း ၃၀ စုစုပေါင်း ငွေကျပ် ၄၂၁၈ ဒသမ ၆၃၉ သန်းကို ထောက်ပံ့ငွေအဖြစ်ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ထောက်ခံတင်ပြချက်များဖြင့် ပံ့ပိုးကူညီခဲ့ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **“၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံနှင့်အဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့ရသည့် စိုက်ပျိုးသီးနှံများ၊ ရွှံ့ညွန်သဲများ၊ သစ်တုံးကြီးများ ဖုံးလွှမ်းသွား၍ စိုက်ပျိုးရန်ခက်ခဲသွားသည့် လယ်ယာမြေများနှင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကာယကံရှင် တောင်သူလယ်သမားများ အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့သော ပံ့ပိုးကူညီမှုအစီအမံများ ပြုလုပ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်ခမ်းက **“ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက် / ကျေးရွာများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်း ဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင် ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့်အဆို”**ကို တင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# မျက်ရည်ယိုဗုံးဖောက်ခွဲလေ့ကျင့်ခန်းပြုလုပ်မှုနှင့်ပတ်သက်၍ အမေရိကန်သံရုံးမှ ပြန်လည်တောင်းပန်

**နေပြည်တော် ဇူလိုင် ၂၅**
အမေရိကန်သံရုံး၌ ပုံမှန်လုံခြုံရေးလေ့ကျင့်မှုတစ်ရပ်ကို ဇူလိုင် ၂၄ ရက် ည ၈နာရီခန့်က ပြုလုပ်ခဲ့ရာတွင် မျက်ရည်ယိုဗုံးဖောက်ခွဲလေ့ကျင့်မှုကြောင့် လမ်းသွားလမ်းလာနှင့် သံရုံးအနီးပတ်ဝန်းကျင်တွင် နေထိုင်သောပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ ယနေ့တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တောင်းပန်လွှာစာတစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ တောင်းပန်လွှာတွင် ဇူလိုင် ၂၄ ရက် တနင်္ဂနွေညပိုင်းက ရန်ကုန်မြို့အမေရိကန်သံရုံး၌ ပုံမှန်လုံခြုံရေး လေ့ကျင့်မှုတစ်ရပ် ပြုလုပ်ခဲ့ရာတွင် အမှုမဲ့အမှတ်မဲ့ဖြစ်ကာ လမ်းသွားလမ်းလာများနှင့် သံရုံးအနီးအနား ပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများအတွက် ကသိကအောက်ဖြစ်၍ အဆင်မပြေမှုများ ဖြစ်စေခဲ့ကြောင်း၊ ဤဖြစ်စဉ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်း မရှိသလို၊ သံရုံး၏လုပ်ငန်းဆောင်တာများလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ဖြစ်ပွားခဲ့ရခြင်းအတွက် သံရုံးအနီးတစ်ဝိုက် ပတ်ဝန်းကျင်အတွင်း နေထိုင်ကြသူများနှင့် ဤနေရာအတွင်း ရောက်ရှိခဲ့ကြသူများအားလုံးကို မိမိတို့တောင်းပန်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**



# ပန်းဆိုးတန်းဆိပ်ခံတံတားသစ် ဩဂုတ်လအတွင်း ပြီးစီးမည်

**ရန်ကုန် ဇူလိုင် ၂၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး လက်အောက်ရှိ တည်ဆောက်လျက်ရှိသည့် ပန်းဆိုးတန်းဆိပ်ခံတံတားမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ဩဂုတ်လအတွင်း ဖွင့်လှစ်နိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပန်းဆိုးတန်းဆိပ်ခံတံတားကို ယနေ့ မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ တာဝန်ရှိသူများသည် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ဩဂုတ်လကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပန်းဆိုးတန်းဆိပ်ခံတံတားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက New Downtown Development Public limited က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတည်ဆောက်ရေးလုပ်ငန်းခွင်တွင် အလျားပေ ၂၀၀× အနံ ပေ ၁၀၀ ရှိ အာစီတစ်ထပ်ခွဲ ခရီးသည်နားနေဆောင် (Ferry terminal Building) တစ်လုံး၊ အလျားပေ ၆၀×အနံ ပေ ၃၀ ရှိတစ်ထပ်ခွဲ ရုံးအဆောက်အအုံတစ်လုံး၊ မြစ်ကမ်းဘက်အခြမ်းတွင် ဗောနှင့်တွဲလျက် အတက်အဆင်း အလျားမီတာ၅၀×အနံ ၈ မီတာရှိ ဆိပ်ခံဗောတံတားနှစ်စင်း၊ သံမဏိပေါင်းကူးတံတား နှစ်ခုပါဝင်ကြောင်း သိရသည်။ ယခုအခါ ဆိပ်ကမ်းပတ်ဝန်းကျင်မြေယာရှုခင်းနှင့် အချောသပ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆိပ်ခံတံတား ပြီးစီးသွားပါက လက်ရှိအသုံးပြုနေသော ပန်းဆိုးတန်းဆိပ်ခံတံတားကို အသုံးမပြုတော့ဘဲ ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသော ချယ်ရီသင်္ဘောများသည် ဆိပ်ခံတံတားအသစ်မှ ဆိုက်ကပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းဆိုးတန်းနှင့် ဒလမြို့အကြား နေ့စဉ် ဂျပန်နိုင်ငံမှ လက်ဆောင်ပေးသော ချယ်ရီသင်္ဘောများဖြင့် ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်သုံးသောင်းမှ လေးသောင်းအကြား ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ဆိပ်ခံတံတားသစ်ကြီး ပြီးစီးသွားပါက ဒလနှင့် ရန်ကုန်မြို့တို့မှ ခရီးသွားပြည်သူများသည် ခရီးသည် ရေယာဉ်အသစ်များအပြင် ဆိပ်ကမ်းအသစ်ကြီးဖြင့် ဝင်ထွက်သွားလာခွင့်ရရှိမည်ဖြစ်၍ ခရီးသွားပြည်သူများ သက်သောင့်သက်သာ ရှိလာမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိဆိပ်ခံတံတားဟောင်းမှာ တံတားတစ်စင်းသာရှိ၍ အတက်အဆင်း ခရီးသွားလာမှုအတွက် စောင့်ဆိုင်းမှုများ ပြုလုပ်နေရကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပို့ကုန်ပမာဏ တိုးတက်မြင့်မားစေရန် ကုန်သွယ်မှုဗဟိုဌာနများ တိုးချဲ့ဖွင့်လှစ်မည်

**မန္တလေး ဇူလိုင် ၂၅**
ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်ရရှိရန် စီးပွားရေးနှင့်ကုန်သွယ်ရေး သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့်ကုန်သွယ်မှုမြှင့်တင်ပေးခြင်းတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် Trade Center (ကုန်သွယ်ရေးဗဟိုဌာန) များ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုနှစ်အတွင်း ဌာန ၁၁ ခုအထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဟု စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ဒုတိယဦးစီးမှူး ဦးဇော်မင်းသန်းက ပြောသည်။

"Trade Center မှာ နမူနာကုန်ပစ္စည်းနဲ့ဈေးနှုန်း၊ ထွက်ရှိရာဒေသနဲ့ ဆက်သွယ်ဖို့ လိပ်စာတွေကို Trade Center က မှတ်တမ်းယူထားပြီး တစ်ဖက်နိုင်ငံ ကုန်သည်တွေက ဝယ်ချင်တယ်ဆိုရင် ချိတ်ဆက်ပေးမယ်။ ကျွန်တော်တို့ဌာန ငွေကြေးအတွက် မဟုတ်ဘဲ ပို့ကုန်ပမာဏ တိုးတက်မြင့်မားဖို့ ချိတ်ဆက်တဲ့ဝန်ဆောင်မှု လုပ်ပေးတာပါ"ဟု ၎င်းကပြောသည်။

ဖွင့်လှစ်ပြီးသည့် ကုန်သွယ်မှုဗဟိုဌာနများမှာ ရန်ကုန်မြို့တွင် မြန်မာကုန်သွယ်မှုဗဟိုဌာန၊ မန္တလေးမြို့တွင် ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ မြစ်ကြီးနားတွင် မနောမြေကုန်သွယ်မှုဗဟိုဌာန၊ မုံရွာတွင် ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ ပုသိမ်မြို့တွင် ရောကုန်သွယ်မှုဗဟိုဌာန၊ မကွေးတွင် ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန၊ လွိုင်ကော်တွင် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနနှင့် မူဆယ်တွင် မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာနတို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ရခိုင်ပြည်နယ်တွင် သဇင်မြေကုန်သွယ်မှုဗဟိုဌာနနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတို့ကို ယခုနှစ်အတွင်း ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ဝယ်သူနဲ့ ရောင်းသူကို တိုက်ရိုက်ချိတ်ဆက်ပြီး ကုန်သွယ်မှုမြှင့်တင်ပေးမှာပါ။ တခြားနိုင်ငံတွေမှာ သွားရောက်လေ့လာနိုင်အောင် စီစဉ်ပေးမယ်။ တစ်ပိုင်တစ်နိုင်ပြပွဲတွေလုပ်ပေးမယ်။ ကိုယ်တိုင်မပြနိုင်ရင်တောင် ကျွန်တော်တို့က ကိုယ်စားပြသပေးမှာဖြစ်တယ်"ဟု ဆက်လက်ပြောကြားသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ အသိပညာပေးလုပ်ငန်းများအပြင် တစ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အရည်အသွေးသတ်မှတ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများ၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို အပြန်အလှန် အသိပေးဖလှယ်ခြင်းတို့ကို ကုန်သွယ်မှုဗဟိုဌာနများက လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

*✱ ကျောဖုံးမှ*

မြစ်ရေများ ဝင်ရောက်လျက်ရှိပြီး ဒေသခံများအတွက် အခက်အခဲများ ကြုံတွေ့နေရ၍ ညောင်ဦးမြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းဒုရဲအုပ် သန်းဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက အချိန်မီကူညီကယ်ဆယ်ရေးလုပ်ငန်းအနေဖြင့် ယင်းရပ်ကွက်ရှိ အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၁၃၀ ခန့်အား အမှတ်(၄) ရပ်ကွက်ရှိ ရွှေမင်းဝံကျောင်းတိုက်နှင့် ဆင်ဆယ်မေမွှာရုံသို့လည်းကောင်း၊ အိမ်ထောင်စုငါးစုမှ လူဦးရေ ၂၉ ဦးခန့်အား ညောင်ဦးမြို့ အင်္ဂါထောင့် ကျောင်းတိုက်သို့လည်းကောင်း၊ အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၃၅ ဦးခန့်အား ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းသို့ လည်းကောင်း၊ အိမ်ထောင်စုနှစ်စုမှ လူဦးရေခြောက်ဦးခန့်အား ဦးတော်ရင်ဘုရားဝင်းအတွင်းသို့လည်းကောင်း ရေလွတ်ရာများသို့ အသီးသီး ပြောင်းရွှေ့နေရာချထားပေးနိုင်ခဲ့ကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးတာဝန်များကိုလည်း တပ်ဖွဲ့ဝင်များဖြင့် နေရာခွဲ၍ စီစဉ်ဆောင်ရွက်ပေးထားကြောင်း ညောင်ဦးမြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်း ဒုရဲအုပ်က ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေလီမြစ်ရေတိုး

**မန့်ဟီးရိုး ဇူလိုင် ၂၅**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်တွင် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေလီမြစ်ရေလျှံတက်လာပြီး မြစ်ကမ်းရှိ လယ်ကွင်းများ၊ လူနေအိမ်များအတွင်း ရေများဝင်ရောက်လျက်ရှိသောကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊နယ်မြေခံရဲစခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန စသည့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ရေဝင်ရောက်သည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ မြစ်ရေလျှံတက်မှုကြောင့် လူနေအိမ်အဆောက်အအုံများ၊ လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း အမက(နောင်ခေါ်)၊ အမက(စိန်တိုက်)ကျောင်းနှစ်ကျောင်းမှာ ရေများဝင်ရောက်သောကြောင့် ကျောင်းအားခေတ္တပိတ်ထားရပြီး ကျေးရွာလမ်းများနှင့် လူနေအိမ်များအတွင်းသို့ ရေများ ဝင်ရောက်လျက်ရှိသည်။ ထို့အပြင် မြစ်ရေလျှံတက်မှုကြောင့် ကူးတို့ဆိပ်များ ပိတ်ထားရကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# လူစုလူဝေးစနစ်တကျထိန်းသိမ်းနည်း ဆင့်ပွားသင်တန်း ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ ဖွင့်

**ဟိုပုံး ဇူလိုင် ၂၅**
ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ လူစုလူဝေးစနစ်တကျထိန်းသိမ်းနည်း (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၄/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဝင်းက "သင်တန်းသားတွေ အနေနဲ့ ဒီသင်တန်းကပို့ချချက်တွေဟာ အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံတွေကနေ မြန်မာနိုင်ငံကို လာရောက်ပို့ချမယ့် နည်းစနစ်တွေကို ဆက်လက်ပို့ချတဲ့ ဆင့်ပွားသင်တန်းဖြစ်လို့ လူစုလူဝေး ထိန်းသိမ်းရာမှာ နည်းစနစ်တကျ ညင်သာစွာ ကိုင်တွယ်ထိန်းသိမ်းတတ်စေဖို့ရည်ရွယ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမှာ ဖြစ်တဲ့အတွက် တပ်ဖွဲ့ဝင်အားလုံး ဂရုတစိုက်ကြိုးစားသင်ယူကြဖို့ မှာကြားလိုပါတယ်"ဟု ပြောကြားသည်။

အဆိုပါ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့် သင်တန်းသားများ တက်ရောက်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၅**
ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)



## မန္တလေးတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတက္ကသိုလ်နှင့် နိုင်ငံရေးသိပ္ပံကျောင်းသားဟောင်းများအသင်း ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မန္တလေးတက္ကသိုလ် သုတေသနစင်တာနှင့် တက္ကသိုလ်ပန်းခြံတွင် ဇူလိုင်လတတိယပတ်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားရေးဝန်ကြီး၊ ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့်အဖွဲ့၊ ကျောင်းသား ကျောင်းသူများ စုံလင်စွာတက်ရောက်စိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုးသော အပင်အရေအတွက် စုစုပေါင်းမှာ ၈၀၀ ကျော်ရှိပြီး အာဆီယံသပြေ၊ ခရေပင်၊ တရုတ်စကားပင်၊ မယ်ဇယ်ပင်၊ ပန်းစက္ကူပင်၊ တည်ရှည်ပင်၊ တောထန်းပင်၊ ကံ့ကော်ပင်၊ လင်းလွန်းပင်အပါအဝင် သစ်ပင်မျိုးကွဲပေါင်း ၁၅ မျိုးနှင့် ကျွန်းစိုက်ခင်းတစ်ကွက်တို့ဖြစ်ကြောင်း သိရသည်။

**တင်မောင်**

## စစ်ကိုင်းမြို့၌ ဧရာဝတီမြစ်ရေ တစ်နေ့ထက်တစ်နေ့ သိသိသာသာတိုးလာ

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းမြို့၏ ဧရာဝတီမြစ်ရေမှာ တစ်နေ့ထက်တစ်နေ့ သိသိသာသာ ရေထုမြင့်တက်လျက်ရှိပြီး မြစ်အနီးနေထိုင်သူများနှင့် မြစ်နှင့် အနိမ့်ဆုံး ရပ်ကွက်များ ရုတ်တရက် ဧရာဝတီ



မြစ်ရေဝင်ရောက်လာနိုင်၍ ကုန်းမြင့်ပေါ်တက်ရန်လိုအပ်ကြောင်း သိရသည်။ စစ်ကိုင်း မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူအများစုကို ရေဘေးအန္တရာယ် ကာကွယ်ရေးများအကြောင်း အသိပေးနှိုးဆော်ထားရန် လိုအပ်သည်။

ဧရာဝတီမြစ်ရေ အမှန်တကယ်မြင့်တက်လာပါက စစ်ကိုင်းမြို့တွင်းထိဝင်ရောက်လာနိုင်သည့်အတွက် ကြိုတင်ကာကွယ်မှုများ လုပ်ထားသင့်သည်။ စစ်ကိုင်းမြို့၏ စကြံ့န်ချောင်းမှာ အထင်ကရချောင်းတစ်ခုဖြစ်ပြီး စည်းကမ်းမဲ့သူတချို့ကြောင့် ရေမြောင်းမှာ ရေထွက်ပေါက်ပိတ်ကာ ရေစီးရေလာ မကောင်းတော့ကြောင်း သိရသည် ။

တစ်ကောင်းရပ်ကွက် စကြံ့န်ချောင်းကြီးမှာ ဧရာဝတီမြစ်နှင့် ဆက်သွယ်ထားသည်ဖြစ်ရာ ရေတံခါးလုံခြုံမှုမရှိပါက ရေများအနိမ့်ပိုင်း ရပ်ကွက်များသို့ ဝင်ရောက်ခြင်း၊ ထိုမှတစ်ဆင့် မြို့တွင်းချောင်းများအတွင်းထိ အဆင့်ဆင့် ရေဝင်ရောက်လာနိုင်သည်။

ဇူလိုင် ၂၃ ရက်က စကြံ့န်ချောင်းကြီးအတွင်းတွင် ရေတံခါးမလုံသည့်အတွက် ရေမြောင်းအတွင်းသို့ ရေများပြည့်လျှံနေကာ လူနေအိမ်ဝင်းထဲထိပါ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၆)

## ခန္တီးမြို့၌ ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ၁၆၃ စင်တီမီတာ ကျော်လွန်၍ မြစ်ဘက်မှရေများ မြို့တွင်းသို့ဝင်ရောက်

**ခန္တီး ဇူလိုင် ၂၅**

ခန္တီးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၅၂၃ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ခန္တီးမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာထက် ကျော်လွန်နေလျက်ရှိခြင်းကြောင့် မြစ်ဘက်မှရေများသည် ကမ်းနားလမ်းနှင့်စော်ဘွားကြီးလမ်း၊ ကမ်းနားလမ်းနှင့် စကားဝါလမ်းဘက်တို့မှနေ၍ မြို့တွင်းသို့ ကျော်လွန်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါမြစ်ရေသည် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ၁၄၇၈ စင်တီမီတာမှ ညနေ ၆ နာရီတွင် ၅ စင်တီမီတာခန့်သို့ကျဆင်းသွားသော်လည်း ယနေ့နံနက်ပိုင်းတွင် ထူးကဲစွာပြန်လည်တက်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ရေများကျော်လွန်နေသည့်နေရာများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ဗျူဟာအဖွဲ့ (အခြေချ)ခန္တီးမြို့မှ စစ်ဗျူဟာမှူးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ဦးဆောင်၍ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် သဲအိတ်များဖြင့် တာတမံမြှင့်ခြင်း၊ စက်ယန္တရားများဖြင့် မြေသားတမံမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ချင်းတွင်းမြစ်ရေ တက်နေမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ရေဝင်နေသည့် စာသင်ကျောင်း ၁၄ ကျောင်းကိုလည်း ခေတ္တပိတ်ထားကြောင်းနှင့် ရေဝင်ဒေသမှ ပြည်သူများ ယာယီပြောင်းရွှေ့နေနိုင်ရန်အတွက် ရေလွတ်သည့် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဒေသဆိုင်ရာ တာဝန်ရှိသူများဦးဆောင်မှုဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**စန်းလွင်ဦး ( ပြန်/ဆက်)**



## တနိုင်းခချောင်းရေကြီး၍ ရပ်ကွက်၊ ကျေးရွာအချို့ ရေနစ်မြုပ်

**တနိုင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇူလိုင် ၁၉ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တနိုင်းခချောင်းရေမြင့်တက်လာပြီး ရေကြီးရေလျှံမှုဖြစ်ပွားရာ ပုန်ခုန်းကျွန်းကွက်သစ်၊ ဆင်မ်ဆာ့ရပ်ကွက် အောက်ဂျိုင့်၊ ဂျိုဆာဒီးကျေးရွာနှင့် ရေနံကုန်းကျေးရွာတို့တွင် ရေဘေးသင့်အိမ်ထောင်စုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မြို့မဘုန်းတော်ကြီးကျောင်းနှင့် ဘာသာရေးကျောင်းတို့တွင် ယာယီနေရာချထား၍ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသတွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသဖြင့် ချောင်းရေပိုမိုကြီးလာနိုင်ဖွယ်ရှိကြောင်း မြို့နယ် (မိုး/ဇလ) ထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောင်းကုန်းမြို့မဈေး၌ ရေတစ်ပေကျော်ခန့်တက်

**ကျောင်းကုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့မဈေးကြီး၏ ကမ်းနားဘက် သားငါးတန်းနှင့် ကုန်ခြောက်တန်းတို့တွင် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မြစ်ရေ တစ်ပေကျော်ခန့် မြင့်တက်လာခဲ့သည်။

ငါးသိုင်းချောင်းမှ စိုးရိမ်ရေမှတ်ထက် ကျော်လွန်နေသော ရေများကျဆင်းလာသည်နှင့် တစ်ပြိုင်နက် ကျောင်းကုန်းမြို့တွင် မသိမသာဖြင့် မြစ်ရေတိုးလျက်ရှိသည်။ ယနေ့ညနေပိုင်းတွင် ကျောင်းကုန်းမြို့ မိုးလုံလေလုံခန်းမရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ သားငါးတန်းနှင့် ကုန်ခြောက်တန်း ပြောင်းရွှေ့လိုက်ပြီဖြစ်သည်။ ဒေသခံပြည်သူများ ဈေးဝယ်လွယ်ကူစေရန်နှင့် ရေအောက်ရောက်နေသော ရေမြောင်းများအတွင်း ခြေခေါက်လဲမည်စိုး၍ မြို့နယ်စည်ပင်သာယာရေးနှင့် ဈေးတာဝန်ခံများက ယာယီဈေးပြောင်းရွှေ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်**



## မြင်းမူမြို့၌ လမ်းပြုပြင်ရာမှ မြေကြီးတူးစဉ် ဗုံးသီးဟောင်းများတွေ့ရှိ

**မြင်းမူ ဇူလိုင် ၂၅**

မြင်းမူမြို့ အမှတ်(၁)နယ်မြေအတွင်းရှိ အမှတ်(၂)နယ်မြေ သရက်ကျောင်း ဘုန်းကြီးကျောင်းအနောက်ဘက် ပေ ၁၀၀ ခန့် ရှင်ပင်မင်းသတ္တဘုရားအနီး ဘုရားသို့သွားသည့် တောင်မြောက်မြေသားလမ်းနိမ့်နေသောနေရာများကို မြေဖို့ရန် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ကျောင်းဘက်ခြမ်းရှိ မြေကြီးအား ပေါက်ပြားဖြင့် ဖဲ့ချပေါက်နေရာမှ ဗုံးသီးအဟောင်း ၁၈ လုံးအား တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ရှိသည့် စစ်အတွင်းက ဗုံးသီးအဟောင်းများဖြစ်နိုင်ကြောင်း အတည်ပြုနိုင်ရန် နယ်မြေခံတပ်မှ ဗိုလ်ကြီးအာကာဦးစီးအဖွဲ့က စစ်ဆေးရာ ဗုံးသီးအမျိုးအစား NO-77 MK 1 မီးခိုးလက်ပစ်ဗုံးဖြစ်ကြောင်း သိရသည်။

“ဘုန်းကြီး ၁၀ ဝါလောက်က ဒီနေရာတစ်ဝိုက်မှာ ဗုံးသီးအဟောင်းတွေ ထန်းခေါက်တောင်းတစ်လုံးစာလောက် မြေကြီးထဲကရလို့ သက်ဆိုင်ရာ ရဲစခန်းကို ပေးခဲ့ဘူးတယ်။ ဘုန်းဘုန်းကျောင်းမြောက်ဘက်ထဲ ကျည်ဆန်အဟောင်းတွေ ခဏခဏရလို့ ကိုရင်တွေ၊ ဦးဇင်းတွေ အမှိုက်မီးမရှို့ဖို့ ပြောထားရတယ်။ နောက်ထပ် ဗုံးသီးတွေ ဒီနေရာတစ်ဝိုက်ရှိနိုင်သေးတယ်”ဟု သရက်ကျောင်း ကျောင်းထိုင်ဆရာတော်က မိန့်သည်။

(ဝ၇၇)



# ဂျာမနီတွင် အသေခံဗုံးခွဲမှုကြောင့် ၁၂ ဦး ဒဏ်ရာရပြီး တစ်ဦးသေဆုံး

**မြူးနစ် ဇူလိုင် ၂၅**

လွန်ခဲ့သော နှစ်က ဂျာမနီနိုင်ငံ၌ ခိုလှုံခွင့် ငြင်းဆိုထားခြင်းခံရသူ အသက် ၂၇ နှစ် အရွယ် ဆီးရီးယားနိုင်ငံသား တစ်ဦးက ဘာဗာရီးယားရှိ လူစည်ကားရာ ဂီတပွဲတော် အပြင်ဘက်၌ ဗုံးပေါက်ခွဲခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ဂျာမနီနိုင်ငံ၌ တစ်ပတ်မပြည့်မီအတွင်း ဖြစ်ပွားခဲ့သော လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည့် စတုတ္ထမြောက်အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် အမေရိကန်လေတပ်အခြေစိုက်စခန်းဟု လူသိများသော နုရင်ဘတ်မြို့ အရှေ့တောင်ဘက် လူပေါင်း ၄၀၀၀၀ နေထိုင်ရာ အန်းဘတ်ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကာ သုံးဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။




အဆိုပါဖြစ်စဉ်မတိုင်မီ လွန်ခဲ့သည့်နှစ်က အာဖဂန်၊ ဆီးရီးယားနှင့် အီရတ်တို့မှ လူတစ်သန်းအား ရွှေ့ပြောင်းလာသူအဖြစ် ခွင့်ပြုပေးခဲ့သည့် ဂျာမနီ ဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ဒုက္ခသည် လက်ခံရေး တံခါးဖွင့်မှုဝါဒအပေါ် ဝေဖန်မှုများ တိုးလာသည်။ အသေခံဗုံးခွဲတိုက်ခိုက်သူသည် အဆိုပါဗုံးခွဲတိုက်ခိုက်မှုကို နှစ်ကြိမ်တိုင် ကြိုးစားခဲ့ကြောင်း ဂျာမနီပြည်ထဲရေး ဝန်ကြီး ဂျိုချင်းဟာမန်က သတင်းထောက်များအား ပြောသည်။

**(ရိုက်တာ)**

# အီရတ်၌ အသေခံ ဗုံးခွဲမှု ၁၄ ဦးသေဆုံး




**ဘဂ္ဂဒက် ဇူလိုင် ၂၅**

အီရတ်နိုင်ငံအလယ်ပိုင်း မြို့တစ်မြို့ အပြင်ဘက်၌ တနင်္လာနေ့နံနက်ပိုင်းက မီနီဘတ်စ်ကားတစ်စီးကို အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အမျိုးသမီးနှင့် ကလေးများအပါအဝင် အနည်းဆုံးလူ ၁၄ ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်က ပြောသည်။

သေဆုံးသူအများစုသည် ဘဂ္ဂဒက် မြောက်ဘက်မြို့ ခါလစ်မြို့အတွင်း ဝင်ရောက်ရန် စောင့်ဆိုင်းနေစဉ် ကားများအတွင်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိက ပြောသည်။

မိမိတို့အနေဖြင့် မီနီဘတ်စ် အပါအဝင် များပြားသော ကားများအတွင်း သေဆုံးနေသော အမျိုးသမီးနှင့် ကလေးများကို ရှာဖွေနေဆဲဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိက ပြောသည်။ အဆိုပါတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း၏ တိုက်ခိုက်မှုဖြစ်သည်ကို ချက်ချင်းမသိရသေးကြောင်း၊ သို့သော်လည်း အိုင်အက်စ်တို့လက်ချက် ဖြစ်နိုင်ကြောင်း ရဲအဖွဲ့က ပြောသည်။

ဒဏ်ရာရရှိသူများပြား၍ သေဆုံးသူအရေအတွက်ထပ်မံတိုးလာနိုင်သည်ဟု ဆေးရုံသတင်းရပ်ကွက်က ပြောသည်။ အီရတ်ဝန်ကြီးချုပ် အဘာဒီကမူ ယခုလအစောပိုင်း ဘဂ္ဂဒက်မြို့လယ်၌ လူ ၂၉၂ ဦးသေဆုံးသည့်တိုက်ခိုက်မှုအပြီး လုံခြုံရေးတင်းကျပ်ရန် အမိန့်ထုတ်ပြန်ထားသည်။

**(ရိုက်တာ)**

# ရာဟူး၏အဓိက စီးပွားရေးလုပ်ငန်းတစ်ခုကို ဗာရီဇွန်သို့ ရောင်းမည်

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်၏အကြီးဆုံးဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သော ဗာရီဇွန်သည် ရာဟူး၏ အင်တာနက်လုပ်ငန်းကို ဝယ်ယူရန် သဘောတူမှုတစ်ရပ် ရရှိခဲ့ကြောင်း ဇူလိုင် ၂၅ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရှန်းကန်ကြိုးစားနေရသော အင်တာနက်လုပ်ငန်းကို ရာဟူးအနေဖြင့် ဗာရီဇွန်သို့ရောင်းရန် သဘောတူခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့သည်။ ဈေးနှုန်းအနေဖြင့် အမေရိကန် ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်ရှိကြောင်း ယင်းမီဒီယာများ၌ ဖော်ပြခဲ့သည်။ သက်ဆိုင်ရာ ကုမ္ပဏီများ၏ အမှုဆောင်အရာရှိများသည် ယင်းသဘောတူညီချက်ကို ဇူလိုင် ၂၅ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ရာဟူး၏အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများကို ၁၉၉၅ခုနှစ်တွင် စတင်ခဲ့သော်လည်း ဂူဂဲလ်ကို မကျော်နိုင်ဘဲဖြစ်နေသည်။

ဗာရီဇွန်သည် ရာဟူး၏စီးပွားရေးသတင်းများနှင့် အားကစားသတင်းမှတစ်ဆင့် ယင်း၏စီးပွားရေးလုပ်ငန်းကို ချဲ့ထွင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါကစ္စတန် ဝန်ကြီးချုပ်က အာဖဂန်နစ္စတန်အား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

**အစ္စလမ္မာဘတ် ဇူလိုင် ၂၅**

လူ ၈၀ ကျော် သေဆုံးပြီး ၃၀၀နီးပါး ဒဏ်ရာရရှိခဲ့သည့် အသေခံဗုံးခွဲမှု ဖြစ်ပွားပြီး ရက်အနည်းငယ်အကြာ ပါကစ္စတန် ဝန်ကြီးချုပ် နာဝက်ဇ် ရှာရစ်ဖ်သည် ဇူလိုင် ၂၅ရက်က အိမ်နီးချင်းနိုင်ငံဖြစ်သော အာဖဂန်နစ္စတန်အား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

ဇူလိုင် ၂၃ရက်က ဟာဇရာအသိုင်းအဝိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသည် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့၏လက်ချက်ဖြစ်ကြောင်း သိရသည်။ တိုက်ခိုက်မှုတွင် သေဆုံးဒဏ်ရာရသူအားလုံးနီးပါးသည် ငယ်ရွယ်သူများ၊ အရပ်သားများဖြစ်ကြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အာဖဂန်နစ္စတန်သည် ပါကစ္စတန်နှင့် ထဲထဲဝင်ဝင်ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှုများရှိဆဲဖြစ်ပြီး အကြမ်းဖက်ဝါဒ တိုက်ဖျက်မှုသည် ယင်းနှစ်နိုင်ငံလုံးအတွက် ဘုံဝါဒဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ်က အာဖဂန်သမ္မတ အရှရက်ဖ်ဂါနီသို့ ဖုန်းဖြင့်ပြောကြားခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည်။

ပါကစ္စတန်အစိုးရနှင့် ပြည်သူကြား တစ်ဦးနှင့် တစ်ဦး ယုံကြည်စွာဖြင့် အာဖဂန်အစိုးရနှင့် လက်ချင်းချိတ်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် နာဝက်ဇ် ရှာရစ်ဖ်က ပြောကြားသည်။

**(ဆင်ဟွာ)**

# တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှီအန်းမြို့ ရေလွှမ်းမိုး

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှီအန်းမြို့တွင် အနီရောင်အဆင့် မုန်တိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ယင်းသည် အမြင့်ဆုံးအန္တရာယ်သတိပေးချက်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဇူလိုင် ၂၅ ရက်က ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတစ်ဝန်းမိုးသည်းထန်စွာ ရွာသွန်းမှုများသည် လွန်ခဲ့သော တနင်္ဂနွေနေ့ကတည်းကဖြစ်သည်။ ရှီအန်းမြို့၏အချို့ဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ ငါးနာရီအတွင်း ရွာသွန်းခဲ့သောမိုးရေချိန်စံချိန်သည် ၁၀၀ မီလီမီတာကျော်လွန်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်မှုများကြောင့် ရှီအန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ခရီးစဉ် ၁၀၀ ခန့်ကို ရပ်ဆိုင်းခဲ့ရပြီး မြေအောက်မီးရထားဘူတာရုံများကိုလည်း ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်မှစကာ မိုးသည်းထန်မှုများကြောင့် တရုတ်နိုင်ငံမြောက်ပိုင်းတစ်ဝန်းလုံး ရေဘေးဒဏ်ခံစားခဲ့ရပြီး ဟူဘေးပြည်နယ်တွင် ဇူလိုင် ၂၄ ရက်အထိ လူ ၁၃၀ သေဆုံးကာ ၁၁၀ ပျောက်ဆုံးလျက်ရှိကြောင်း ဆင်ဟွာသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

**(ဆင်ဟွာ)**



# ရဲစခန်း၌ လာရောက်အဖမ်းခံသူများ၏ မိသားစုဝင်များအား ထောက်ပံ့



**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းမြို့နယ် နောက်ကြည့်ကျွန်းကျေးရွာနေ ကျွဲကြီး(ခ) ဇော်မင်းဦး ခေါင်းဆောင်သည့် အဖွဲ့များသည် ခိုး၊ ဆိုး၊ လုယက် ပြစ်မှုများကျူးလွန်ပြီးနောက် စစ်ကိုင်းမြို့ သက်ဆိုင်ရာရဲစခန်းများတွင် လာရောက်အဖမ်းခံကြရာ အဖမ်းဆီးခံအဖွဲ့များ၏ မိသားစုဝင်များအား ကမ္ဘောဇဘဏ်အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီခွဲက နောက်ကြည့်ကျွန်းကျေးရွာရှိ လှူပ်ရှားမှုရဲကင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ဦးတေဇိန္ဒက ယမန်နေ့ကလည်း ရဲချုပ်က ထောက်ပံ့ငွေပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ကမ္ဘောဇဘဏ် အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ရရှိလာသည့်ငွေများကို အလွဲသုံးစားမလုပ်ဘဲ မိသားစုစားဝတ်နေရေးအတွက် ရေရှည်အောင် သတိထားကြစေလိုကြောင်း မိန့်ကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မိသားစုဝင်များကို အားပေးစကားပြောကြားပြီး မိသားစုဝင်ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၅ သိန်းကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သာစည်၌ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**သာစည် ဇူလိုင် ၂၅**

သာစည်မြို့နယ်ကျန်းမာရေးဦးစီးဌာနက အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး ပြည်သူများအား အခမဲ့ ထိုးနှံပေးခြင်းကို ဇူလိုင် ၂၅ ရက်က သာစည်မြို့ အမှတ် (၂)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနက အသည်းရောင်အသားဝါ ရောဂါကျဆင်းပပျောက်ရေးအတွက် ပြည်သူများအား အခမဲ့ထိုးနှံပေးခြင်းကို ပထမအကြိမ်အဖြစ် ဇွန်လက မြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ကျေးရွာများနှင့် ရုံးဌာနများ၌ ထိုးနှံပေးခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်သည်။ တတိယအကြိမ်အဖြစ် လာမည့် ဩဂုတ်လအတွင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**




နိုင်ငံရေး စာပေစာတမ်းဖတ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းရှင်များနှင့် စာတမ်းအမည်များ

| စဉ် | ရက်စွဲ | နံနက် | နေ့လယ် |
|---|---|---|---|
| ၁။ | ၂၉-၇-၂၀၁၆ (သောကြာနေ့) | **ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)** 'နဂါးနီ၏ နိုင်ငံရေးစာပေ' **ဒေါက်တာကျော်ဝင်း(ပါမောက္ခ-ငြိမ်း)** '၁၉၄၇ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့် ပြဿနာများ' **ဦးဇော်သက်ထွေး(ဇော်သက်ထွေး)** 'အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေစာအုပ်များ' | **ဦးအောင်ရှင်(မုံရွာအောင်ရှင်)** '၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ' **ဦးမြင့်ဆွေ(မြင့်ဆွေဦး)** 'နိုင်ငံရေးစာပေအစ နဂါးနီက' **ဦးကျော်မင်းယု(ဂျင်မီ)** 'ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင် နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း' |
| ၂။ | ၃၀-၇-၂၀၁၆ (စနေနေ့) | **ဒေါက်တာစင်အေး(မောင်စင်မင်-ဓနုဖြူ)** 'ရှေးခေတ် မြန်မာ့နိုင်ငံရေးစာပေ' **ဦးသန်းဋ္ဌေး(သင့်နော်)** 'လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေး စာပေအင်အားစုသို့ ချဉ်းကပ်ခြင်း' **ဦးအောင်မြင့်ဦး(အောင်မြင့်ဦး-လူထု)** 'ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ' | **ဦးအေးမောင်(အေးမောင်ကျော်)** 'လစ်ဘရယ် ဒီမိုကရေစီ ကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း' **ဦးမိုးမြင့်ဝင်း(မိုးမြင့်ဝင်း-နည်းပညာ)** 'ဖဆပလဝန်ကြီးချုပ်သခင်နု ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်' **ဦးကျော်စံလှ(ညီစေမင်း)** 'နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုများ' |
| ၃။ | ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့) | **ဦးမောင်မောင်ဦး(ဟိန်းလတ်)** 'နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)' **ဦးသန်းအုန်း(မောင်စေယျာ)** 'မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)' **ဦးရဲနိုင်အောင်(ကိုဝ)** 'နိုင်ငံရေးဘောဂဗေဒစာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု' | **ဦးမော်လင်း(မော်လင်း)** 'မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ' **ဦးဇော်လင်း(လင်းအေး)** 'မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀)' **ဦးကိုကိုလှိုင်(ကိုကိုလှိုင်)** 'ခေတ်ပြိုင်နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ' |

# ကူးစက်မြန် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မပြန့်ပွားရေးဆောင်ရွက်

**ပြည် ဇူလိုင် ၂၅**



ပြည်မြို့၌ဖြစ်ပွားလျက်ရှိသော ကူးစက်မြန် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဆက်လက်မပြန့်ပွားရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ရှိသူများက နယ်မြေခံတပ်မတော်သားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပြည်သူ့ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရောဂါဖြစ်ပွားရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ သောက်သုံးရေများအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ ရေဝပ်သောနေရာများနှင့် မသန့်ရှင်းသောနေရာများအား ထုံးကြမ်းများပက်ခြင်း၊ ပိုးသတ်ဆေးများဖျန်းခြင်း၊ ယာယီဆေးခန်းများဖွင့်လှစ်ကာ ဆေးဝါးကုသပေးခြင်းတို့ကို ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နေ့စဉ် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ဇူလိုင် ၂၅ ရက်က နဝင်းနယ်မြေ မာလကာကုန်းရပ်ကွက်အတွင်း ရေဝပ်သောနေရာများမှ ရေဆိုးများစုပ်ထုတ်ခြင်းနှင့် ရေဝင်ရောက်မှုထိန်းချုပ်နိုင်ရန် သဲအိတ်တမံများဖို့ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ခရိုင်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် လူမှုရေးအဖွဲ့အစည်းများက ရပ်ကွက်၊ ကျေးရွာများအတွင်း လော်စပီကာဖြင့် နေ့စဉ် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ပြည်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ဇူလိုင် ၂၅ ရက်အထိ အဆိုပါရောဂါ ဖြစ်ပွားသူဦးရေ ၁၀၇ ဦးရှိပြီး ခရိုင်တွင်းမြို့နယ်များဖြစ်သော ပေါက်ခေါင်းမြို့နယ်တွင် ငါးဦး၊ ပန်းတောင်း ငါးဦး၊ ရွှေတောင် လေးဦး၊ ပေါင်းတည် သုံးဦးနှင့် သဲကုန်းမြို့နယ်တွင် တစ်ဦး စုစုပေါင်းရောဂါဖြစ်ပွားသူ ခရိုင်ချုပ်စာရင်း ၁၂၅ ဦးအထိရှိပြီး အသေအပျောက်မရှိကြောင်းနှင့် ရောဂါမပြန့်ပွားရေးနှင့် ထိန်းချုပ်နိုင်ရေးကို အဘက်ဘက်မှ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမိုးက ပြောသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# အော်တစ်ဇင်အကြောင်း ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၅**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) နှင့် မြန်မာအော်တစ်ဇင်အသင်းတို့ပူးပေါင်းကျင်းပသော ဒုတိယအကြိမ်မြောက် အော်တစ်ဇင်အကြောင်းသိကောင်းစရာဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ BFM ဥက္ကဋ္ဌ ကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက KBZ GROUP/KBZ BANK ရှိ ဝန်ထမ်းများ၊ မိသားစုများ အော်တစ်ဇင်နှင့်ပတ်သက်သည့် အသိပညာရှိနေစေရန်၊ အော်တစ်ဇင်ရှိသူများကို ပိုမိုကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် အနာဂတ်တွင် လုပ်ငန်းခွင်အတွင်း တန်းတူအခွင့်အရေးပေးသွားနိုင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအော်တစ်ဇင်အသင်း၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာဉာဏ်ဝင်းကျော်နှင့် ဒေါက်တာမြင့်လွင်တို့က အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါများနှင့် အော်တစ်ဇင်ဖြစ်ပေါ်ရခြင်းနှင့်ပတ်သက်သည့် သဘောသဘာဝများကို ဆွေးနွေးပြောကြားသည်။ **သဲနိုင်ဦး(မြန်မာစာ)**

## မြန်မာ့ရုပ်မြင်သံကြား

## News Channel

**၂၆-၇-၂၀၁၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "FACEBOOK အန္တရာယ်"

၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်

၁၁း၃၅ - **၂၀၁၆ ခုနှစ် ဇူလိုင်လအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ**

၁၄း၄၅ “အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း”

**ညပိုင်း**

၁၆း၃၅ - Football Magazine (ရောဝတီယူနိုက်တက်အသင်း)

၁၇း၁၅ - **၂၀၁၆ ခုနှစ် မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း**

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်းများ (အပိုင်း-၂) **စတော့အိတ်ချိန်း အရင်းအနှီး မြှင့်တင်ခြင်းနှင့် အရင်းအနှီးမြှုပ်နှံခြင်း**

၂၀း၀၀ - ပြည်တွင်းသတင်း

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့်နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# စီမံကိန်းကြောင့် မြေသိမ်းခံရသည့် တောင်သူများ လယ်ယာမြေပြန်လည်ရရှိရေး မုံရွာ၌ ဆန္ဒထုတ်ဖော်

**ထီးချိုင့် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စု၊ မြတောင်ကျေးရွာအုပ်စု၊ ကမ်းနီ၊ ပေါင်းနက်၊ ချိတ်သင်း၊ အင်ဒေါင်း၊ အင်းရွာ စသော ကျေးရွာအုပ်စုအတွင်း ရွာပေါင်း ၂၂ ရွာမှ မြေအသိမ်းခံရသော တောင်သူများသည် လယ်ယာမြေပြန်လည်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မုံရွာမြို့၌ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စု၊ မြတောင်ကျေးရွာအုပ်စု၊ ကမ်းနီ၊ ပေါင်းနက်၊ ချိတ်သင်း၊ အင်ဒေါင်း၊ အင်းရွာ စတဲ့ကျေးရွာအုပ်စုတွေက ကျေးရွာ ၂၂ ရွာမှာနေတဲ့ အိမ်ထောင်စုပေါင်း ၂၈၃ စု လူဦးရေ ၁၄၁၅ ဦးတို့ရဲ့ လယ်ယာမြေ ဧကပေါင်း ၁၆၆၃၂ ဒသမ ၅၅ ဧကရှိတဲ့ မြေတွေအသိမ်းခံရတာပါ။ အဲဒီမြေယာတွေ ပြန်လည်ရရှိစေဖို့အတွက် တောင်သူတွေ စုပြီး တိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ မုံရွာမြို့မှာ လာရောက် ဆန္ဒဖော်ထုတ်တာဖြစ်ပါတယ်" ဟုဆန္ဒပြတောင်သူများကို ဦးဆောင်သူ တစ်သီးပုဂ္ဂလ ဦးစိန်လှက ပြောသည်။

ဆန္ဒထုတ်ဖော်ရာတွင် တောင်သူများက မုံရွာတက္ကသိုလ်ရှေ့ကျောက်ကာလမ်းမကြီးအတိုင်း မုံရွာဘူတာရှေ့၊ ထိုမှ ဗိုလ်ချုပ်ကြေးရုပ်အဝိုင်းမှ မုံရွာပြည်သူ့အားကစားကွင်းအထိ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဇူလိုင် ၆ ရက်က တင်ပြခဲ့ရာ ဇူလိုင် ၂၁ ရက်တွင် ကျင်းပသော မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေး အမှတ် ၆/၂၀၁၆ အရ ဒေါနခြံရပ် ရေစင်ကြီးအနီး ပြည်ထောင်စုလမ်းပေါ် စုရပ်ပြုလုပ်ကာ ပြည်ထောင်စုလမ်းအတိုင်း မြောက်သို့ ကန်သာယာတာပေါင်လမ်းမှ ကျောက်တိုင်ကျွန်းအရောက် ဆန္ဒထုတ်ဖော်ခွင့်အရ စီတန်းလှည့်လည်ခဲ့ပြီး ကျောက်တိုင်ကျွန်းတွင် ဦးဆောင်သူ တစ်သီးပုဂ္ဂလ ဦးစိန်လှက ဒေသအခက်အခဲကို ဖွင့်ဟပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ရေဝတီမြစ်ကမ်းနံဘေး မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူများအား ဖမ်းဆီး

**မန္တလေး ဇူလိုင် ၂၅**

ရေဝတီမြစ်ကမ်းနံဘေး တစ်လျှောက်တွင် မူးယစ်ဆေးဝါး သုံးစွဲရောင်းချနေကြောင်း သတင်းအရ ဇူလိုင် ၂၅ ရက်တွင် ရဲတပ်ဖွဲ့အင်အားဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။



အဆိုပါ သုံးစွဲရောင်းချသူများအား တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ရဲတပ်ဖွဲ့ဝင် ၃၅၀ ကျော်ဖြင့် နံနက် ၁၀ နာရီခွဲမှ စတင်ကာ ၁၉ လမ်းနှင့် ၁၄ လမ်းကြားရှိ ရေဝတီဆိပ်ကမ်း တစ်လျှောက်၊ စက်ရိပ်ကျေးရွာ၊ မြစ်တစ်ဖက်ကမ်းရှိ သင်ပန်းကုန်းရပ်နှင့် သရဲသမိန်ကျေးရွာ စသည့် နေရာ ၁၃ နေရာတွင် ရှာဖွေဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ရဲမှူးကြီး ဟန်ထွန်းက ပြောသည်။

"တိုင်စာတွေနဲ့ စုံစမ်းမှုတွေအရ သတင်းအတည်ပြုပြီး ဖမ်းဆီးမှု လုပ်ပါတယ်။ အရာရှိအဆင့်နဲ့ အခြားအဆင့် ရဲတပ်ဖွဲ့အင်အားတွေ ပေါင်းပြီး ဆောင်ရွက်တာပါ။ ဒီလိုဖမ်းဆီးမှုဟာ ရက် ၁၀၀ စီမံချက်အရလည်းဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဖမ်းဆီးရမိသူများနှင့် မူးယစ်ဆေးဝါးစာရင်းကို ရှာဖွေဖမ်းဆီးနေဆဲဖြစ်၍ အရေအတွက် ပြောနိုင်ခြင်းမရှိသေးဘဲ သုံးစွဲသူနှင့် ရောင်းချသူဟူ၍ ခွဲခြားစစ်ဆေးကာ အမှုဖွင့်ပြီးမှ သိရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ ဖမ်းဆီးရမိသူများမှာ ရေဝတီတစ်ဖက်ကမ်း စက်ရိပ်ကျေးရွာမှ နှစ်ဦး၊ မင်းတဲအီကင်း(တာရိုးဘေး) တဲများမှ လေးဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"ပြစ်မှုကျူးလွန်သူတွေကို ပုသိမ်ကြီးရဲစခန်းနဲ့ အောင်မြေသာစံမြို့နယ်ရဲစခန်းတွေက အမှုဖွင့်အရေးယူမှာပါ" ဟု ပူးပေါင်းဖမ်းဆီးရာတွင် ပါဝင်သည့် မဟာအောင်မြေ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းအောင် က ပြောသည်။

**မင်းထက်အောင်၊ တင်မောင်**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဝိုင်ယာရှော့ခ်ဖြစ်ပွားမှု အချိန်မီဖြေရှင်းဆောင်ရွက်နိုင်ခဲ့

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီခွဲခန့်က ဆီးခွဲစိတ်ကုသဆောင်ရှိ လျှပ်စစ်မိန်းဘုတ်မှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးခိုးများထွက်ပေါ်ခဲ့သော်လည်း အချိန်မီဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"မီးလောင်တဲ့အဆင့်မဟုတ်ပါဘူး။ လက်ရှိ လျှပ်စစ်အသုံးပြုနေတဲ့ ဝိုင်ယာကြိုးရဲ့ ခံနိုင်ဝန်နဲ့ သုံးစွဲတဲ့အားမမျှတော့ အပူလွန်ပြီး ဝိုင်ယာရှော့ခ်ဖြစ်တဲ့သဘောပါပဲ။ ဒီကိစ္စဖြစ်ဖြစ်ချင်းပဲ ကျွန်တော်တို့ ဝန်ထမ်းတွေက ဆေးရုံကြီးရဲ့ ပင်မ မိန်းခလုတ်ကို ပိတ်၍ ဝိုင်ယာရှော့ခ်ဖြစ်နေတဲ့အခန်းက အသင့်ဆောင်ထားတဲ့ မီးသတ်ဆေးဘူးတွေနဲ့ ဖျန်းပြီး မီးခိုးထွက်တာကို ၆ နာရီ ၄၅မိနစ်မှာပဲ ရပ်တန့်နိုင်ခဲ့ပါတယ်။ အပျက်အစီးနဲ့ လူအသေအပျောက်မရှိခဲ့ပါဘူး" ဟု ၎င်းဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ဆိုသည်။

အဆိုပါဖြစ်စဉ်တွင် ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လူနာအချို့ ထိတ်လန့်ထွက်ပြေးကြသဖြင့် ဆေးရုံဝန်ထမ်းများမှ လူနာနှင့် လူနာစောင့်များအား အချိန်မီပြန်လည်ရှာဖွေပေါင်းစည်းပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လှိုင်မြစ်အတွင်း သင်္ဘောများကို ညပိုင်းတွင် လုယက်သောအဖွဲ့အား ဖမ်းဆီး

**ရန်ကုန် ဇူလိုင် ၂၅**

လှိုင်သာယာနှင့် အင်းစိန်မြို့နယ်အား ပိုင်းခြားထားသော လှိုင်မြစ်အတွင်း ရပ်နားထားသည့် ကုန်တင်သင်္ဘောများပေါ်သို့ ညနက်ပိုင်းတွင်တက်ရောက်ကာ တုတ်၊ ဓားတို့ဖြင့် ခြိမ်းခြောက်လုယက်နေသောအဖွဲ့အား ဇူလိုင် ၂၃ ရက် နံနက် ၅ နာရီခွဲက ပန်းလှိုင်မြစ်ကမ်းအနီး ကျူးကျော်တဲအနောက်ဘက်ရှိ ပြွန်တံတားသို့ ဆိုက်ကပ်လာသော စက်လှေပေါ်မှ လူသုံးဦးအား ကင်းပုန်းဝပ် စောင့်ဆိုင်းနေသော ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရာ လက်နက်များနှင့်အတူ လုယက်ရာမှ ရရှိလာသောပစ္စည်းများပါ သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက် ည ၁၁ နာရီခန့်က အပြင်ပဒံကျေးရွာ ဆိပ်ကမ်းသာလမ်းမ ပန်းလှိုင်မြစ်ဘေး ကျူးကျော်တဲ (ဦးသန်းလှိုင်ကျူးကျော်တဲ)သို့ မသင်္ကာဖွယ် ဆိုင်ကယ်နှစ်စီးဖြင့် လူလေးဦး ရောက်ရှိလာကာ အသင့်ဆိုက်ကပ်ထားသည့် စက်လှေဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်စိုး၏ ကြီးကြပ်မှုဖြင့် အဖွဲ့ သုံးဖွဲ့ ခွဲ၍ ကင်းပုန်းဝပ်စောင့်ဆိုင်းခဲ့ရာ ဇူလိုင် ၂၃ ရက် နံနက် ၅ နာရီခွဲတွင် အဆိုပါစက်လှေမှာ ကျူးတဲနောက်ဘက်ရှိ ပြွန်တံတားတွင် ဆိုက်ကပ်ပြီး မသင်္ကာဖွယ် လူသုံးဦး ကုန်းပေါ်တက်၍ ဆိုင်ကယ်နှစ်စီးဖြင့် ထွက်ခွာရန်ပြင်ဆင်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ရာ စိုးကျော်သူ(ခ)ချစ်မင်းသူ (၂၅ နှစ်) ကြည့်မြင်တိုင်နှင့် ညီညီ(၁၉ နှစ်) အတွင်းပဒံကျေးရွာတွင် နေထိုင်သူတို့ကို ဖမ်းဆီးရရှိခဲ့ပြီး ညီညီ၏ အစ်ကိုဖြစ်သူ ကိုကို(၂၀ နှစ်)မှာ မြစ်အတွင်း ခုန်ဆင်းလွတ်မြောက်သွားသည့်အတွက် ၎င်းနေထိုင်ရာ အတွင်းပဒံကျေးရွာ မြအေးကြည်လမ်းမှ ရဲတပ်ကြပ် စည်သူနှင့် အဖွဲ့က စောင့်ဆိုင်းဖမ်းဆီးခဲ့သည်။

လှိုင်မြစ်နှင့် ရန်ကုန်မြစ်အတွင်း ညပိုင်းတွင် ရပ်နားထားသည့် သင်္ဘောများပေါ်သို့တက်၍ ခြိမ်းခြောက်လုယက်နေသော အဆိုပါအဖွဲ့ထံမှ ဓားရှည် သုံးချောင်း၊ သံပိုက်လုံး တစ်ချောင်း၊ လေးခွ လေးလက်နှင့် စက်လှေတစ်စင်းကို သိမ်းဆည်းရမိပြီး စက်လှေပေါ်မှ ဆိုင်ကယ် နှစ်စီး၊ ဖုန်းလေးလုံးနှင့်၊ ငွေကျပ် နှစ်သိန်းခွဲတို့ကို သိမ်းဆည်းရမိရာ ယင်းနေ့ ညတွင် လှိုင်မြစ်အတွင်းရှိ ကျောက်ချရပ်နားထားသော သင်္ဘောများပေါ်မှ လုယက်ရရှိခဲ့ သော ငွေနှင့်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

စက်လှေပေါ်ပါသူ လေးဦးအနက် စက်ဆန်းဆိပ်ကမ်းတွင် ဆင်းကျန်ခဲ့သော ဇင်ကို(၂၀ နှစ်)အား စက်ဆန်းရပ်ကွက် နဝဒေးလမ်းရှိ ၎င်း၏အိမ်တွင် နယ်မြေခံစခန်းမှူး ရဲအုပ် မျိုးကျော်(ခေတ္တစခန်းမှူး )က ဇူလိုင် ၂၄ ရက်က ဖမ်းဆီးရမိခဲ့သည့်အတွက် လုယက်သူလေးဦး **(အောက်ပုံ)** အား သောင်ကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။

ရန်ကုန်မြစ်နှင့် ပန်းလှိုင်မြစ်အတွင်းရှိ သင်္ဘောများပေါ်သို့ တက်ရောက်၍ လက်နက်ကိုင်ဆောင်လုယက်မှုများ ကျူးလွန်ခဲ့သောအဖွဲ့မှာ ကြည့်မြင်တိုင်မြို့နယ်၊ ဒလမြို့နယ်နှင့် ရွှေပြည်သာ မြို့နယ်တို့တွင်လည်း မြစ်ကြောင်းအတွင်း ရပ်နားထားသည့် သင်္ဘောများမှ လုယက်ခဲ့မှုများကို ရဲတပ်ဖွဲ့မှ စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ရွှေပြည်သာရဲတပ်ဖွဲ့က အရေးယူထားကာ မြစ်ကြောင်းအတွင်း အခက်အခဲကြုံပါက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် ၂၄ နာရီ ဖွင့်လှစ်ထားသည့် ၁၉၉ နှင့် ၀၁-၂၃၂၁၉၉ သို့ မည်သည့်အချိန်မဆို အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



# အုပ်စုဖွဲ့ ဆိုင်ကယ်ခိုးယူသူများအား ဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်း အုပ်စုဖွဲ့၍ မော်တော်ဆိုင်ကယ်များ လှည့်လည်ခိုးယူနေသည့် လူငယ်အဖွဲ့အား ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့နှင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးမင်း ဦးဆောင်သောအဖွဲ့သည် ဇူလိုင်လတတိယပတ်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် နဝဒေးရပ်ကွက် အငြိမ်းစားဆေးရုံအနီး သံလမ်းကူးဂိတ်စောင့် ကျော်သူက CZI-125 အမျိုးအစား ဆိုင်ကယ်တစ်စီးကို ကိုယ်တိုင်ဆေးမှုတ်ပြောင်းလဲထားကြောင်း သတင်းအရ ကျော်သူအား အသေးစိတ်စစ်ဆေးရာ ပိုင်ဆိုင်မှုအထောက်အထား မပြသနိုင်သောကြောင့် သိမ်းဆည်းခဲ့သည်။

ယင်းဆိုင်ကယ်ကို လူငယ်လေးဦးက ၎င်းထံသို့ ငွေကျပ် ၁၄၀၀၀၀ ဖြင့် လာရောက်ရောင်းချခဲ့ကြောင်း၊ အဆိုပါ လူငယ်လေးဦးအား ဖမ်းဆီးရမိရေး လိုက်လံစုံစမ်းရှာဖွေရာ လူငယ်လေးဦးမှာ တပင်ရွှေထီးရပ်ကွက် ဒေါနလမ်းနေ စန်းထက်အောင်(၂၂ နှစ်)၊ ပြည့်ဖြိုးသကြ်ာန်(ခ)ဖိုးသကြ်ာန်(၂၀ နှစ်)၊ စိုင်းဝေလင်း(၂၀ နှစ်)နှင့် ဆန်းမင်းအောင်(၁၈ နှစ်)တို့ ဖြစ်ကြောင်း သိရပြီး ၎င်းတို့အား တပင်ရွှေထီးရပ်ကွက် နေအိမ်တစ်အိမ်၌ ဖမ်းဆီးရမိခဲ့ကာ ထုံးဘိုမြို့မရဲစခန်းက ၎င်းလူငယ် လေးဦးနှင့် ကျော်သူတို့ကို ဖမ်းဆီးခဲ့သည်။

၎င်းတို့အား ဆက်လက်စစ်ဆေးမေးမြန်းရာ နေပြည်တော်အတွင်း ဒေသအသီးသီးမှ ခိုးယူခဲ့သည့် ဆိုင်ကယ် ၁၆ စီးကို ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပန်းတောင်းမြို့နယ်၌ တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပန်းတောင်း ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းတောင်းမြို့နယ်အတွင်း တရားမဝင်သစ်များကို ရှာဖွေဖမ်းဆီးလျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက် ၄ နာရီခွဲက ပုသိမ်-မုံရွာလမ်း မြေဝါကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၁၆၇/၆)တွင် ၁၂ ဘီးယာဉ်တစ်စီးအား သတင်းအရ လိုက်လံဖမ်းဆီးရာ ယာဉ်ကိုရပ်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ ထွက်ပြေးသွားပြီး အဆိုပါ ၁၂ ဘီးယာဉ်အား ရှာဖွေစစ်ဆေးရာ တရားမဝင် ပိတောက်တုံး ၁၁၀ (၁၀ တန်ကျော်ခန့်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**



တရားမဝင်သစ်များ သယ်ဆောင်လာသူများအား သစ်တောဦးစီးဌာနက အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျပ်သိန်း ၁၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဖားကန့် ဇူလိုင် ၂၅**

ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်အတွင်း မိုးညှင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃)မှ တပ်ဖွဲ့ဝင်များ၏ သတင်းစုံစမ်းမှုဖြင့် ဇူလိုင် ၂၄ ရက်က ကျပ်သိန်း ၁၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် မွန်းလွဲ ၂ နာရီကျော်က မိုးညှင်းမူးယစ်တပ်ဖွဲ့စု(၃)မှ ဒုရဲမှူး တင်ဌေး ဦးစီး တပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော် တပ်ရင်းမှ အရာရှိစစ်သည်များ ပူးပေါင်းကာ မူးယစ်သတင်းအရ ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် စားသောက်ဆိုင် အနီးတွင် ကြိုတင်စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း စိုးအောင် မောင်းနှင်သည့် ပရိုဘောက်စ် အမျိုးအစား ယာဉ်အမှတ် YGN-4E/---- ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် အားယု၊ အားလေနှင့် မောရှီ ဆိုသူတို့ စီးနင်းလိုက်ပါလျက် ယာဉ်နောက်ခန်းတွင် ငွေကျပ် ၁၀၈၆ ဒသမ ၆ သိန်း တန်ဖိုးရှိ ဆပ်ပြာခွက် ၄၄ ခွက်အတွင်း ဘိန်းဖြူအမှုန့် အလေးချိန် ၅၀၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၀၀၀ ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်မောင်း စိုးအောင် (၂၈ နှစ်) မိုးကောင်းမြို့၊ အားယု (ခ)ငွားတား (၂၄ နှစ်)ဖားကန့်မြို့၊ မောရှီ (၄၀ နှစ်)၊ အားလေ (၃၁ နှစ်) သိန္နီမြို့နေသူ လေးဦးတို့ကို ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

# တောင်ငူ၌ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဖမ်းဆီးရမိ

**တောင်ငူ ဇူလိုင် ၂၅**

တောင်ငူမြို့၌ ဇူလိုင် ၂၃ ရက်က မူးယစ်ဆေးဝါး ဖမ်းဆီးရမိသည့် နောက်ကွင်းဆက်အနေဖြင့် ၄၈ နာရီအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိကြောင်း တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

တောင်ငူမြို့(၂)ရပ်ကွက် ဦးစစ်ကိုလမ်းနေ တင်မင်း(ခ)ကိုမင်း(၄၄ နှစ်) **(ယာပုံ)** သည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်စိုးညွန့်နိုင် ဦးဆောင်သည့်အဖွဲ့က ၎င်းနေအိမ်အတွင်း ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂ ပြားကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အနေဖြင့် ဇူလိုင် ၂၃ ရက် ည ၁၀ နာရီခွဲခန့်တွင် ရဲအုပ်ဇော်နိုင်၊ ဒုရဲအုပ်အောင်လိုင်ဝင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့များသည် တောင်ငူမြို့ (၂၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးလမ်း အမှတ်-၈၈ နေ သက်ထွန်းအောင်(ခ)သားငယ်(၂၄ နှစ်) နေအိမ်ကို ရှာဖွေရာ အိမ်ရှင် သက်ထွန်းအောင်၊ ဇင်မင်းသူ(၂၈ နှစ်)၊ ချစ်ညီညီ(၂၁ နှစ်)တို့ သုံးဦးသည် မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပြီး သက်ထွန်းအောင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၁ ထုပ်၊ ၂၅၆ ပြားပါ တစ်ထုပ်၊ ၁၀၄ ပြားပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၅၆၀ နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖမ်းဆီးရမိသည့် ကွင်းဆက်များအရ တောင်ငူမြို့ (၁၈)ရပ်ကွက် မြို့ပတ်လမ်းနေ ကျော်ကြီး(ခ)ကျော်ဝင်းသူ နေအိမ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရှာဖွေရာ အိမ်ရှင်ကျော်ကြီးအား မတွေ့ရှိဘဲ ၎င်း၏ ဇနီးဖြစ်သူ မအေးအေးနွယ် (၃၀ နှစ်) နေအိမ်အပေါ်ထပ် လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**သတင်း - သူရ(တောင်ငူ)**

**ဓာတ်ပုံ - ကိုလွင်(ဆွာ)**

# အင်းတော်မြို့နယ်၌ လူတစ်ဦး မြေပိသေဆုံး

**ကသာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အုတ်ရှစ်ကုန်းကျေးရွာအနီးရှိ မင်းထက်ဇော် ကျောက်ကုမ္ပဏီလုပ်ကွက်တွင် လူတစ်ဦး မြေပိသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခန့်တွင် မော်လူးနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်မင်းနိုင်နှင့်အဖွဲ့သည် သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ ဇော်ထွန်းဦး ဆိုသူဖြစ်ပြီး ၎င်းသည် အုတ်ရှစ်ကုန်းကျေးရွာအနီးရှိ မင်းထက်ဇော်ကျောက်ကုမ္ပဏီလုပ်ကွက်အတွင်း ကျောက်ရှာဖွေစဉ် မြေသားနံရံများ ပြိုကျပိမ်ကာ သေဆုံးနေကြောင်း၊ သေဆုံးသူမှာ ဇော်ထွန်းဦး(၃၀ နှစ်)ပန်းတင်ကျေးရွာ ကောလင်းမြို့နယ်နေသူဖြစ်ပြီး အဆိုပါအမှုအား မော်လူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဘိန်းမည်းများသယ်ဆောင်လာသူအား ဖမ်းဆီးရမိ

**ငဖဲ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ငဖဲ-စေတုတ္တရာ ကားလမ်း၌ ဇူလိုင် ၂၄ ရက် ညပိုင်းက ဘိန်းမည်းများသယ်ဆောင်လာသော လူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် နန်းရဲဇော်နှင့် အဖွဲ့၊ မြို့မရဲစခန်းမှ ရဲအုပ် သိန်းလွင် ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဇူလိုင် ၂၄ ရက် ည ၈ နာရီက ငဖဲ-စေတုတ္တရာ ကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၇/၅ ) ကံရွာကျေးရွာအနီး စောင့်ဆိုင်းစဉ် ကံရွာကျေးရွာမှ စေတုတ္တရာဘက်သို့ လမ်းလျှောက်လာသည့် တောင်ကျော် အသက်(၃၃ နှစ်)ပဗီကျေးရွာ ငဖဲမြို့နယ်နေသူဖြစ်ပြီး ၎င်းထံမှ ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး အလေးချိန် (၂၈ ဒသမ ၅၈)ဂရမ်ပါ အထုပ် ၂၇ ထုပ် စုစုပေါင်းအလေးချိန် ၇၇၁ ဒသမ ၆၆ ဂရမ်၊ တန်ဖိုးငွေကျပ် ၆၅၅၉၁၁ ခန့်နှင့် ဓာတ်မီးတစ်လက်၊ ဖုန်းတစ်လုံး၊ ဓားဦးချွန် နှစ်ချောင်း၊ ဆိုင်ကယ်သော့တစ်ချောင်းနှင့် ငွေကျပ် ၁၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တောင်ကျော်အား ငဖဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# လူသတ်၍ ထွက်ပြေးသူအား ဖမ်းဆီးရမိ

**မိုးနဲ ဇူလိုင် ၂၅**

ဇူလိုင် ၁၄ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(ခ)တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူအား ဓားဖြင့်ခုတ်သတ်ခဲ့သူကို ဇူလိုင် ၂၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၄ ရက်က မိုးနဲမြို့ လွိုင်မြေရပ်ကွက်နေ မနန်းဖွေးလောဝ်(၁၄ နှစ်)သည် ထမင်းစားချိန်ပေး၍ အိမ်၌ ထမင်းစားအပြီး ကျောင်းသို့ ပြန်လာစဉ် လွိုင်မြေရပ်ကွက်နေ စိုင်းခေးဆိုင်(၂၀ နှစ်)က သစ်တောရုံးအနီး၌ ဓားဦးချွန်ဖြင့် ခုတ်သတ်ခဲ့ရာ မနန်းဖွေးလောဝ်မှာ နေရာတွင်သေဆုံးခဲ့သဖြင့် မိုးနဲမြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ဇူလိုင် ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့်အဖွဲ့က ရှာဖွေခဲ့ရာ မိုးနဲမြို့နယ် လွိုင်ချိုကျေးရွာ၌ စိုင်းခေးဆိုင်အား ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၈၂၄၊ ပထမထပ်ခေါင်းရင်းခန်း တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်။

အထက်ပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၈၀၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင် B.A (Eco), R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၇၉)**
**အမှတ်(၇၆၉)၊ (သုံးလွှာ A)၊ ဧယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၇၆၄၇**

## ဦးထွန်းထွန်းလင်း ၉/မခန(နိုင်) ၁၅၁၇၃၆နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၊ မင်းဒင်လမ်း၊ တိုက်-၃၈၊ အခန်း(၁)နေ ဦးဇော်ထက်တင် ၁၂/သဃက(နိုင်) ၁၄၉၂၄၀၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းထွန်းလင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ဦးထွန်းထွန်းလင်းနှင့်ဦးဇော်ထက်တင်တို့သည် မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ကရဝိတ်(၃)လမ်း၊ အမှတ်(၅၆၉)မြေကွက်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၇)လမ်း၊ အမှတ်(၃၄၀)မြေကွက်တို့တွင် အကျိုးတူပူးပေါင်းကာ (၃½)တိုက်(၂)လုံး ဆောက်လုပ်ဆဲအခြေအနေတွင် ဦးထွန်းထွန်းလင်းအနေဖြင့် ဦးဇော်ထက်တင်နှင့် လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စများ စာရင်းရှင်းလင်းရခြင်းမရှိသေးဘဲ စာရွက်စာတမ်းအပြည့်အစုံအား ယူဆောင်သွားပြီး ရှောင်လွှဲနေသဖြင့် ဤကြေညာစာပါပြီး ခုနစ်ရက်အတွင်း ဦးဇော်ထက်တင်ထံ လာရောက်ဆက်သွယ်စာရင်းရှင်းလင်းပေးပါရန်နှင့်သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက ဦးဇော်ထက်တင်မှ တိုက်(၂)လုံး ဆောက်လုပ်မည့်ကိစ္စကို မိမိအစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာမည့် အကျိုးအမြတ်ခံစားခွင့်အရပ်ရပ် အားလုံးမှာ ဦးထွန်းထွန်းလင်းနှင့် သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် ယင်းတိုက်(၂)လုံးနှင့် ပတ်သက်၍ ဦးထွန်းထွန်းလင်းသည် ရောင်းချ၊ ပေါင်းနှံ၊ ငှားရမ်း၊ ပေးကမ်းစွန့်ကြဲခြင်းများ ဆောင်ရွက်ခွင့်သက်ဆိုင်ခွင့် မရှိတော့ကြောင်း ဦးထွန်းထွန်းလင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထက်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်နေဝင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၇၁)**
**အမှတ်(၁/၅၄)၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်တွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းမြင့်လယ်ယာမြေ ဧက ၄၀၀ဖော်ထုတ်ခြင်း လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၉-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းလွဲ ၂ နာရီ

စက်မှုလယ်ယာဦးစီးဌာန
အမှတ်(၃) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းရုံး၊ ချင်းပြည်နယ်-ဟားခါးမြို့
**ဆက်သွယ်ရန်** ဖုန်း-၀၇၀-၂၁၆၃၇၊ ၀၉-၂၄၅၁၀၅၈

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာသစ်၊ သဇင်လမ်းသွယ်(၁)၊ အမှတ်(၁၄/၁၈၄/က)၊ ဘိုးဘွားပိုင်မြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၅×၂၀)ရှိ မြေနှင့်မြေပေါ်ရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ လျှပ်စစ်မီးပါ မြေနှင့်အိမ်အား ဦးတင်မျိုးလွင် ၁၂/သကတ(နိုင်)၀၃၀၅၂၃ထံမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် နေအိမ်အား အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်ကြူ ၁၂/သလန(နိုင်)၀၅၄၅၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8352 Mitsubishi Fuso Van(8x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဦး ၇/ဝမန(နိုင်)၁၁၀၃၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ မြို့နယ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|
| (က) သန်လျင်မြို့နယ် ဝန်ထမ်းနေအိမ် | ၁ လုံး |
| (ခ) ရွှေပြည်သာမြို့နယ် ဝန်ထမ်းနေအိမ် | ၁ လုံး |
| (ဂ) လှိုင်သာယာမြို့နယ် ဝန်ထမ်းနေအိမ် | ၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ လွှတ်တော်ရုံးဝင်း) တွင်လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၇-၂၀၁၆ ရက်

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂၆-၈-၂၀၁၆ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၂၃၀၂၁၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းအကွက်အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/စ^က၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၉၅၆ ဟုခေါ်တွင်သော ဧရိယာ ၂၂/၄၈×၆၀/၁၀၅ ပေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူများ (၁) ဒေါ်ခင်စန်းဝင်း ၁၂/အစန(နိုင်)၀၁၂၃၂၈၊ (၂) ဦးစောသက်ပိုင်ထွန်း ၁၂/အစန(နိုင်)၁၇၈၁၆၇၊ (၃) ဦးနိုင်အောင်ထွန်း ၁၂/အစန(နိုင်)၀၂၀၀၀၇ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိပါက ကျွန်ုပ်ထံတိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်း LL.B (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၃၀၉၃၄၇၀**

## အမည်မှန်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဟိန်းရတနာအောင် ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်းကျောင်းသူ (ဘ) ဦးသိန်းဇော်ဦး ၉/ပမန(နိုင်)၁၃၇၀၃၉ ၏သမီး မငြိမ်းပြည့်လှိုင်၏ အမည်မှန်မှာ မဇာနည်ဦးဖြစ်၍ မောင်အောင်မင်းခန့် တက္ကသိုလ်ဝင်တန်း ဟိန်းရတနာအောင် ကိုယ်ပိုင်ကျောင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင်ဦး ၉/ပမန(နိုင်) ၀၅၄၈၀၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဆဋ္ဌမတန်း၊ ကျောင်းဝင်အမှတ် (က/၅၅၇၈) မောင်စိုးမိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုးဦး ၉/မဟမ(နိုင်) ၀၁၅၀၀၉ ဖြစ်ပါကြောင်း။

**ဦးကြည်စိုးဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၂၆၅၀ ယာဉ်မှတ်ပုံတင်အမည်ပေါက်သူ မာရီစတုပ်(စ်)အင်တာနေရှင်နယ်မြန်မာက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

**စာအုပ်စာပေလူ့မိတ်ဆွေ**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကျင်းပသည့် လစဉ်လူထုစုပေါင်းစက်ဘီးစီးပွဲ၏ ပထမလစက်ဘီးစီးဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက အချက်ပြသေနတ်ပစ်ဖောက် တာလွှတ်ပေးစဉ် မျိုးဝင်း(စစ်ကိုင်း)

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ရော်ဂျာရိုင်နာက “ ဒီပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အတွေ့အကြုံရှိတဲ့သူတွေပါဝင်တာကြောင့် အသင်းကို ပိုမိုတောင့်တင်းစေမှာပါ။ ထိုင်းနဲ့ခြေစမ်းပွဲမှာ ပရိသတ်တွေ အများကြီးလာရောက်အားပေးခဲ့ပြီး အခုပြိုင်ပွဲမှာလည်း လာရောက်အားပေးမယ်လို့ ယုံကြည်ပါတယ်။ ပရိသတ်အားပေးမှုကြောင့် အောင်မြင်မှုရနိုင်မယ်လို့ ထင်ပါတယ်” ဟု ပြောသည်။




ပွဲကြိုသတင်းစာရှင်းလင်းပွဲတက်ရောက်ခဲ့သည့် နည်းပြချုပ်များအား တွေ့ရစဉ်

သြစတြေးလျ ယူ-၂၀ အသင်းနည်းပြချုပ်ဒန်းနစ်က “ကျွန်တော်တို့ပါတဲ့ အုပ်စုမှာ မြန်မာအသင်းနဲ့ အဓိကယှဉ်ပြိုင်ရမှာဖြစ်ပေမယ့် အခြားအသင်းတွေကို လျှော့မတွက်ပါဘူး။ မြန်မာအသင်းအကြောင်း သေချာမသိပေမယ့် လေးလေးစားစား ယှဉ်ပြိုင်သွားမှာပါ” ဟု ပြောကြားခဲ့သည်။ ထိုင်းအသင်းနည်းပြချုပ် ဂျက်စတင်ပီရာက “ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်ထားပါတယ်။ ပြိုင်ပွဲမတိုင်ခင်မှာ မြန်မာအသင်းနဲ့ ခြေစမ်းကစားခဲ့တဲ့ ပွဲထွက်လူစာရင်းကတော့ အပြောင်းအလဲရှိမှာဖြစ်ပြီး ကစားကွက်လည်း ပြောင်းလဲဖို့ရှိပါတယ်” ဟု ပြောကြားခဲ့သည်။ ဗီယက်နမ်အသင်းနည်းပြချုပ် မိုင်ဒူချန်က “ချန်ပီယံဆုဖလားရယူနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ဗီယက်နမ်ပရိသတ်တွေအတွက် အောင်မြင်မှုရယူပေးလိုပါတယ်” ဟု ပြောကြားခဲ့သည်။

ပြိုင်ပွဲဝင်အသင်းများအနက် တီမောအသင်းသည် လေယာဉ်လက်မှတ်အခက်အခဲကြောင့် ရောက်ရှိလာခြင်းမရှိသေးဘဲ ဇူလိုင် ၂၆ ရက်အထိ စောင့်ကြည့်သွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ခွင့်ပြု၊ မပြုကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်သွားမည်ဖြစ်သည်။ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ စတင်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲအဖြစ် ညနေ ၃ နာရီတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၃၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။

**သတင်း - ညီမြတ်သော်၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၅**

၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ** ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**-ရော်ဂျာရိုင်နာ (နယ်သာလန်)၊ **နည်းစနစ်အကြံပေး**- ဦးအေးမောင်ကြီး၊ **လက်ထောက်နည်းပြ**-ဦးအောင်နိုင်နှင့် ဒေါ်သက်သက်ဝင်း၊ **ဂိုးနည်းပြ**-ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုး**-မြဖူးငုံ၊ ဇာဇာမြင့်၊ သန္တာဦး၊ **နောက်တန်း**-ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ လဲ့လဲ့လှိုင်၊ အေးမျိုးမြတ်၊ ဇင်မာထွန်း၊ အေးအေးမိုး၊ **အလယ်တန်း**-စန်းစန်းမော်၊ ဝင်းသီရိထွန်း၊ နော်အားလိုဝါးဖော၊ ခင်မာလာထွန်း၊ မေသူကျော်၊ လှယဉ်ဝင်း၊ ရှုပါခိုင်၊ မေစံပယ်ဖူး၊ နီလာဝင်း၊ ခင်မိုမိုထွန်း၊ **ရှေ့တန်း**-ခင်မိုးဝေနှင့် ရီရီဦးတို့ ပါဝင်ကြသည်။ မြန်မာအမျိုးသမီး အသင်းသည် အပြီးသတ်လူစာရင်းကို ဇူလိုင် ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး မေဇင်နွယ် (ဂိုး)၊ ငယ်ငယ်ထွေးနှင့် ခင်ပြည့်လင်းတို့ ကျန်ရစ်ခဲ့သည်။ လက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီး ပြန်လည်ကစားပေးသည့် စန်းစန်းမော်နှင့် မြဖူးငုံ (ဂိုး)တို့မှာ အပြီးသတ်လူစာရင်းတွင် ပါဝင်လာခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၂၇ ရက်တွင် တီမော၊ ဇူလိုင် ၂၉ ရက်တွင် မလေးရှား၊ ဇူလိုင် ၃၁ ရက်တွင် သြစတြေးလျ ယူ-၂၀ အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံး အသင်းသည် ပြိုင်ပွဲမတိုင်မီ တောင်ကိုရီးယားလက်ရွေးစင်၊ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ဂျပန်ကလပ်အသင်းများနှင့် ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားထားသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**




အာဆီယံအမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းအား အုပ်ချုပ်သူ နည်းပြအဖွဲ့နှင့်အတူ တွေ့ရစဉ်








**အမည်မှန်**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ ဦးသန်းထွန်း၏သား မောင်ပြည့်ဖြိုးအောင်၏အမည်မှန်မှာ မောင်အောင်စိုးသိန်း ၁၀/သဖရ(နိုင်)၁၆၅၃၉၁ ဖြစ်ပါကြောင်း။

**မောင်အောင်စိုးသိန်း ၁၀/သဖရ(နိုင်)၁၆၅၃၉၁**

**ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၉၀၄၀၂ ၏ ညွှန်ကြားချက်အရ ဥပဒေအကျိုးဆောင် ဦးအောင်ဝင်းနိုင် (စဉ်-၁၇၅၄၇) ၏ (၂၇-၅-၂၀၁၆)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၅ ပါ ကြေညာချက်မှန်ကန်မှုမရှိကြောင်း**

**အများသိစေရန်ကြော်ငြာခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းမော် ၁၂/ဗတထ(နိုင်)၀၁၆၆၉၃ သည် ဦးသောင်းကြိုင်နှင့် ဒေါ်ခင်ရွှေတို့၏ သားသမီးလေးဦးအနက် ဒုတိယမြောက်သမီးဖြစ်ပါသည်။ မိခင်ဒေါ်ခင်ရွှေသည် ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ ဖခင်ဦးသောင်းကြိုင်မှာ ၇-၁-၂၀၁၆ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ရာ မိဘနှစ်ပါးကွယ်လွန်ပြီးနောက် မည်သည့်ရွှေ့ပြောင်း/ မရွှေ့ပြောင်းပစ္စည်းများ ကျန်ရစ်ခဲ့ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးညွန့်ဝင်း (စဉ်-၇၁၁၉)** H.G.P, LL.B, D.B.L, D.M.L Post Graduate Dip.in Global English

**ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** LL.B, D.B.L, D.I.L, W.I.P.O(Switzerland)

**တရားလွှတ်တော်ရှေ့နေများ**

ဒေါ်ထွေးထွေးခိုင် (စဉ်-၃၈၆၅၃)　ဒေါ်နော်စုလှဖြူ (စဉ်-၄၅၃၆၈)
ဦးပြည့်ဖြိုးသူ (စဉ်-၄၆၁၄၀)　ဦးကျော်ထိုက် (စဉ်-၄၅၉၁၈)

**အထက်တန်းရှေ့နေများ**

အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၈၄၆၊ ၀၉-၇၉၅၅၄၅၄၈၂

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုမူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ခွဲကျောက်မျိုးစုံ (၁၀၇၄.၅ ကျင်း)၊ သဲကြမ်း (၄၇.၇၅ကျင်း)၊ သဲကျောက် (၃၅.၁၂၅ကျင်း)၊ ဘိလပ်မြေ (၃၂.၁၄၅တန်)၊ သံချောင်းလုံး Sizeစုံ (၃.၃၇၄၅တန်)၊ တောသစ် (၃.၄၁၀၅တန်)များအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | |
|---|---|
| **တင်ဒါအမှတ်(၁)** | ၂၀၁၆-၂၀၁၇ |
| (က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** | ၂၆-၇-၂၀၁၆ ရက် |
| (ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** | ၁-၈-၂၀၁၆ ရက် ၁၁း၀၀နာရီ |
| (ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** | ၁-၈-၂၀၁၆ ရက် ၁၃း၀၀နာရီ |
| (ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မိုးညှင်းခရိုင်း၊ မိုးညှင်းမြို့ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မိုးညှင်းမြို့ ဖုန်း-၀၇၄-၆၀၀၁၀ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖခင်အမည်မှန်**

မြင်းခြံမြို့၊ အထက(၂)အခန်း (A)မှ သတ္တမတန်းကျောင်းသား မောင်သန်းကြွယ်၏ဖခင် အမည်မှန်မှာ ဦးစံကျော် ၉/မခန(နိုင်)၁၄၂၅၅၂ ဖြစ်ပါကြောင်း။ **ဦးစံကျော်**

**မြေကွက် အမြန်ရောင်းမည်**

သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးမှ အနည်းငယ်ဝင်ရုံနှင့် Junction Zawana အနီး ဇေတိကအိမ်ရာနှင့်ကပ်လျက် ဓ/မြောက်ရပ်ကွက်၊ အောင်သပြေလမ်း၊ ပေ(၄၅×၅၅)၊ ဘိုးဘွားပိုင်မြေ၊ မြေကွက်ကျယ်ရောင်းမည်။ **သိန်း(၂၉၅၀) ဖုန်း-၀၉-၅၀၂၈၂၆၉၊ ၀၉-၂၅၀၁၄၆၂၄၃၊ ၀၉-၇၈၇၂၂၇၈၂၆**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/8391 Honda Fit GE6, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလှ ၁၂/ခရန(နိုင်)၀၃၃၂၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# မြိတ်မြို့တွင် ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာ ထိုင်းဘာသာစကားပြော အခမဲ့သင်တန်းဆင်းပွဲကျင်းပ

**မြိတ် ဇူလိုင် ၂၅ ရက်**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြိတ်မြို့ ကန်ဖျားရပ် မြေနီလမ်းရှိ AKM Tourism ရုံးခန်းမ၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်)ရုံးခွဲနှင့် AKM Tourism တို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် ဟိုတယ်လုပ်ငန်းသုံးဆိုင်ရာ ထိုင်းဘာသာစကားပြော အခမဲ့သင်တန်းဆင်းပွဲကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်)မော်တောင်ရုံးခွဲမှတာဝန်ခံ ဦးမိုးကျော်အောင်က သင်တန်းတက်ရောက်ကြသည့် သင်တန်းသားများအား ထိုင်းဘာသာစကားကို ပိုမိုကျွမ်းကျင်တတ်မြောက်အောင် ဆက်လက်လေ့လာကြရန် တိုက်တွန်းစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများကို တနင်္သာရီဇုန်ခရီးသွားလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ AKM Tourism မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းသင်တန်းကို သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး ထိုင်းမှနည်းပြဆရာတစ်ဦး၊ ဆရာမတစ်ဦးနှင့် အကူနည်းပြများဖြင့် ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၂ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# အထက်မြန်မာပြည်ပန်းချီအသင်း၏ပြပွဲ မန္တလေးတောင်ခြေပန်းချီပြခန်း၌ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

အထက်မြန်မာပြည် ပန်းချီအသင်း (မန္တလေး) ရန်ပုံငွေပန်းချီပြပွဲဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက မန္တလေးတောင်ခြေပန်းချီပြခန်း (Mandalay Hill Art Gallery) ၌ ကျင်းပရာ အထက်မြန်မာပြည်ပန်းချီဆရာအသင်း ဥက္ကဋ္ဌဆရာကြီး ဦးခင်မောင်သန်းနှင့် အမှုထမ်းများ၊ ပန်းချီဆရာများ၊ ဧည့်သည်တော်များ၊ ပန်းချီဝါသနာရှင်များနှင့် မီဒီယာများ စုံလင်စွာ တက်ရောက်ကြသည်။



ရှေးဦးစွာ အထက်မြန်မာပြည် ပန်းချီအသင်းဥက္ကဋ္ဌဆရာကြီးက ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆရာဦးကိုကိုကြီးနှင့် ဆရာဦးသက်နိုင် (ဘာမျှုရယ်-သက်နိုင်) တို့က မုဒိတာစကား ပြောကြားခဲ့သည်။

အဆိုပါ ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ည ၉ နာရီထိပြသထားပြီး လာရောက်ကြည့်ရှုလေ့လာသူများပြားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# နိုင်ငံရေးဆွေးနွေးပွဲနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်အား မြှင့်တင်ခြင်းအခမ်းအနားကျင်းပ

**တောင်ကြီး ဇူလိုင် ၂၅**

ငြိမ်းချမ်းရေးဖိုရမ် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အား မြှင့်တင်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီကခွဲက ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ကျင်းပရာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုများခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသမီးများလုံခြုံရေးနှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အနာဂတ်မြန်မာနိုင်ငံတွင် ကျင့်သုံးရမည့် ဖက်ဒရယ်စနစ်ခေါင်းစဉ်ဖြင့်လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူတို့က ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။ အခမ်းအနားသို့ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ငြိမ်းချမ်းရေးဖိုရမ်ဖြစ်မြောက်ရေးအဖွဲ့များ၊ နိုင်ငံရေးခေါင်းဆောင်ကိုယ်စားလှယ်များ၊ အမျိုးသမီးထုများ၊ ငြိမ်းချမ်းရေးကိုလိုလားသော ပြည်သူလူထုများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ပဲတီစိမ်းထွက်နှုန်းနည်း၊ ဈေးမကောင်း၍ပဲစိုက်တောင်သူများဝင်ငွေလျော့

**ရမည်းသင်း ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ယခုနှစ်မိုးဦးသီးနှံ ပဲတီစိမ်းထွက်နှုန်းလျော့ဈေးမကောင်း၍ ပဲတီစိမ်းစိုက်တောင်သူများ ဝင်ငွေလျော့နည်းကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် ပဲတီစိမ်းကို မိုးဦးသီးနှံအဖြစ် အများအပြား စိုက်ပျိုးကြသည်ဟုသိရပြီး ရာသီဥတုအနေအထားအရ ပဲပင်များအသီးအတွက်ပန်းပြချိန်တွင် မိုးရွာသွန်းမှုနည်းသောကြောင့် နောက်သီး၊ နောက်ပွင့်မလိုက်၍ ထွက်နှုန်းနည်းသည်ဟု သိရသည်။ ထို့အပြင်ပဲကောက်ချိန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများရှိကာ ပဲကောက်ရက်များ မမှန်၍ ထွက်နှုန်းနည်းသည်ဟု သိရသည်။ ပဲထွက်နှုန်းနည်းသည့်အပြင် လုပ်ငန်းအလုပ်သမားရှားပါးမှုကြောင့် ပဲကောက်နေ့စားအလုပ်သမားတစ်ယောက်လျှင် တစ်နေ့ကုန် ယခင်နှစ်က ငွေကျပ် ၂၀၀၀ သာ ပေးရသော်လည်း ယခုနှစ်တွင် အလုပ်သမားတစ်ဦးလျှင် တစ်နေ့ကုန် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ဝန်းကျင်တိုးမြှင့်ပေးငှားရကြောင်း သိရသည်။



“ပဲပင်အနေအထားအရ နောက်သီးထပ်ကောက်ရဖို့ မလွယ်ဘူး၊ မရနိုင်ဘူး၊ ပဲကောက် နေ့စားအလုပ်သမားခကလည်း ဈေးတက်တယ်။ တစ်ကေကို ၁၀ ယောက်အနည်းဆုံး ကောက်မှနိုင်တယ်၊ ထွက်နှုန်းကလည်း အရင်နှစ်ကထက် သုံးချိုးတစ်ချိုးလောက် လျော့သွားတယ်၊ ဒီအပြင် ပဲဈေးကလည်းမကောင်းဘူး။ မျိုးဖိုး၊ လုပ်အားခ၊ ပဲခွဲခနဲ့တွက်ရင် အခုနှစ် မရှုံးရုံဘဲ”ဟု ရွာတန်း လယ်သာအုပ်စု ရွာမကျေးရွာနေ ပဲစိုက် တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် ပဲတီစိမ်းပေါ်ချိန်တွင် တစ်တင်းငွေကျပ် ၃၃၀၀၀ ရောင်းရသော်လည်း ယခုအခါ တစ်တင်းငွေကျပ် ၂၈၀၀၀ သာ ရောင်းရသောကြောင့် ယခုနှစ်မိုးဦး ပဲတီစိမ်းစိုက်တောင်သူများ ယခင်နှစ်ကထက် ဝင်ငွေလျော့နည်းကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# တမူးမြို့(၄)မိုင် စစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များအားရှောင်တခင်စစ်ဆေး

**တမူး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး တင့်ဝေဦးဆောင်သောအဖွဲ့သည် တမူး-ကလေးသွား အာဆီယံချစ်ကြည်ရေးကားလမ်းမကြီးပေါ်ရှိ ၄ မိုင်စစ်ဆေးရေး ရဲကင်းဂိတ်၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ၄ မိုင်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တမူး-ကလေး-မန္တလေး-မုံရွာမြို့များမှ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ လက်နက်ခဲယမ်းများသယ်ဆောင်ခြင်းရှိ မရှိ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တမူးမြို့သည် နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်ပြီး ၄ မိုင်စစ်ဆေးရေးဂိတ်သည်လည်း နယ်စပ်မြို့အတွက် အလွန်အရေးကြီးသော ဂိတ်ဖြစ်ရာ ဝင်ထွက်သွားလာနေသော မော်တော်ယာဉ်များကို နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**



# ဖြူးမြို့နယ်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုး

**ဖြူး ဇူလိုင် ၂၅**

လယ်ယာကဏ္ဍခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးဦးတည်၍ တောင်ငူခရိုင် ဖြူးမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်း သရုပ်ပြပွဲကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



သရုပ်ပြပွဲတွင် စပါးမျိုးကောင်းမျိုးသန့်ဖြစ်သည့် ရွှေပြည်ဒွေး စပါးပျိုးပင်များအား ကောက်စိုက်စက်ဖြင့် အမှတ် (၈၇) စက်မှုလယ်ယာစခန်းဝင်းဘေး လယ်ယာမြေတွင် သရုပ်ပြစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ဖြူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ကွမ်းရွက်ဈေးကျသော်လည်း ကွမ်းပစ္စည်းများ ဈေးမြင့်ဆဲ

**နွားထိုးကြီး ဇူလိုင် ၂၅**

ကွမ်းရွက်ဈေးကျနေသော်လည်း ကွမ်းသီးနှင့် အခြားပစ္စည်းများဈေးတက်ဝယ်နေရ၍ နွားထိုးကြီးကွမ်းယာဆိုင်များ အလုပ်မဖြစ်ကြဟု ကွမ်းယာဆိုင်တို့ကပြောသည်။ ကွမ်းရွက်ဈေး လက်ကားငွေကျပ် ၇၀၀၊ ၈၀၀၊ လက်လီ ငွေကျပ် ၂၀၀၀ ဝန်းကျင်ရှိ၍ အသက်ရှူချောင်နေသော်လည်း ကွမ်းသီးဈေးမှာ ငွေကျပ် ၈၅၀၀၊ ၁၀၀၀၀ ဖြစ်နေပြီး ကွမ်းစားဆေးမွှေးများက ငွေကျပ် ၁၀၀၀ ဝန်းကျင်နှင့်အထက် ဝယ်ယူနေရသည်။ နွားထိုးကြီးတွင် ခြတ်တိုင်တစ်တိုင်ခြား ကွမ်းယာဆိုင်ရှိပြီး လက်ဖက်ရည်ဆိုင်များသည် ဌာနဆိုင်ရာရုံးများ တစ်ဝိုက်တွင် လေးငါးဆိုင်အထိရှိနေပြီး လူငယ်လူရွယ်များအပြင် ရုံးဝန်ထမ်းနှင့် ကျေးရွာများကလည်း စားသုံးမှုရှိနေ၍ တိုက်ဆောက်၊ ကားဝယ်နိုင်သော ကွမ်းယာဆိုင်ကြီးများလည်း ရှိနေသည်။ ဖားကန့် မိုးကုတ်တို့မှာ ကျောက်တူးသလိုပါဟု ကွမ်းယာဆိုင်ရှင်အချို့က ဝေဖန်နေသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

# ရာဇပလ္လင် သီဟာသန

မောင်သာ(ရှေးဟောင်းသုတေသန)



ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ပြသထားသည့် သီဟာသနပလ္လင်တော်ကိုမြင်ရတိုင်း မြန်မာဘုရင်များ နန်းစံခဲ့စဉ်က နန်းတော်တွင် ထားရှိခဲ့သည့် ပလ္လင်ကိုးခုအနက် ယခုတိုင်ကျန်ရှိနေသည့် ပလ္လင်တစ်ခုဖြစ်ကြောင်း သတိမူနိုင်ကြပေသည်။

သီဟာသနသည် ပါဠိဝေါဟာရ သီဟနှင့်အာသနကို ပေါင်းစပ်ထားသည့် စကားလုံးဖြစ်ပြီး သီဟသည်ခြင်္သေ့၊ အာသနသည်နေရာဟု အနက်ရှိသဖြင့် သီဟာသနသည် ခြင်္သေ့(ခံထားသော)နေရာဟု အဓိပ္ပာယ်ရသည်။

ပလ္လင်သည် ပါဠိဝေါဟာရ ပလ္လင်္ကမှ ဆင်းသက်လာသည့် စကားလုံးဖြစ်ပြီး မြန်မာအဘိဓာန်တွင် ပလ္လင်ကို မြင့်မြတ်သောပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသောခုံမြင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် သီဟာသနပလ္လင်သည် မြင့်မြတ်သော(ဘုရင်)ထိုင်သည့် ခြင်္သေ့ရုပ်ခံထားသော ထိုင်ခုံမြင့်ဟု ဆိုရပေမည်။ ဆွမ်းတော်တင်ထားသော စားဖွယ်များကိုစွန့်သည့် သစ်သားစင် သို့မဟုတ် အုတ်ခုံငယ်ကိုလည်း သင်ပုတ်စင်၊ ပလ္လင်ဟုလည်း ခေါ်ကြသည်။

မြန်မာ့စွယ်စုံကျမ်း၌ ကျမ်းဂန်များတွင် ပလ္လင်ခြောက်ခန်းရှိပြီး မင်းဧကရာဇ်တို့ထိုင်သော ရာဇပလ္လင်ရှစ်မျိုးရှိကြောင်း ဖော်ပြထားသည်။ ပလ္လင်ခြောက်ခန်းသည် မြတ်စွာဘုရားပွင့်တော်မူရာ အပရာဇိတပလ္လင်၊ ဗြဟ္မာမင်းတို့ထိုင်သော ကမလာသနခေါ် ကြာပလ္လင်၊ နတ်တို့ထိုင်သော မိဗ္ဗာသနပလ္လင်၊ လူမင်းတို့ထိုင်သော ရာဇပလ္လင်၊ တရားသူကြီးတို့ထိုင်သော အဋ္ဋကရနပလ္လင်၊ ဓမ္မကထိကတို့ထိုင်သော ဓမ္မာသနပလ္လင်များ ဖြစ်ကြသည်။

ဘုရားရှင်ထိုင်တော်မူသော အပရာဇိတပလ္လင်သည် ရှေ့နောက် လက်ဝဲလက်ယာမှ တက်ရောက်နိုင်သည့် ပလ္လင်လုံးဖြစ်ပြီး ရာဇပလ္လင်သည် မာရဘင်တွင်ကပ်၍ တစ်ခြမ်းသာရှိသည်။ မာရဘင်ဟူသည် နန်းဆောင်တွင် ကြမ်းပြင်မှအမိုးအထိ ပိတ်ဆီးထားသော အကာအရံဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုပြီး ပလ္လင်၏ မာရဘင်သည် နောက်ခံအကန့်(ကန့်လန့်ဖြတ်ခန်းဆီး) ဖြစ်သည်။ ရာဇပလ္လင်များ၏ မာရဘင်တွင် တံခါးပေါက်ပါရှိပြီး ဘုရင်နှင့်မိဖုရားတို့သည် ပလ္လင်ပေါ်သို့ အနောက်ဘက်မှ တက်ရောက်ကြရသည်။

ပလ္လင်တွင်ခံထားသော အရုပ်ကိုစွဲ၍ မှည့်ခေါ်သည့် ပလ္လင်အမည်ရှစ်မျိုးရှိပြီး ပလ္လင်များထားရှိရာနေရာ ကိုးဌာနရှိသဖြင့် 'ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်'ဟု ခေါ်ဆိုကြသည်။ ရှင်ဘုရင်တို့ အပူဇော်ခံရာတွင် သုံးစွဲသည့် ခြင်္သေ့ရုပ်ခံထားသော ယမနေသားပလ္လင်ကို သီဟာသနပလ္လင်ဟု ခေါ်ဆိုပြီး ပိတုန်းရုပ်ခံကာ ကရဝေးသားဖြင့်ပြုလုပ်ထားသည့် ဘမယာသနပလ္လင်ကို စက်တော်ခေါ်ရာတွင် အသုံးပြုသည်။ ပဒုမ္မာကြာပွင့်ခံထားသည့် ပဒုမ္မာသနပလ္လင်ကို သရက်သားဖြင့်ပြုလုပ်ကာ ကန်တော့ခံရာတွင် အသုံးပြုသည်။ ဝတ်ပြုရာတွင်သုံးသည့်ပလ္လင်သည် ဟံသာသနပလ္လင်ဖြစ်ပြီး သင်္ကန်းသားဖြင့်ပြုလုပ်ကာ ဟင်္သာရုပ်ခံထားသည်။ ထို့အတူပင် ဂဇာသနပလ္လင်ကို ဆင်ရုပ်ခံပြီး စကားသားဖြင့်ပြုလုပ်ကာ လက်ဆောင်တော်ခံယူရာတွင်လည်းကောင်း၊ သင်္ခါသနပလ္လင်ကို ခရုသင်းရုပ်ခံ၍ တောင်ပိန္နဲသားဖြင့်ပြုလုပ်ကာ တရားစီရင်ရာတွင်လည်းကောင်း၊ မိဂါသနပလ္လင်ကို သမင်ရုပ်ခံ၍ ရေသဖန်းသားဖြင့်ပြုလုပ်ကာ အလှူတော်ရေစက်ချရာတွင်လည်းကောင်း၊ မယုရာသနပလ္လင်ကို ဥဒေါင်းရုပ်ခံလျက် ပေါက်သားဖြင့်ပြုလုပ်ကာ ကန်တော့ပန်းသိမ်းရာတွင်လည်းကောင်း အသုံးပြုလေ့ရှိခဲ့သည်။

ပလ္လင်ရှစ်ရပ်တွင် သီဟာသနပလ္လင်ကို မြေနန်းပြသာဒ်နှင့် လွှတ်တော်ဇေတဝန်ဆောင်၊ ဘမယာသနပလ္လင်ကို မှန်နန်းဆောင်၊ ပဒုမ္မာသနပလ္လင်ကို အနောက်ဇေတဝန်ဆောင်၊ ဟံသာသနပလ္လင်ကို အရှေ့ဇေတဝန်ဆောင်၊ ဂဇာသနပလ္လင်ကို ဗြဲတိုက်ဆောင်၊ သင်္ခါသနပလ္လင်ကို လေသာဆောင်၊ မိဂါသနပလ္လင်ကို တောင်စမုတ်ဆောင်နှင့် မယုရာသနပလ္လင်ကို မြောက်စမုတ်ဆောင်တွင် ထားရှိသည်။ ပလ္လင်ရှစ်ရပ်သာရှိသော်လည်း သီဟာသနပလ္လင်ကို နှစ်နေရာထားရှိသဖြင့် ပလ္လင်ရှစ်ခန်း ရွှေနန်း ကိုးဆောင်ဟု ဖြစ်လာခဲ့သည်။

**လော့ဒ်မောင့်ဘက်တန်သည် မြန်မာနိုင်ငံမှသယ်ယူသွားခဲ့သည့် သီဟာသနပလ္လင်ကို မြန်မာပြည်သူများအား ပြန်လည်ပေးအပ်ရန် ဗြိတိသျှဘုရင်ဂျော့ထံ အကြံပြုခဲ့သည်။ ဘုရင်က သဘောတူညီခဲ့သဖြင့် ထိုစဉ်က မြန်မာနိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံမှောက်၌ ၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက်တွင် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။**

မင်းဧကရာဇ်တို့ထိုင်သော ရာဇပလ္လင်များသည် ပလ္လင်အနိမ့်အမြင့် ပမာဏကို မူတည်၍ အမြင့် ၁၆ တောင်ရှိသော မဟာပလ္လင်၊ အမြင့်ရှစ်တောင်ရှိသည့် မဇ္ဈိမပလ္လင်နှင့် အမြင့်လေးတောင်ရှိသော စူဠပလ္လင်ဟူ၍ သုံးမျိုးကွဲပြားသည်။ ရာဇပလ္လင်တစ်ခုတွင် ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ချူး၊ ကြာ၊ ဦးဆောက်ပန်းဟူသည့် နေရာ ၁၂ ခု ပါဝင်သည်။

ကေသရာခြင်္သေ့မင်း၏ သန်မြန်ခြင်း၊ ဝင့်ကြွားခြင်း၊ အရပ်ကိုးမျက်နှာကို မြူးတူးခုန်လွှား ကြုံးဝါးလျက် ရန်အပေါင်းကို နှိမ်နင်းနိုင်သည့်နိမိတ်ကို ဖော်ညွှန်းလျက် ရာဇပလ္လင်အောက်ခံခုံနှင့် ဥကင်ဝဲယာနှစ်ဖက်တွင် ခြင်္သေ့ရုပ်ကို ထုလုပ်ကြသည်။ ဥကင်သည် ရာဇပလ္လင်၏ အထွတ်နေရာဖြစ်ပြီး ဆင်ပျံနှင့် လောကနတ်ရုပ်များကိုလည်း ဥကင်၏ဝဲယာတွင် ထုလုပ်ကြသည်။ ထိုသို့ ထုလုပ်ခြင်းတွင် နောက်ခံ ရာဇဝင်အကြောင်းခံရှိသည်။ ကေသရာခြင်္သေ့သည် ရွှေဂူမှထွက်လာစဉ် မိမိအစာဖြစ်သည့် တိမ်ညွန့်နှင့်ပတ်သက်၍ ကောင်းကင်ပျံဆင်နှင့် ခိုက်ရန်ဖြစ်ပွားခဲ့ရာ ခြင်္သေ့သည် ဆင်ပျံ၏ ဦးကင်းကိုနင်းလျက် နှာမောင်းကိုစုတ်ယူနေစဉ် လောကနတ်သည် ရန်ပွားနေကြသည့် ခြင်္သေ့နှင့်ဆင်ပျံကိုမြင်ပြီး ခြေတွင် စည်းစုပ်တီးလျက် သီချင်းသီခဲ့သည်။ လောကနတ်၏ သာယာသော ကခုန်ရွှင်မြူးသံကြောင့် ခြင်္သေ့နှင့်ဆင်ပျံတို့ ရန်ငြိမ်းခဲ့ကြပုံကို အစွဲပြုလျက် လောကနတ်ခြေတွင် စည်းစုပ်နှင့်ကဟန်၊ ဆင်ပျံဦးကင်းကို ခြင်္သေ့က နင်းလျက် နှာမောင်းကိုစုတ်ဟန် ထုလုပ်ကြသည်။

ရာဇပလ္လင် ဥကင်ဝဲယာနှစ်ဖက်တွင် ဒေါင်းမြီးယပ်ကိုထားရှိခြင်းသည် တင့်တယ်လှပသည့် ဘုရားလောင်းဥဒေါင်းမင်းကို မင်းခြောက်ဆက်တို့က ကျော့ကွင်းထောင်ဖမ်းယူခဲ့သော်လည်း သစ္စာအာနုဘော်ကြောင့် ဖမ်းဆီး၍မရသည့် နိမိတ်ကိုယူကာ ဒေါင်းမြီး၏ တင့်တယ်လှပမှုကို ဖော်ညွှန်းခြင်း ဖြစ်သည်။ ထို့အတူ ဥကင်ဘေးနှစ်ဖက်တွင် ဆင်ကိုးမျိုးထက်မြတ်သော ဆဒ္ဒန်ဆင်မင်းကို အစွဲပြုလျက် ဆင်နားနှင့် သဏ္ဍာန်တူ ထုလုပ်ထားသည်။ ဥကင်၌ မုခ်တံခါးရှိသဖြင့် တံခါးတိုင်ပြုလုပ်ထားပြီး ဘုရားရှင်၏ ၁၀၈ ကွက် စက်လက္ခဏာတော်တွင် တစ်ခုအပါအဝင်ဖြစ်သော တံခါးတိုင်ကို ဖော်ညွှန်းထားပေသည်။ ရာဇပလ္လင် ဥကင်တိုင်နှစ်ခု၏ အထက်အောက်တွင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်ချ ထိုင်နေပုံကို ထုလုပ်ထားကြောင်း တွေ့ရှိနိုင်သည်။

မင်းဧကရာဇ်တို့၏ တုရင်ဗိမာန်အား သိကြားမင်း ၃၃ပါး စောင့်ရှောက်သည့်အဓိပ္ပာယ်ဖြင့် ရာဇပလ္လင်တွင် သိကြားရုပ်များကို ထည့်သွင်းထုလုပ်ကြရသည်။ မြန်မာအဘိဓာန်တွင် တုရင်ကို ပြာသာဒ်အထောင့်အချိုးတို့တွင် ထောင်လျက်တပ်ဆင်ထားသော အပြောက်အမွမ်းတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ရာဇပလ္လင်၏ ဝဲယာနှစ်ဖက်တွင် ပဒုမ္မာကြာပွင့်ခံ၍ သားမြီးယပ်စွဲကိုင်ထားသော သိကြားရုပ် ၁၆ ရုပ်စီနှင့် တုရင်ဗိမာန်တွင် သိကြားမင်းတို့၏အကြီးအကဲ မာတလိရုပ်ကို ထားရှိသည်။ မာတလိရုပ်၏ နဖူးပြင်တွင် မှန်တိုင်ရှိပြီး မှန်တိုင်သည် နတ်မင်းက လူမင်းကို ဆုံးမဩဝါဒပေးခြင်းကို ဖော်ညွှန်းထားပုံကို ရွှေဘုံနိဒါန်းတွင် 'သာသနာကိုစောင့်ထိန်း၍ မကောင်းသသူကို မကောင်းလျော့က်၊ ကောင်းသသူကို ကောင်းလျော့က် ချီးမြှောက်နှိမ့်ချခြင်း၌ မှန်ကန်တော်တည့်ဖြောင့်မတ်စွာ အကျွန်ုပ်ကဲ့သို့ ပြုတော်မူ၊ အမှတ်ပေးခြင်းငှာ မြတ်သောမင်းကြီး၊ တရားနှင့်ညီသဖြင့် ပြည်ကို ကောင်းစွာစောင့်ရှောက်မတော်မူလော့၊ အကျွန်ုပ်၏နဖူးပြင်၌ ရွှေမှန်တိုင်ကို ရှုတော်မူလော့ဟု ဆုံးမပေးခြင်း၊ နိမိတ်ပြုသောကြောင့် တုရင်ဗိမာန်တွင် သိကြားရုပ်၏နဖူးနှင့်အမျှ ရှေ့က မှန်တိုင်စိုက်ထားလေသည်'ဟု ရှင်းလင်းဖော်ပြထားသည်။

ပန်းဝတ်ဆံကိုစားလေ့ရှိပြီး နူးညံ့သော အမူအရာရှိသည့် ကိန္နရာတို့သည် မြတ်စွာဘုရားပွင့်တော်မူသည့်နေ့တွင် ကခုန်မြူးတူးခဲ့ကြသည့် နိမိတ်ပုံကိုယူလျက် ရာဇပလ္လင်တွင် ကိန္နရာရုပ်ကို ထည့်သွင်းထုလုပ်သကဲ့သို့ နတ်ကောင်းနတ်မြတ်များစောင့်ရှောက်သည့် နိမိတ်ပုံကိုယူလျက် သမ္မာဒေဝနတ်ရုပ်ကိုလည်း ထည့်သွင်းထုလုပ်သည်။ ဘီလူးတို့သည် ချူးသူကို ကြောက်ရွံ့သဖြင့် ပင်လယ်သမုဒ္ဒရာကူး သင်္ဘောများ၏ ဦးထိပ်တွင် ချူးသူ၊ ချူးရုပ်များ ထားရှိခဲ့ကြသည်။ ရာဇပလ္လင်များတွင် ချူးသူတို့၏ အဝတ်အဆင်တန်ဆာများကို ရည်ညွှန်းလျက် ချူးပန်း၊ ချူးနွယ်များကိုလည်းကောင်း၊ ကျက်သရေရှိစွာ ပွင့်လန်းခြင်းကို ရည်ညွှန်းလျက် ကြာကိုလည်းကောင်း ထည့်သွင်း ထုလုပ်သည်။ ချူးပန်းများ၏အလယ်၌ မင်္ဂလာပန်းအဖြစ် ဦးဆောက်ပန်းကို တစ်ပင်လျှင် တစ်ခက်၊ တစ်ပွင့်စီ ချိတ်ဆွဲထားသည်။ ဦးဆောက်ပန်းသည် မင်္ဂလာပန်းဖြစ်သဖြင့် မင်းတို့စီးသည့် မြင်းရထားဦးတွင် ဦးဆောက်ပန်းပုံသဏ္ဍာန်ကို ထုလုပ်စိုက်ထူထားလေ့ရှိသည်။

အဓိပ္ပာယ်ပြည့်ဝစွာ ရည်ညွှန်းထုလုပ်ထားသည့် သီဟာသနပလ္လင် နှစ်ခုအနက် မင်းမိဖုရားနှစ်ပါးသည် မြေနန်းပြသာဒ်တွင်ထားရှိသည့် ပလ္လင်တွင်ထိုင်၍ နှစ်သစ်ကူးကာလ၊ ဝါဝင်နှင့် ဝါထွက်ကာလများတွင် မင်းညီမင်းသား စော်ဘွားမှူးမတ်များ၏ ကန်တော့ခြင်းကို ခံယူလေ့ရှိသည်။ ရှင်ဘုရင်သည် နိုင်ငံခြားသံတမန်များကို လက်ခံတွေ့ဆုံချိန်၊ ကျွန်တော်မျိုးများကို သစ္စာရေတိုက်ချိန်များတွင်လည်း မြေနန်းဆောင်ရှိ သီဟာသနပလ္လင်တွင် ထိုင်တော်မူလေ့ရှိပြီး ယင်းအချိန်များတွင် ပလ္လင်တစ်ဖက်စီတွင် ထီးဖြူလေးလက်စီကို ဖွင့်ထားရပေသည်။

ဘုရင်မင်းမြတ်သည် လွှတ်တော်တွင်ထားရှိသည့် သီဟာသနပလ္လင်တွင် ထိုင်တော်မူလျက် အမိန့်တော်များပြန်သကဲ့သို့ တရားစီရင်လေ့လည်း ရှိသည်။ ရှင်ဘုရင်မလာရောက်နိုင်ပါက ဘုရင်မင်းမြတ်ကိုယ်စား အိမ်ရှေ့မင်းသား၊ လွှတ်တက်မင်းသား၊ လွှတ်တော်ဝန်ကြီးတစ်ဦးဦးက တရားစီရင်သည်။ သို့သော် ဘုရင်ကိုယ်စား တရားစီရင်သူတို့သည် သီဟာသနပလ္လင်တွင် မထိုင်ကြရဘဲ ပလ္လင်ကို လက်တစ်ဖက်ဖြင့်ထိလျက် တရားစီရင်ကြသည်။

ဝိတိုရိယဘုရင်မကြီးလက်ထက် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် မြန်မာနိုင်ငံကို အင်္ဂလိပ်များက သိမ်းပိုက်ခဲ့ကြပြီး မြန်မာဘုရင် သီပေါမင်းနှင့် မိဘုရားခေါင်ကြီးတို့ကို အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ထီးသုဉ်းကြငှန်းသုဉ်းသွားပြီးနောက် လွှတ်တော်အတွင်းရှိ သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ ယူဆောင်သွားခဲ့ကြပြီး ကလကတ္တားရှိ အိန္ဒိယပြတိုက်တွင် ထားရှိခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က နယူးဒေလီမြို့ရှိ အိန္ဒိယအစိုးရအိမ်တော်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးအခမ်းအနားကို ကျင်းပခဲ့စဉ် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လော့ဒ်မောင့်ဘက်တန်သည် မြန်မာနိုင်ငံမှ သယ်ယူသွားခဲ့သည့် သီဟာသနပလ္လင်ကို မြန်မာပြည်သူများအား ပြန်လည်ပေးအပ်ရန် ဗြိတိသျှဘုရင်ဂျော့ထံ အကြံပြုခဲ့သည်။ ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး လော့ဒ်မောင့်ဘက်တန်သည် ထိုစဉ်က မြန်မာနိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံမှောက်၌ ၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက်တွင် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ ထိုစဉ်က သမ္မတအိမ်တော်တွင် ထားရှိခဲ့ပြီး ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဂျူဗလီခန်းမ(ယခု စစ်သမိုင်းပြတိုက်နေရာ၊ ရန်ကုန်)တွင် ဖွင့်လှစ်ခဲ့သော အမျိုးသားပြတိုက်သို့ ၁၉၅၉ ခုနှစ် စက်တင်ဘာလ ၁၂ ရက်တွင် ပြောင်းရွှေ့ပြသခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ ဂရင်းလေးဘဏ်ဟောင်းနေရာ(နောင်တွင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အများပြည်သူများကို ဖွင့်လှစ်ပြသခဲ့ရာ သီဟာသနပလ္လင်သည် လာရောက်ကြည့်ရှုသူများ စိတ်ဝင်စားသည့် ပြကွက်တစ်ခုဖြစ်လာခဲ့သည်။

ယခုလက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)ကို ၁၉၉၀ ပြည့်နှစ်တွင် စတင်အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့ကာ သီဟာသနပလ္လင်ကို မြေညီထပ် ခန်းမ(၁)တွင် ခမ်းနားစွာ ခင်းကျင်းပြသထားသည်မှာ ယနေ့တိုင်အထိဖြစ်သည်။

ယင်းသီဟာသနပလ္လင်သည် ကုန်းဘောင်မင်းဆက်နှောင်းပိုင်းတွင် မြန်မာဘုရင်မင်းမြတ်များ စံမြန်းခဲ့သည့် ရာဇပလ္လင်ဖြစ်သည်။ သီဟာသနပလ္လင်ကို ရတနာပုံခေတ်မင်းတုန်းမင်းလက်ထက်တွင် ခရစ်နှစ် ၁၈၅၆ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ နှစ်နှစ် အချိန်ယူ၍ တည်ဆောက်ခဲ့ပြီး ရတနာပုံမြို့တော် မြနန်းစံကျော်ရွှေနန်းတော် လွှတ်တော်ဆောင်တွင်ထားရှိကာ တရားစီရင်ရန် အသုံးပြုခဲ့ကြောင်း ယဉ်ကျေးမှုစာစောင်(၂၀၀၅)တွင် ဖော်ပြထားသည်။

သီဟာသနပလ္လင်သည် ပလ္လင်ခြေမှထိပ်ဖျားအထိ ၃၄ ပေ ၆ လက်မ မြင့်သည်။ ပလ္လင်ခြေမှ မင်းမိဖုရားထိုင်သည့် နေရာအထိ ၅ ပေ ၁၁ လက်မ မြင့်ပြီး တံခါးအမြင့်သည် ၇ ပေ ၅ လက်မဖြစ်သည်။ ကြေးကွေး ၃ ပေ ၁၀ လက်မ၊ တောရဏ ၈ ပေ ၂ လက်မ၊ မှန်ကင်းတိုင် ၆ ပေ ၈ လက်မ၊ စိန်ပျံတိုင် ၂ ပေ ၇ လက်မ၊ ပလ္လင်အောက်ခြေ ခြင်္သေ့ရုပ်သွင်းများပါ အနံ ၁၂ ပေ ၁ လက်မ၊ ပလ္လင် ခါးသိမ်ကြာတန်း ၈ ပေ ၁၀ လက်မ၊ ဥကင်တော် မုခ်ဝထုပ်တန်း ၄ ပေ ၅ လက်မ ရှိကြောင်း ဒေါက်တာသန်းထွန်းက မြန်မာ့ထီးမူနန်းရာစာအုပ်တွင် ဖော်ပြထားသည်။ သီဟာသနပလ္လင်တွင် ချိတ်ဆွဲထားသည့် သူငယ်တော်ရုပ်၊ သိကြား၊ သမ္မာဒေဝ၊ ကိန္နရာ အစရှိသည့် အဆွယ်အပွားရုပ်များကိုလည်း မြန်မာ့ထီးမူနန်းရာစာအုပ်တွင် အသေးစိတ်ဖော်ပြထားသည်။ သီဟာသနပလ္လင် ကုန်ကျစရိတ်သည် ထိုစဉ်က ငွေ ၄၆၃၄ ဒသမ ၉ ကျပ် ဖြစ်သည်။

တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ ပဒေသရာဇ်၊ ဧကရာဇ်မင်းတို့၏ ဦးညွှတ်ရာ ရွှေပြည်ရွှေနန်း၌ အသုံးအဆောင် အခေါ်အဝေါ်များသည် ရှည်ကြာ၍ တိမ်မြုပ်သည့်အရာများလည်း ရှိသည်။ ရှည်လျား၍ စကားရှေ့သည့်အရာလည်း ရှိသည်ဟု ရွှေဘုံနိဒါန်းကျမ်းတွင် ပဋိညာဉ်ရေးသားထားသည့်အတိုင်း မြန်မာရှင်ဘုရင်များ သုံးစွဲခဲ့သည့် အသုံးအဆောင်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပလ္လင်များကို ခေတ်လူငယ်များ သိရှိမှုနည်းပါးလာခဲ့သည်။ မဝေးကွာလှသေးသောအချိန်က မြန်မာတို့၏ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ခဲ့သည့် အထောက်အထားတစ်ရပ်ဖြစ်သည့် သီဟာသနပလ္လင်သည် မြန်မာလူမျိုးအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး ပြည်သူများ မြတ်နိုးတန်ဖိုးထားရသည့် ထီးမွေနန်းမွေတစ်ရပ်အဖြစ် ခံ့ညားထည်ဝါစွာ တည်ရှိနေပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)**
**ရွှေဘုံနိဒါန်း(ဇေယသင်္ခယာ)**
**မြန်မာ့ထီးမူနန်းရာ(ဒေါက်တာသန်းထွန်း)**

# ပဲတီစိမ်းပေါ်ချိန်တွင် ပဲကောက်အလုပ်သမားရှားပါးနေ

**သာစည် ဇူလိုင် ၂၅**

သာစည်မြို့နယ်အတွင်း ကျေးရွာများ၌ ပဲတီစိမ်းများပေါ်ချိန်တွင် ပဲကောက် အလုပ်သမားများ ရှားပါးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ကထက် အလုပ်သမားခပိုပေး၍ ခေါ်ယူနေသည့်တိုင် အလုပ်သမားရှားပါးလျက်ရှိနေကြောင်း ကျေးရွာများရှိ ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

"ပဲကောက်အလုပ်သမား ရှားနေတဲ့အတွက် ကိုယ့်ရွာနဲ့အနီးတဝိုက် ရွာတွေတင်မကပါဘူး။ တခါတရံ အဝေးရွာတွေကိုပါ သွားရှာပြီး ခေါ်ရတာရှိပါတယ်။ ကိုယ့်ရွာနဲ့ အနီးပတ်ဝန်းကျင်ရွာက ပဲကောက်လိုက်တဲ့သူတွေကလည်း ကိုယ်တစ်ဦးတည်းမဟုတ်တော့ အခြားအခင်းရှင်တွေနဲ့ တစ်လှည့်စီ စောင့်ခေါ်ရပါတယ်။ ပဲတီစိမ်းတစ်ကေကို ငါးရက်ခြားတစ်ကြိမ်နှုန်းနဲ့ ငါးကြိမ်လောက် ကောက်ရပါတယ်။ အလုပ်သမားလေးယောက်ငှားပြီး ကောက်မယ်ဆိုရင် တစ်ကြိမ်ကို သုံးရက်လောက် ကောက်ရပါတယ်။ အလုပ်သမားခက တစ်ရက်ကို တစ်ယောက်သုံးထောင်ပေးရပါတယ်။ အသီးဖြိုင်ဖြိုင်ပေါ်တဲ့အချိန်ဆို အလုပ်အချိန်မီပြီးအောင် ကိုယ့်အိမ်ကလူတွေလည်း ဝင်ကောက်ပါတယ်"ဟု သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာမှ ပဲတီစိမ်း ၁၀ ကေခန့် စိုက်ပျိုးထားသူမအေးစုမောင်က အလုပ်သမားရှားပါးနေပုံကို ရှင်းပြသည်။



ပဲတီစိမ်းသည် အထွက်နှုန်းအားဖြင့် ရာသီဥတုအပေါ် မူတည်၍ တစ်ဧကလျှင် တင်း နှစ်ဆယ်မှ တင်းသုံးဆယ်ခန့်အထိ ထွက်ရှိနိုင်ပြီး သာစည်မြို့နယ်အတွင်း၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ရေဆင်း(၁၁) ပဲတီစိမ်းမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း ဒေသခံ ပဲတီစိမ်းစိုက်တောင်သူများထံမှ သိရသည်။

**ထွန်းထွန်း(သာစည်)**

# မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မတ္တရာ ဇူလိုင် ၂၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အထက (စလွန်ဖြူ) တွင် ဇူလိုင် ၂၂ ရက်က ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးကိုကိုစိုးက ကွင်းဆင်းစီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အထက(စလွန်ဖြူ)မှ ကျောင်းသားကျောင်းသူ ၂၂၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးက အထက(ခွဲ)ဆည်တော်မှ ကျောင်းသားကျောင်းသူ ၁၁၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း၊ ရွှေချောင်းကျေးရွာ အလက(ခွဲ)မှ ကျောင်းသားကျောင်းသူ ၁၀၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးတို့ထံ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက နိုင်ငံသားဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့်ပတ်သက်သည့် မေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုးကျော်သူထွေး (မတ္တရာ)**




# သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးပညာပေး

**ဗန်းမော်က ဇူလိုင် ၂၅**

ဗန်းမော်မြို့နယ်အတွင်းရှိ ဆေးဝါးရောင်းချနေသောဆိုင်များတွင် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း မရှိစေရေးအတွက် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက ဇူလိုင် ၂၂ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြိုးကျော်အောင်နှင့် အဖွဲ့များ၊ ဌက်ဖျားတိုက်ဖျက်ရေးဌာန ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်နှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်း၍ သက်တမ်းလွန်ဆေးဝါးများကို ရောင်းချခြင်းမရှိစေရန်နှင့် ဆေးဝယ်ယူသုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လိုက်လံကြည့်ရှုစစ်ဆေးကာ ဆေးဆိုင်ပိုင်ရှင်များကိုလည်း သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

သက်တမ်းလွန်ဆေးဝါးများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ဗန်းမောက်မြို့ခံပြည်သူတစ်ဦးက ဆေးဆိုင်များတွင် ဆေးဝါးများ ဝယ်ယူသုံးစွဲရာ၌ အင်္ဂလိပ်စာ မကျွမ်းကျင်သောကြောင့် သက်တမ်းလွန်သည် မလွန်သည်ကို မသိကြောင်း၊ အရောင်းဆိုင်ကပေးသည့် ဆေးများကိုသာ ဝယ်ယူသုံးစွဲနေရခြင်းကြောင့် ယခုကဲ့သို့ တတ်ကျွမ်းနားလည်သူ ဆရာဝန်များက ကြီးကြပ်စစ်ဆေးမှုများ ကွင်းဆင်းပြုလုပ်ပေးသည့်အတွက် ပြည်သူများအတွက် အန္တရာယ်ကင်းစေမည်ဖြစ်၍ ကျေးဇူးတင်ကြောင်း အကြံပြုပြောကြားသည်။

**ငွေအိုး(ကသာ)**

# တောင်ငူမြို့၌ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးပေး

**တောင်ငူ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများအား အသည်းရောင် အသားဝါ ဘီပိုးကာကွယ်ဆေးများကို ဇူလိုင် ၂၄ ရက်က အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးများကို တောင်ငူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ငူ)၊ တောင်ငူခရိုင် ကုသရေးဦးစီးဌာန၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ အာရောဂျကာရီ ကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့နှင့် မြန်မာနိုင်ငံ အသည်း ဖောင်ဒေးရှင်းအဖွဲ့တို့ ပူးပေါင်း၍ ထိုးပေးခဲ့ခြင်းဖြစ်ကာ အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်အား အသည်းရောင် အသားဝါ ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



# လဟယ်လူငယ်သင်တန်းကျောင်းအတွက် သုတ / ရသ စာအုပ်များ ပေးအပ်လှူဒါန်း

**ခန္တီး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ လဟယ်လူငယ်သင်တန်းကျောင်းသို့ သုတ/ရသစာအုပ်စာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇူလိုင် ၂၃ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူး ဦးရှားဆက်က စာအုပ်စာစောင်များ လှူဒါန်းခြင်းရည်ရွယ်ချက်များကို ပြော ကြားပြီး 'စာဖတ်ခြင်းဖြင့် ကြီးမြတ်သောလူမျိုး' ခေါင်းစဉ်ဖြင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို နာဂတိုင်းရင်းသားလူငယ်များအား ပညာပေးဟောပြောကာ သုတ/ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။ လဟယ်လူငယ်သင်တန်းကျောင်းတွင် စာကြည့်တိုက်ဖြစ်ပေါ်လာစေရေးကို ရည်ရွယ်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ / ရသ စာအုပ်စာစောင် ၁၉၈ အုပ်ကို မတည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**စဉ့်ကူး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဇူလိုင် ၂၂ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ကလည်း ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများအတွက် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးတင်ချယ်နှင့် ဝန်ထမ်းများက ပြုလုပ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်နှင့် ရဲတပ်ဖွဲ့ဝင်များကလည်း ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သော အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူကုန်ကူးမှုကာကွယ်ရေး ပညာပေးဟောပြောပွဲများ စာသင်ကျောင်းများ၌ ကွင်းဆင်းပြုလုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)က စာသင်ကျောင်းများတွင် လိုက်လံပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဟောပြောပွဲများကို ဇူလိုင်တတိယပတ်အတွင်းက လသာမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဒလမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ပြုလုပ်ခဲ့ပြီး အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်ကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအား လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်းအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များအကြောင်း၊ လူကုန်ကူးမှု၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း စသည်တို့ကို ပညာပေးဟောပြောခဲ့ကြကာ လူကုန်ကူးမှုတားဆီးရေး အသိ ပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# မြိတ်မြို့၌ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြိတ် ဇူလိုင် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ပြည်သူများအကြား မှုခင်းကျဆင်းရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးသယ်ဆောင်ရောင်းချမှု၊ သုံးစွဲမှု မရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း ဦးဆောင်၍ ဌာနဆိုင်ရာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ကမ်းနီး ငါးဖမ်းရေယာဉ်များနှင့် စက်လှေများကို စစ်ဆေးခြင်း၊ ဆိပ်ခံတံတား၊ လှေဆိပ်များတွင် စစ်ဆေးခြင်း၊ ရေလုပ်သားများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက်က တနင်္သာရီလှေဆိပ်တွင် ဆိုက်ကပ်ထားသော စက်လှေများပေါ်တွင်နှင့် ခရီးသွားပြည်သူများအား မူးယစ်ဆေးဝါး ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး ရေလုပ်သားများကိုလည်း မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြသည်။ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ်ကွက်ရှိ အဆောင်ကောင်းကုမ္ပဏီ တံတားတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် စက်လှေ ၂၃ စီးမှ ပဲ့နင်းများနှင့် လှေသားများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာပေးဟောပြောခဲ့သည်။ လှေသားများအနေဖြင့် မူးယစ်ဆေးဝါး လွဲမှားစွာသုံးစွဲနေသူများရှိကြောင်း၊ လှေလုပ်သားများအနေဖြင့် ပင်လယ်ထဲတွင် အသက်နှင့်ရင်းပြီး ပင်ပန်းကြီးစွာ ရှာဖွေရရှိလာသောငွေကြေးများကို အလွယ်တကူမသုံးစွဲဘဲ မိသားစုအတွက် သာ အသုံးပြုကြရန်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



ပြည်သူများအကြား မူးယစ်ဆေးဝါးများ ဖြန့်ဖြူးသယ်ဆောင်ရောင်းချခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ မရှိစေရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို မြိတ်ခရိုင်ရဲတပ်ဖွဲ့က ဦးဆောင်သည့် ဌာနဆိုင်ရာများက ပြည်သူများနှင့်ပူးပေါင်း၍ ဆိပ်ခံတံတားများ၊ ကမ်းနီးငါးဖမ်း ရေယာဉ်များ၊ စက်လှေများပေါ်တွင်လည်းကောင်း၊ ကျေးရွာများသို့လည်းကောင်း ကွင်းဆင်း၍ ပညာပေးအစီအစဉ်များ၊ မူးယစ်ဆေးဝါး ရှောင်တခင်စစ်ဆေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ ဒေသလိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေး

**ဖျာပုံ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့မှ ပြည်သူများနှင့် မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ၍ ဒေသလိုအပ်ချက်များ ဆွေးနွေးပွဲကို ဖျာပုံမြို့မိုးလုံလေလုံ အားကစားခန်းမကြီး၌ ဇူလိုင် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မြို့မြောက်ပိုင်းရှိ ရပ်ကွက်(၁)၊(၂)၊(၃)၊(၄)၊(၁၄)၊(၁၅)နှင့်(၁၆) ရပ်ကွက်များမှ ပြည်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဖျာပုံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ဒုတိယအကြိမ် ပုံမှန်လွှတ်တော်အစည်းအဝေး မကျင်းပမီ ပြည်သူများ၏အသံကို ကြားချင်၍ လာရောက်ခြင်းဖြစ်ပြီး ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် လွှတ်တော်တွင် တင်ပြနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူများ လက်ခံနိုင်သည့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပေါ်ထွက်လာရန် လွှတ်တော်အသီးသီးတွင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပြည်သူများအနေဖြင့် အခက်အခဲများကို ပွင့်လင်းစွာ တင်ပြရန် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လိုအပ်ချက်များဖြစ်သည့် အမှတ်(၁၄)ရပ်ကွက် စံပယ်လမ်းတွင် ကုန်တင်ကားကြီးများ ဝင်ရောက်နေသည့်ကိစ္စ၊ (၃) ရပ်ကွက်တွင် အမှိုက်သိမ်းကားလာရောက်ရန် လိုအပ်ချက်နှင့် လျှပ်စစ်မီးဓာတ်အားနည်းခြင်းကိစ္စ၊ ကျုံဟူကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းမြေနေရာ အငြင်းပွားမှုကို ဖြေရှင်းပေးရန်နှင့် ကျေးရွာဥက္ကဋ္ဌ ပြန်လည်ရွေးချယ်ပေးရန်ကိစ္စ၊ အိမ်ဖောက်ထွင်းမှုတွင် တရားခံမမိသေးသည့်ကိစ္စ၊ စည်ပင်ဈေးများတွင် အလေးချိန် မှန်ကန်စွာ ရောင်းချခြင်းမရှိသည့်ကိစ္စ စသည့်အကြောင်းအရာများကို တင်ပြခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်တို့အပါအဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ချက်ချင်း မဆောင်ရွက်ပေးနိုင်သော ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပြည်သူ့အသံနားထောင်ဆွေးနွေးပွဲပြုလုပ်

**တနင်္သာရီ ဇူလိုင် ၂၅**

တနင်္သာရီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ ဝေဖန်အကြံပြုသံများ နားထောင်ဆွေးနွေးပွဲကို တနင်္သာရီမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ၊ ရပ်ဝေးရပ်နီးမှလာရောက်၍ ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာများနှင့် လူနာစောင့်များက ကျန်းမာရေးကဏ္ဍဆိုင်ရာ အတွေ့အကြုံများနှင့်ပတ်သက်၍ ကိုယ်တိုင် တွေ့ကြုံခံစားရသည့် ခံစားချက်များ၊ အားသာချက်နှင့် အားနည်းချက်များကို တင်ပြအကြံပြုကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးမှူး ဒေါက်တာဇော်အောင်က ပြည်သူ့ကျန်းမာရေးဌာန ၁၆ ခုတင်ဆံ့ဆေးရုံ၏ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ညွှန်ကြားချက်များ၊ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေကြသည့် အတွင်းလူနာများ၊ လူနာစောင့်များအား ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ဆောင်မှုပေးနေပုံများကို ပြန်လည်ဆွေးနွေးကာ ပြည်သူများ၏ တင်ပြချက်များကိုလည်း မှတ်သား၍ အဆင့်ဆင့်တင်ပြပြီး ဖြည့်ဆည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



## သတင်းတိုများ

### အသက်(၁၂)နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုးရာသီ ကျောင်းပေါင်းစုံ အသက်(၁၂) နှစ်အောက် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲကို လွိုင်လင်မြို့ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၂၂ ရက်က ကျင်းပရာ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲမင်းခေါင်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။ ဘောလုံးပြိုင်ပွဲတွင် မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အမျိုးသားဘောလုံးအသင်း ရှစ်သင်းနှင့် အမျိုးသမီးဘောလုံးအသင်း သုံးသင်း စုစုပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

### သုံးခွမြို့၌အထက(၁)တွင်ကျောင်းအုပ်လစ်လပ်နေ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အထက (၁) ကျောင်းတွင် ကျောင်းအုပ်လစ်လပ်နေသည်မှာ ခုနစ်လခန့်ရှိပြီး ယာယီကျောင်းအုပ်ဖြင့် စီမံခန့်ခွဲရေး၊ ပညာသင်ကြားရေးဆောင်ရွက်နေရကြောင်း သိရသည်။ ကျောင်းအုပ်လစ်လပ်နေမှုကို သက်ဆိုင်ရာသို့ တင်ပြထားကြောင်း မြို့နယ်ပညာရေးမှူးဦးတိုးဝင်းက ပြောသည်။ သုံးခွမြို့ အထက (၁)တွင် ကျောင်းအုပ်လစ်လပ်ရခြင်းမှာ ကျောင်းအုပ်ဆရာမကြီး အငြိမ်းစားယူသွားခြင်းဖြစ်ကြောင်းသိရှိရပြီး အထက(၁) ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၆၉၁ ဦးအား ဆရာ ဆရာမ ၅၈ ဦးက ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### မူးယစ်ဆေးဝါးအန္တရာယ်များပညာပေးဟောပြော

မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးကြောင့် ရရှိလာမည့် ကျန်းမာရေးဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ကျောင်းသားကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေပြီး မူးယစ်ဆေးဝါးကို ရှောင်ရှားနိုင်ရန်အတွက် မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပွဲကို ကချင်ပြည်နယ် မချမ်းဘောမြို့ ရပ်ကွက်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ဒေါက်တာဝေဖြိုးဇော်က လူငယ်နှင့်ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးရွာမြေငှားဂရန်များ ကွင်းဆင်းထုတ်ပေး

**မြောင်းမြ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ရွာသာကြီးကျေးရွာအုပ်စု ငွေးပင်ညွန့်ကျေးရွာနေ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးနောက် မြေငှားဂရန်များကို ဇူလိုင် ၂၃ ရက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည့် မြေငှားဂရန်စာချုပ်များ ပေးအပ်ပွဲတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ကျေးရွာမြေငှားဂရန်များကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ တစ်မြို့နယ်လျှင် တစ်ရွာစီ ထုတ်ပေးသွားရန် ဆောင်ရွက်ခဲ့ပုံနှင့် ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် ခိုင်မာသော အထောက်အထားများဖြင့် နေထိုင်နိုင်ရေးအတွက် မြေဂရန်များ ချထားပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ငွေးပင်ညွန့်ကျေးရွာရှိ မြေငှားဂရန် လျှောက်ထားသူများမှ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် မြေငှားဂရန်ရရှိသူ ၅၄ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများက မြေငှားဂရန်များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြသည်။

**အောင်မင်း (မြောင်းမြ)**

## ကွမ်းတံတွေးဘူးများ ဝေငှမည့်အစီအစဉ် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကွမ်းတံတွေးထွေးရန်ဘူးများ လက်ဆောင်ပေးဝေငှပေးမည့် အစီအစဉ်ကို ပြုလုပ်မည်ဖြစ်ကာ ခရီးသွားဧည့်သည်များ၊ ကားဆရာများနှင့် ဒေသခံပြည်သူများကို ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်သတိုးသူဇာအောင်က "ပြည်သူများ ကွမ်းတံတွေးကို စည်းကမ်းမဲ့မထွေးဖြစ်အောင်လို့ ကွမ်းတံတွေးထွေးရန် ဘူးများကို လက်ဆောင်ပေးရခြင်းဖြစ်ပါတယ်။ ခရီးသွားများ လာရောက်မှုများပြားတဲ့ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းမှာ ကွမ်းဘူးဝေငှခြင်းကို ဇူလိုင် ၂၉ နဲ့ ၃၀ ရက်တွေမှာလုပ်ဖို့ စီစဉ်ထားပါတယ်။ ကွမ်းဘူးပေါ်မှာ (UMTA) အသင်းလိုဂိုနဲ့ အလှူရှင်အသင်းသားလိုဂို နှစ်ခုတို့ကို ရိုက်နှိပ်ထားမှာဖြစ်ပါတယ်။ ဒီပညာပေးလှုံ့ဆော်ပွဲမှာ ပါဝင်လိုတဲ့ ကုမ္ပဏီတစ်ခုလျှင် ငွေကျပ်တစ်သိန်းထည့်ဝင်ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

**အောင်သူရ**

# ချန်ပီယံလိဂ် တတိယအဆင့်ခြေစစ်ပွဲကို ဘယ်အသင်းတွေ ကျော်တက်သွားမလဲ

**မိုးမြင့်လင်းလက်**

ချန်ပီယံလိဂ် တတိယအဆင့်ခြေစစ်ပွဲ ပထမ အကျော့ပွဲစဉ်ကို ဇူလိုင် ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ ရာသီအကြိုပွဲစဉ်တွေနဲ့ စိတ်အပန်းဖြေနေတဲ့ ဘောလုံးပရိသတ်တွေလည်း ချန်ပီယံလိဂ် တတိယအဆင့် ပထမအကျော့ပွဲစဉ်တွေကြောင့် စိတ်ကျေနပ်စရာဖြစ်စေဦးမှာ အမှန်ပါပဲ။ ဒီပွဲစဉ်မှာ စိတ်ဝင်စားစရာကောင်းမယ့်ပွဲတွေကတော့ ရိုဆင်ဘော့နဲ့ အေပိုး၊ ရှက်တာဒိုးနက်နှင့် ယန်းဘွိုင်း၊ စပါတာပရပ်ဂ်နှင့် စတူအာဘူခါရတ်တို့ပွဲတွေပဲဖြစ်ပါတယ်။

**ရိုဆင်ဘော့နှင့် အေပိုး**

နော်ဝေ ပြည်တွင်းလိဂ်မှာတော့ ပြီးခဲ့တဲ့နှစ်က ရိုဆင်ဘော့တို့ ချန်ပီယံဖြစ်ခဲ့သလို ဆိုက်ပရပ်စ် ပြည်တွင်းလိဂ်မှာလည်း အေပိုးတို့က ဗိုလ်စွဲခဲ့ပါတယ်။ ရိုဆင်ဘော့တို့က တိုက်စစ်ခံစစ် ဟန်ချက်ညီအောင်ကစားနိုင်ပေမယ့် အေပိုးတို့က ခံစစ်ပိုင်း ပိုမိုကောင်းမွန်ပါတယ်။ အေပိုးတို့က ခံစစ်ကို လုံအောင်ကစားတတ်သလို တိုက်စစ်မှူးတွေကလည်း ဂိုးရအောင် စွမ်းဆောင်နိုင်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားတတ်တဲ့ရိုဆင်ဘော့တို့က အေပိုးကိုအသာစီးရအောင် ကစားမှာမို့ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် အိမ်ရှင်တို့ နိုင်ပွဲရမယ့် အနေအထားရှိပါတယ်။

**ရှက်တာဒိုးနက်နှင့် ယန်းဘွိုင်း**

ခြေရည်တူ နှစ်သင်းမို့ ဒီပွဲက အပြန်အလှန် တိုက်စစ်ဖွင့် ကစားပါလိမ့်မယ်။ ယူကရိန်းလိဂ်ကလပ် ရှက်တာဒိုးနက်တို့က တိုက်စစ်အားကောင်းသလို ခံစစ်ပိုင်းလည်း ကျစ်လျစ်ပါတယ်။ ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းတို့ကတော့ တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေပါတယ်။ လောလောဆယ် ခြေစွမ်းကိုကြည့်ရင် ရှက်တာဒိုးနက်တို့က နေ့ဂျေလန်းကို အနိုင်ကစားထားပြီး ဒိုင်နမိုကိဗ်အသင်းကို တစ်ဂိုးစီသရေ ကစားထားပါတယ်။ ယန်းဘွိုင်းတို့ကတော့ လောလောဆယ်မှာ လာဇက်စ်ကို သုံးဂိုးစီသရေပွဲ ကစားထားသလို ဂါလာတာစာရေးအသင်းကိုလည်း တစ်ဂိုးစီ သရေပွဲ ကစားထားတာမို့ ဒီပွဲမှာ အိမ်ရှင်ဖြစ်တဲ့ ရှက်တာဒိုးနက်ကို ရေကုန်ရေခန်း ကစားရပါလိမ့်မယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင် ရှက်တာဒိုးနက်တို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**စပါတာပရက်ဂ်နှင့် စတူအာဘူခါရက်**

စပါတာပရက်ဂ်ရဲ့နောက်ဆုံးသုံးပွဲကိုကြည့်ရင် ယန်းဘွိုင်းအသင်းကို ရှုံးခဲ့ပေမယ့် ရှုဘင်ကာဇန်၊ ဖီနာဘာချီအသင်းတွေကိုတော့ နိုင်ပွဲ၊ သရေပွဲတွေ ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။ စတူအာဘူခါရက်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီပွဲမှာ စပါတာပရက်ဂ်တို့ဟာ အိမ်ရှင်ဖြစ်ပေမယ့် အမြင့်ဆုံးရနိုင်တာက သရေတစ်မှတ်ဖြစ်ပြီး အနိုင်ဆိုရင်တော့ စတူအာဘူခါရက်တို့ပဲ ဖြစ်သွားပါလိမ့်မယ်။

**ပယ်လ်ဇန်နှင့် ကာရာဘတ်**


ချက်လိဂ် ပယ်လ်ဇန်တို့က မနှစ်က ပြည်တွင်းလိဂ်မှာ ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဖြစ်ပြီး ကာရာဘတ်တို့ကလည်း အဇာဘိုင်ဂျန်လိဂ်မှာ ဗိုလ်စွဲခဲ့တဲ့အသင်းဖြစ်ပါတယ်။ အဇာဘိုင်ဂျန်တို့ရဲ့ ခြေစွမ်းကိုကြည့်ရင် တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ ထူးထူးခြားခြား ကောင်းမွန်နေတာတွေ့ရပါတယ်။ ပယ်လ်ဇန်တို့ကလည်း တိုက်စစ်ခံစစ်ကို အကောင်းဆုံး ပုံဖော်ကစားနိုင်တာမို့ ကာရာဘတ်တို့ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် ခက်ခဲမယ့်ပွဲပါပဲ။ အထူးသဖြင့် ပယ်လ်ဇန်ရဲ့ စွမ်းဆောင်မှုက အိမ်ကွင်းဆိုရင် အားထုတ်မှု ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ အိမ်ရှင်တို့ပဲ အသာစီးရကာ အောင်ပွဲခံသွားနိုင်ပါတယ်။ ။



# မန်စီးတီးက ပေါင်သန်း ၅၀နဲ့ ခေါ်ယူမယ့် ဂျွန်စတုန်း

မန်စီးတီးအသင်းဟာ အဲဗာတန် နောက်တန်းကစားသမား ဂျွန်စတုန်းကို ပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ အဲဗာတန်အသင်းအနေနဲ့ ဂျွန်စတုန်းကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေတာပါ။ သို့ပေမယ့် ဂျွန်စတုန်းကတော့ မန်စီးတီးနည်းပြ ဂွာဒီယိုလာနဲ့ အလုပ်အတူလုပ်လိုတယ်လို့ ဆိုပါတယ်။ ဂျွန်စတုန်းအနေနဲ့ ဂွာဒီယိုလာနဲ့အတူ အလုပ်လုပ်ဖို့ဆန္ဒပြင်းပြပါတယ်လို့ ဆိုပါတယ်။

ဂျွန်စတုန်းဟာ အဲဗာတန်နဲ့ ဘန်လေတို့ရဲ့ချစ်ကြည်ရေးပွဲအဖြစ် ကစားရာမှာတော့ ပါဝင်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒီပွဲမှာ အဲဗာတန်က ဘန်လေကို သုံးဂိုးပြတ်နဲ့ အနိုင်ရသွားခဲ့တာပါ။ အဲဗာတန်ဟာ ဂျိုက်ဂျီကာကို ဗဟိုခံစစ်မှူးအသစ်အဖြစ် အစားထိုးဖို့လည်း လုပ်နေပြီလို့ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ အဲဗာတန်ဟာ နာပိုလီနောက်တန်းလူ ကိုလီဘလီကိုလည်း ခေါ်ယူသွားဖို့ရှိတယ်လို့ ဆိုပါတယ်။ နာပိုလီကလည်း ကိုလီဘလီကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးနေပါပြီ။ သို့ပေမယ့် ကိုလီဘလီအနေနဲ့ အင်္ဂလန် ပရီမီယာလိဂ်ကို ပြောင်းရွှေ့ဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။




# ဆန်းဒါးလန်းနည်းပြဖြစ်လာတဲ့ ဒေးဗစ်မိုယက်စ်

ဆမ်အလာဒိုက်စ် အင်္ဂလန်နည်းပြဖြစ်လာပြီးနောက် ဒေးဗစ်မိုယက်စ်ဟာ ဆန်းဒါးလန်းနည်းပြ ဖြစ်လာပါတယ်။ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်ကို လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဆန်းဒါးလန်း တာဝန်ရှိသူတွေက ဆိုပါတယ်။ စကော့လူမျိုး မိုယက်စ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက ရီးရဲဆိုစီဒက်အသင်းက အလုပ်ဖြုတ်လိုက်ပြီးနောက် အလုပ်လက်မဲ့ဖြစ်နေတာပါ။ ဆန်းဒါးလန်းက ဆမ်အလာဒိုက်စ် အင်္ဂလန်နည်းပြ ဖြစ်ဖြစ်ချင်း ဒေးဗစ်မိုယက်စ်ကို နည်းပြသစ်အဖြစ် ကြေညာလိုက်တာပါ။ ဆန်းဒါးလန်းက နည်းပြ ရွေးချယ်ဖို့ လျှောက်ထားသူ ငါးဦးအနက်မှ မိုယက်စ်ကို ရွေးချယ်လိုက်တယ်လို့ဆိုပါတယ်။ ကျွန်တော်တို့ ဆန်းဒါးလန်းအသင်းအနေနဲ့ ဒေးဗစ်မိုယက်စ်ကို ရွေးချယ်လိုက်ခြင်းအားဖြင့် လက်ရှိအခြေအနေထက် ကောင်းမွန်လာနိုင်တယ်လို့ ဆန်းဒါးလန်း တာဝန်ရှိသူတွေက ဆိုပါတယ်။ မိုယက်စ်ဟာ မန်ယူနဲ့ အဲဗာတန် နည်းပြ တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ လူသိများ




တဲ့ နည်းပြတစ်ဦးလည်း ဖြစ်ပါတယ်။ "ကျွန်တော့်အနေနဲ့ လာမယ့်ရာသီမှာ အသင်းကို အကောင်းဆုံးအနေအထား တစ်ရပ်ကိုရောက်အောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"လို့ မိုယက်စ်က ဆိုပါတယ်။

# ဇီးနစ်ကွင်းလယ်ကစားသမား အိတ်ဇဲဝက်ဆဲလ်ကို အဲဗာတန် ခေါ်ယူမည်

အဲဗာတန်အသင်းဟာ ဇီးနစ်စိန့်ပီတာစဘတ်အသင်း ကွင်းလယ်ကစားသမား အိတ်ဇဲဝက်ဆဲလ်ကို ပေါင် ၂၅ သန်းနဲ့ ခေါ်ယူဖို့ သဘောတူလိုက်ပြီလို့ ဆိုပါတယ်။ အဲဗာတန်နည်းပြ ကိုးမန်းအနေနဲ့ ချယ်လ်ဆီး၊ နာပိုလီနဲ့ အင်တာမီလန်တို့ ခေါ်ယူဖို့ အပြိုင် ကြိုးစားနေတဲ့ ဝက်ဆဲလ်ကို ခေါ်ယူသွားဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ ဝက်ဆဲလ်ကလည်း ရုရှားကလပ် ဇီးနစ်ကနေ ထွက်ခွာဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ အဲဗာတန်ဟာ အသက် ၂၇ နှစ်အရွယ်ရှိ ဝက်ဆဲလ်ကို စာချုပ်ဖို့ သဘောတူညီထားပြီလို့ ဆိုပါတယ်။ သူဟာ ဇီးနစ်အသင်းကနေ ထွက်ခွာဖို့ အသင့်ဖြစ်နေတာပါ။ အင်္ဂလန်နဲ့ အီတလီကလပ်တွေက အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတာပါလို့ အဲဗာတန် တာဝန်ရှိသူတွေက ဆိုပါတယ်။

ဝက်ဆဲလ်ဟာ ၂၀၁၂ ခုနှစ်က ဘင်ဖီကာမှ ပေါင် ၃၄ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပါတယ်။ ယခုအခါမှာတော့ အဲဗာတန်က ပေါင် ၂၅ သန်းနဲ့ စာချုပ်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဝက်ဆဲလ်ဟာ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံး ကစားနိုင်သူဖြစ်ပါတယ်။ လာမယ့်ရာသီသစ်မှာ အဲဗာတန်အသင်းနဲ့အတူ အကောင်းဆုံးပွဲထွက်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။



❑ ကောင်းမြတ်သူ - စုစည်းသည်။ ❑

# တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

**ပလောက် ဇူလိုင် ၂၅**
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် ပလောက်မြို့ ပြည်ခြားကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို မြိတ်မြို့ အမှတ်(၅/၁၀၀) တပ်မတော်ဆေးရုံရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တပ်မတော် နယ်လှည့် ဆေးကုအဖွဲ့တွင် ဗိုလ်ကြီးအောင်မင်း ဦးဆောင်၍ ပါရဂူ သုံးဦး၊ ခွဲစိတ် နှစ်ဦး၊ သူနာပြု လေးဦး၊ အခြားအဆင့် ငါးဦး၊ စုစုပေါင်း ၁၄ ဦး ပါဝင်ပြီး ပြည်ခြားကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အခြေပြုကာ ပြည်ခြားကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အခမဲ့ဆေးဝါး ကုသပေးရာတွင် သွားနှင့်ခံတွင်း ရောဂါဝေဒနာရှင် ၃၇ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၂၄၆ ဦး၊ ခွဲစိတ်ရောဂါဝေဒနာရှင် ၄၈ ဦး စုစုပေါင်း ဝေဒနာရှင် ၃၃၁ ဦးအား ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့ အနေဖြင့် ပြည်ခြားကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ရက်ကြာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီးနောက် ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများကိုလည်း ကျောင်းတောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ အခြေပြု၍ ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နယ်လှည့်ဆေးကုအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာမှပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များ ပေးအပ်

**မင်းဘူး ဇူလိုင် ၂၅**
မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ပိုက်သင်ကျေးရွာမှ ပြည်သူများအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်ပေးခဲ့သော ကျေးရွာမြေငှားဂရန်များကို ဇူလိုင် ၂၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင် မင်းဘူးခရိုင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး ကျေးရွာမြေငှားဂရန်များကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ မြေငှားဂရန်များ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် ခိုင်မာသော မြေပိုင်ဆိုင်မှုအထောက်အထားများ ရရှိကာ ဘဏ်များဖြင့်ဆက်သွယ်ငွေချေးယူ၍ လုပ်ငန်းများတိုးချဲ့ရန် ရင်းနှီးလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ယခင်က ကျေးရွာများတွင် မြေငှားဂရန် ထုတ်ပေးခြင်းမရှိဘဲ မြို့ပြများတွင်သာ ထုတ်ပေးကြောင်း၊ ကျေးရွာများတွင် မြေငှားဂရန်များကို ပြီးခဲ့သည့်နှစ်တွင်မှ စတင်ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပိုက်သင်ကျေးရွာမှ အိမ်ခြေ ၁၂၄ အိမ်အတွက် မြေငှားဂရန်များကို ဂရန်လျှောက်ထားသည့် မြေပိုင်ရှင်များလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။
**သန်းနိုင်ဦး(ငဖဲ)**

# ပညာဒီပ ပညာရေးအထောက်အကူပြုအဖွဲ့က စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း



**တာချီလိတ် ဇူလိုင် ၂၅**
တာချီလိတ်မြို့နယ် တာလေမြို့ နားအွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား တာချီလိတ်မြို့ ပညာဒီပ ပညာရေးအထောက်အကူပြုအဖွဲ့က စာအုပ်နှင့် စာရေးကိရိယာများကို ဇူလိုင် ၂၁ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပညာဒီပ ပညာရေးအထောက်အကူပြုအဖွဲ့မှ ဦးစိန်လွင်၊ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ ၁၅၆ ဦးအား ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြခြင်းဖြစ်ပြီး တာချီလိတ်မြို့နယ် ပညာရေးကော်မတီဝင် ဦးအောင်ဖြိုးရှိန်ကလည်း မိုင်းလင်း(အနောက်)အုပ်စု တော်ကော့ရွာ အခြေခံပညာမူလတန်းကျောင်းအတွက် သောက်ရေသန့်စက်တစ်လုံးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**မောင်ယဉ်ကျေး**

# ပုံတူဆွဲဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အငယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ဂန့်ဂေါမြို့၌ကျင်းပ

**ဂန့်ဂေါ ဇူလိုင် ၂၅**
ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ပုံတူဆွဲ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အငယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ပုံတူဆွဲ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဂန့်ဂေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဆုများချီးမြှင့်ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းသားကျောင်းသူတိုင်းအား ရွှေပြည်ဆိပ်ဦးမြတ်စွာဘုရား ဂေါပကအဖွဲ့နှင့် အား/ကာဈေးမှ ဒေါ်မိုးမိုးနိုင်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။
**(၁၀၁)**



## သတင်းတိုများ

### မျိုးဆက်သစ် စစ်တုရင်ပြိုင်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ မျိုးဆက်သစ် စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့အင်းတော်မြို့နယ်အတွင်းမှ ဝါသနာရှင် ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဦးဇော်လင်းထွန်း၊ ဦးတင်ရွှေနှင့် ဦးဖြိုးမင်းဦးတို့က ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြပြီး ဆုရရှိသူများအား စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**လူအောင်(ကသာ)**

### ရထားပို့ဆောင်ရေးဥပဒေ လက်ကမ်းစာစောင်များဖြန့်ဝေ

မြန်မာနိုင်ငံ ရထားရဲတပ်ဖွဲ့၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအဖြစ် ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ သာစည်ရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များက သာစည်ဘူတာသို့ ဝင်ရောက်လာသည့် ရထားများပေါ်မှ ခရီးသည်များအား ရထားပို့ဆောင်ရေးဥပဒေပါ လက်ကမ်းစာစောင်များကို ဇူလိုင် ၂၃ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မောင်ကို(သာစည်)**

### စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြော

မတ္တရာမြို့နယ် ဘေးမဲ့ကျေးရွာအုပ်စု ဘေးမဲ့ကျေးရွာ အမက(၂၀)ကျောင်း၌ စာအုပ်ပြပွဲ၊ ခေတ်ပုံပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ ဇူလိုင် ၂၀ ရက်က ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ် ပြန်/ဆက်ဦးစီးမှူးက ဒေသခံပြည်သူများအား စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို ဟောပြောခဲ့ပြီး စာအုပ်ပြပွဲနှင့် ခေတ်ပုံပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ကာ တက်ရောက်လာသူများက စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

# မူခင်းနှင့် ကွမ်းစားသုံးမှု လျှော့နည်းရေး ပညာပေးဟောပြော

**မြင်းခြံ ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွမ်းစားသုံးမှု လျှော့နည်းပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အကြောင်းအရာများ ပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မူခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက်များတွင် လှည့်ကင်း၊ ရပ်ကင်းများဖြင့် ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်၍ ဆောင်ရွက်နေကြကြောင်း၊ ပြည်သူများကလည်း မူခင်းကျဆင်းရေးအတွက် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက နီးစပ်ရာ ရဲကင်းများ၊ ရဲစခန်းများသို့ အကြောင်းကြားပေးစေလိုကြောင်း ဟောပြောခဲ့သည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသင်းသီရိအောင်က ကွမ်းစားသုံးမှု လျှော့နည်းပပျောက်ရေးအတွက် ကွမ်းစားခြင်း၏ ဆိုးကျိုးများ၊ ရောဂါဖြစ်ပွားစေသော ဆေးပေါင်းများအကြောင်း၊ ကွမ်းစားခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။
**ဇော်မင်းနိုင်(မြင်းခြံ)**

# ပျောက်ဆုံးကလေးငယ်ကို ရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေပေး

**ကျောက်ပန်းတောင်း ဇူလိုင် ၂၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မဈေးကြီးအတွင်း မိခင်နှင့်ကွဲကွာပျောက်ဆုံးသွားသော ကလေးငယ်ကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ ကူညီရှာဖွေပေးမှုဖြင့် မိခင်ထံ ပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် မင်းဂေါင်းမြောက်ကျေးရွာအုပ်စု ချောင်းခြားစုကျေးရွာမှ ဒေါ်ခင်မြင့်သည် သားဖြစ်သူ မောင်အောင်သူ (အသက်ခြောက်နှစ်)နှင့်အတူ ကျောက်ပန်းတောင်းမြို့မဈေးကြီးသို့ ဇူလိုင် ၂၃ ရက်က ဈေးဝယ်လာကြစဉ် နံနက် ၉ နာရီခန့်တွင် သားအမိနှစ်ဦး လူချင်းကွဲ၍ မောင်အောင်သူမှာ ပျောက်ဆုံးသွားသဖြင့် မိခင်ဖြစ်သူက ကျောက်ပန်းတောင်းမြို့မရဲစခန်းသို့ လာရောက်အကူအညီတောင်းခံခဲ့သည်။ မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်သန့်ဇော်နှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့က လိုက်လံကူညီ ရှာဖွေပေးခဲ့ပြီး နံနက် ၁၁ နာရီအချိန်တွင် ပြန်လည်တွေ့ရှိခဲ့သဖြင့် မောင်အောင်သူအား မိခင်ဖြစ်သူ ဒေါ်ခင်မြင့်ထံ ပြန်လည်အပ်နှံပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**နေအောင် (ပြန်/ဆက်)**

# အင်းတော်မြို့၌ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**အင်းတော် ဇူလိုင် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အထက ရွှေရတုခန်းမ၌ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်အောင်က ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားကြရန်၊ အဝတ်အစားဝတ်ဆင်ရာတွင်လည်း မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ကြရန်နှင့် တိုင်းတစ်ပါးဝတ်စားဆင်ယင်မှုကို အတုယူမမှားကြရန် လိုအပ်ပြီး မိမိတို့၏ ဘာသာစကား၊ မိမိတို့၏ ကိုးကွယ်ရာဘာသာတို့ကိုလည်း လေးစားတန်ဖိုးထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ ဒေါ်စုဝေလွင်က ကျောင်းသားကျောင်းသူများအား မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် လူမှုဆက်ဆံပုံစနစ်များကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။
**ကျော်မြိုင်**

# သွားဖုံးကျန်းမာရေးအရေးကြီးသလား

ဒေါက်တာမျိုးမင်းသိန်း(ACTION Study)

**လူတိုင်းလူတိုင်း အစားအစာကိုအားရပါးရကြိတ်ဝါးပြီး စားသောက်ချင်ကြပါတယ်။ ကိုယ်စားချင်တဲ့အစာကို အားရပါးရစားဝါးနိုင်ဖို့ဟာ ခံတွင်းထဲက သွားတွေကျန်းမာပြီး ခိုင်မြဲနေဖို့ လိုပါတယ်။ ဒါမှလည်း ကောင်းကောင်းလေးကြိတ်ဝါးနိုင်မှာဖြစ်ပါတယ်။ သွားတစ်ချောင်းကြံ့ခိုင်နေဖို့အတွက် အရေးပါဆုံးက သွားတွေကို ရစ်ပတ်ကာရံထားပေးတဲ့ သွားဖုံးသားတွေဟာ အရေးပါလှပါတယ်။**



ခိုင်မြဲနေတဲ့သွားတွေကို ယိုင်နဲ့ပျက်စီးစေနိုင်တဲ့ အဓိက အကြောင်းအရင်းနှစ်ခုရှိပါတယ်။ ပထမတစ်ခုက သွားမှာ ဖြစ်လာတဲ့ ဆွေးမြည့်ပျက်စီးနေတဲ့ သွားပိုးပေါက်တွေက တစ်ဆင့် သွားဖုံးထဲပျံ့နှံ့သွားပြီး သွားဖုံးတွေပျက်စီးသွားတာကြောင့် သွားရဲ့ ရေရှည်ကြံ့ခိုင်မှု လျော့နည်းစေပါတယ်။ ဒုတိယတစ်ချက်ကတော့ သွားနဲ့ သွားဖုံးကြားမှာ အစာကြွင်းကျန်တွေကပ်ငြိကျန်ပြီး ဖြစ်လာတဲ့ သွားချေးလှွာ။ ထိုမှတစ်ဆင့် အချိန်ကြာလာတဲ့အခါ သွားကျောက်တွေအဖြစ်ပြောင်းလဲသွားပြီး အဲဒီသွားကျောက်တွေကြောင့် သွားဖုံးတွေပျက်စီးသွားစေတာပါ။ သွားဖုံးသားတွေဟာ အထူးသဖြင့် အဲဒီနည်းလမ်းနှစ်မျိုးကြောင့် အဓိကပျက်စီးသွားလေ့ရှိပြီး အချိန်မီပြန်လည်ကုသမှုမခံယူခဲ့ရင် သွားကိုရစ်ပတ်ကာရံထားတဲ့ သွားဖုံးသားတွေ ဆုံးရှုံးသွားစေတာကြောင့် သွားတွေကြံ့ခိုင်မှုမရှိတော့ဘဲ ယိုင်နဲ့လာတတ်ပါတယ်။

သွားတွေယိုင်နဲ့သွားခဲ့ပြီဆိုရင် အစားအစာတွေဝါးတဲ့အခါ အနှောင့်အယှက်ဖြစ်တတ်ပါတယ်။ တစ်ခါတစ်ရံနဲ့နေတဲ့သွားတွေနဲ့ စားရဝါးရတာ ဘယ်လိုမှအဆင်မပြေတော့ ပြန်လည်ပြုပြင်လို့လည်း မရနိုင်တော့တဲ့အခါမျိုးမှာ နုတ်ကြရပါတယ်။ အဲဒီတော့ အစာစားဖို့ ဝါးဖို့အတွက် သွားအတုတွေလုပ်ရ၊ အံကပ်တွေ လုပ်ရတတ်ပါတယ်။ သွားဖုံးကျန်းမာရေးဟာ သွားတွေ ကျန်းမာကြံ့ခိုင်နေဖို့အတွက် အင်မတန်အရေးပါ တယ်ဆိုတာကို အလေးအနက်ထားပြီး ဂရုစိုက်တတ်ဖို့ လိုပါတယ်။ ဒါကြောင့် သွားတွေကျန်းမာကြံ့ခိုင်နေစေဖို့အတွက် သွားဖုံးကျန်းမာရေးအတွက် သိသင့်တဲ့ အကြောင်းအရာတွေကို တင်ပြပေးပါမယ်။ ပထမဦးစွာ သွားဖုံးရောဂါ ဘယ်လိုအကြောင်းတွေကြောင့် စတင်ဖြစ်ပွားတတ်တယ်၊ ဘယ်လိုပုံစံမျိုးတွေနဲ့ ဖြစ်လာတတ်ပြီး ဘယ်လိုကုသမှုတွေ ခံယူသင့်သလဲ၊ သွားဖုံးရောဂါဖြစ်စေတဲ့အရာတွေကို ဘယ်လို ကာကွယ်ကြမလဲစတဲ့ သွားဖုံးကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမယ့် ကျန်းမာရေးဗဟုသုတတွေကို တင်ပြပေးပါမယ်။

သွားဖုံးရောဂါတွေမှာ အဖြစ်အများဆုံးကတော့ gingiva လို့ခေါ်တဲ့ အပေါ်ယံသွားဖုံးသားတွေ ရောင်ပြီးဖြစ်တတ်တဲ့ gingivitis လို့ခေါ်တဲ့ ကနဦးအဆင့် သွားဖုံးရောင်ရောဂါနဲ့ သွားရဲ့အမြစ်ပိုင်းတစ်လျှောက် ရစ်ပတ်ကာရံပေးထားတဲ့ periodontium လို့ခေါ်တဲ့ သွားဖုံးအတွင်းလွှာတွေမှာ ဖြစ်ပွားတတ်တဲ့ periodontitis လို့ခေါ်တဲ့ အရပ်အခေါ် သွားဖုံးရေစီးကမ်းပြိုရောဂါလို့ခေါ်တဲ့ ဆိုးရွားသွားဖုံးရောင်ရောဂါဆိုပြီး ရှိပါတယ်။ Gingivitis လို့ခေါ်တဲ့ အပေါ်ယံ သွားဖုံးသားတွေ ရောင်တဲ့ရောဂါက လူတိုင်းဖြစ်ဖူးပါတယ်။ အထူးသဖြင့် သွားတွေရဲ့ အစပ်နားက သွားဖုံးသားတွေ နီရဲပြီး ရောင်ရမ်းနေတာဟာ ဒီ gingivitis လို့ခေါ်တဲ့ သွားဖုံးရောင်ရောဂါပါ။ ဒီလိုအပေါ်ယံအလွှာက သွားဖုံးသားတွေ ရောင်နေတဲ့အချိန်မှာ အထူးသဖြင့် သွားဖုံးသားတွေ ပူစပ်ပူစပ်ဖြစ်ပြီး တစ်ခါတစ်ရံ သွားတိုက်တဲ့အခါ နာသလို ခံစားရတတ်ပါတယ်။ သွားတိုက်တဲ့အခါ သွားဖုံးစပ်နားကနေ သွေးတွေထွက်လာတတ်ပါတယ်။ ဒီအဆင့်ထိဟာ သွားတွေ ယိုင်နဲ့သွားတဲ့အထိတော့ မဖြစ်သေးပါဘူး။ ဒါပေမယ့် ဒါဟာ ဆိုးရွားတဲ့ သွားဖုံးရောဂါတွေဖြစ်ဖို့အတွက် အစပျိုးနေပြီဖြစ်လို့ သေသေချာချာ ကုသမှုခံယူဖို့လိုပါတယ်။ ဒုတိယတစ်မျိုးဖြစ်တဲ့ periodontium မှာဖြစ်တဲ့ periodontitis ဆိုးရွားသွားဖုံးရောင်ရောဂါကတော့ သွားတွေယိုင်နဲ့တဲ့အထိ ဖြစ်စေပါတယ်။ သွားအမြစ်ပိုင်းအတွင်းက သွားနဲ့ မေးရိုးတွေကြား ခိုင်မြဲအောင်သွယ်ဆက်ပေးထားတဲ့ periodontal ligaments လို့ခေါ်တဲ့ သွားမြစ်ပတ်မြှေးတွေပါ ပျက်စီးသွားစေတာကြောင့် သွားတွေကို ယိုင်နဲ့သွားစေတာပါ။

**သွားဖုံးကျန်းမာရေးဟာ ကျွန်ုပ်တို့ရဲ့ အထွေထွေ ကျန်းမာရေးနဲ့လည်း ဆက်စပ်မှုရှိနေပါတယ်။ အထူးသဖြင့် သွားဖုံးရောဂါဖြစ်ပွားမှုများတဲ့လူတွေဟာ အခြားသောရောဂါများဖြစ်တဲ့ သွေးချို၊ ဆီးချို၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ ဖြစ်ပွားမှုတွေနဲ့ ဆက်စပ်မှုရှိနေပါတယ်။ ဒါကြောင့် သွားဖုံး ကျန်းမာရေးဟာ သွားတွေကြံ့ခိုင်ဖို့အတွက်သာမက အထွေထွေ ကျန်းမာရေးအတွက်ပါ အရေးကြီးပါတယ် . . .**

သွားဖုံးတွေ အထက်ကတင်ပြခဲ့တဲ့အတိုင်း ပျက်စီးပြီး ယိုင်နဲ့သွားစေတဲ့ အဓိကအကြောင်းရင်းတွေကတော့ သွားနဲ့ သွားဖုံးကြားက သွားချေးလွှာ သွားကျောက်တွေ၊ သွားတွေ ဆွေးမြည့်ပျက်စီးပြီးဖြစ်ပေါ်လာတဲ့ သွားပေါက်တွေနဲ့ ကွမ်းယာ၊ ဆေးလိပ်စတဲ့ ဆေးရွက်ကြီးထုတ်ကုန်တွေ သုံးစွဲမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကြောင့်ပဲဖြစ်ပါတယ်။ အသက်အရွယ်အိုမင်းလာပြီး ဇရာရဲ့ဖြစ်စဉ်သဘောအရ သွားဖုံးတွေ ပျက်စီးပြီး ယိုင်နဲ့တတ်တာဖြစ်ပေမယ့် မိမိရဲ့ဂရုစိုက်မှုနဲ့ ထိန်းထိန်းသိမ်းသိမ်းနေတတ်မယ်ဆိုရင်တော့ အသက်ကြီးပေမယ့် သွားတွေယိုင်နဲ့မသွားအောင် ကာကွယ်ထားလို့ ရနိုင်ပါတယ်။ ဆံဖြူတာက လူတိုင်းဖြူမှာဖြစ်ပေမယ့် သွားတွေတော့ လူတိုင်းမကျိုးအောင် အတိုင်းတာတစ်ခုအထိ ကာကွယ်ထားလို့ ရနိုင်ပါတယ်။ အသက်ကြီးပေမယ့် သွားတွေ အလွန်ကျန်းမာတဲ့ အဘိုးအဘွားတွေ အများကြီးတွေ့ဖူးပါတယ်။

သွားဖုံးရောဂါတွေဖြစ်စေတဲ့အထဲမှာ အရေးပါဆုံးကတော့ သွားချေးလွှာနဲ့ သွားကျောက်တွေပါပဲ။ ဒီသွားချေးလွှာ၊ သွားကျောက်အလွှာတွေဆိုတာ သူ့ဘာသာသူဖြစ်လာတာမဟုတ်ဘဲ ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေတာနဲ့ ဆက်စပ်ပြီးဖြစ်ပေါ်လာတာတွေပါပဲ။ လူတစ်ယောက်ဟာ အနည်းဆုံးတစ်နေ့ကို အစားအစာ သုံးကြိမ်တော့ စားကြပါတယ်။ သုံးကြိမ်စလုံးစားပြီးတဲ့အခါ အစာကြွင်းကျန်တွေခံတွင်းထဲမှာ မကျန်အောင် သန့်ရှင်းရေးလုပ်တဲ့သူရှားပါတယ်။ ညဘက်အိပ်ရာမဝင်ခင်မှာဘဲ ခံတွင်းသန့်ရှင်းရေးလုပ် သွားတိုက်ပြီး သန့်ရှင်းရေးလုပ်တတ်ကြပါတယ်။ မြန်မာပြည်ကလူတော်တော်များများကတော့ မနက်အိပ်ရာထမှသာ သွားတိုက်ကြတာများပါတယ်။ တစ်ခါ ခံတွင်းသန့်ရှင်းရေးလုပ်တဲ့အခါမှာလည်း သာမန်ကာလျှံကာပဲ လုပ်ကြတာများတဲ့အတွက်ကြောင့် အစာကြွင်းကျန်တွေဟာ သွားမျက်နှာပြင်တွေမှာ ကပ်ငြိကျန်နေပါတယ်။ အချိန်ကြာလာတာနဲ့အမျှ dental plaque လို့ခေါ်တဲ့ သွားချေးလွှာတွေ စတင်ဖြစ်ပေါ်လာပါတယ်။ တစ်ခါ အဲ့ဒီ dental plaque သွားချေးလွှာတွေကို သေသေချာချာ သန့်ရှင်းရေးမလုပ်နိုင် ဘူးဆိုရင်တော့ အချိန်ကြာလာတာနဲ့အမျှ သွားချေးလွှာတွေဟာ မာခဲလာပြီး သွားကျောက်တွေ calculus အဖြစ် ပြောင်းသွားပါတယ်။ အဲဒီလို သွားကျောက်တွေဖြစ်သွား ပြီဆိုရင်တော့ မိမိဘာသာ ခံတွင်းသန့်ရှင်းရေးလုပ် သွားတိုက် နေရုံနဲ့ မရနိုင်တော့ပါဘူး။

တချို့သောသူတွေကလည်း ဆေးခန်းလာပြရင်းနဲ့ ပြောပြကြပါတယ်။ သူတို့သွားကိုလည်း သေချာတိုက်ကြတဲ့အကြောင်း ပလုတ်လည်းကျင်းကြတဲ့အကြောင်း ပြောပြပါတယ်။ ဒါပေမယ့်လည်း သွားကျောက်တွေက တည်လာတာပဲဆိုပြီး ပြောပြကြပါတယ်။ မိမိဘာသာ မိမိသွားသန့်ရှင်းရေးလုပ်တာက အတိုင်းအတာတစ်ခုအထိပဲ သန့်ရှင်းအောင်လုပ်ယူလို့ရပါတယ်။ ဘယ်လောက်ပဲ စင်အောင်တိုက်တယ်ပြောပြော အနည်းနဲ့ အများတော့ ကျန်လေ့ရှိပါတယ်။ ကျွန်ုပ်တို့သွားနှင့် သွားဖုံးအစပ်နားနေရာမှာ gingival sulcus လို့ခေါ်တဲ့ အင်္ဂလိပ်အက္ခရာ V ပုံလိုမျိုး အချိုင့်လေးတွေ သွားနဲ့ သွားဖုံးသားတွေတိုင်းမှာ ပါနေပါတယ်။ စားပြီးသမျှ သွားမျက်နှာပြင်နဲ့ သွားကြားတွေမှာ ကပ်ကျန်နေတာတွေကို သွားတိုက်တာ၊ သွားကြားပွတ်ကြိုးသုံးပြီး သန့်ရှင်းရေးလုပ်ပေးတာတို့ စတဲ့နည်းလမ်းတွေနဲ့ ဖယ်ရှားလို့ရနိုင်ပေမယ့် ခုနကပြောတဲ့ sulcus လို့ခေါ်တဲ့နေရာမှာ ကပ်ကျန်နေတဲ့ အစာတွေကိုတော့ ဖယ်ရှားဖို့မလွယ်ပါဘူး။ ဒါကြောင့် အဲဒီနေရာတွေမှာ သွားကျောက်တွေ အနည်းနဲ့ အများတည်ပါတယ်။ ဒါကလူတိုင်းဖြစ်တတ်တာမျိုးပါ။ သွားကျောက်တွေ တည်လာပြီဆိုရင် အမြန်ဆုံးဖယ်ရှားပြီး သန့်ရှင်းပေးဖို့လိုပါတယ်။ ဒါမှလည်း သွားကျောက်တွေကြောင့် သွားဖုံးတွေ ပျက်စီးသွားတာကို အချိန်မီကာကွယ်နိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက ကွမ်းယာနဲ့ ဆေးလိပ်စတဲ့ ဆေးရွက်ကြီးထုတ်ကုန်တွေ သုံးစွဲတာကြောင့်လည်း သွားဖုံးရောဂါတွေဖြစ်စေပါတယ်။ မြန်မာပြည်က ကွမ်းယာစားသူတော်တော်များများက ကွမ်းစားရင် သွားခိုင်တယ်၊ သွားပိုးမစားဘူးဆိုပြီး လွဲမှားစွာယူဆထားကြပါတယ်။ ဒါဟာလည်း ဘယ်ကနေဘယ်လိုစပြီး ပျံ့နှံ့ခဲ့တာလည်းတော့မသိပါ။ စာရေးသူတို့ ဆေးခန်းတွေမှာတော့ ကွမ်းစားလို့သာ သွားတွေယိုင်နဲ့ကုန်ပြီး လာနုတ်ကြတာတွေပဲများပါတယ်။ ဘယ်သူတွေက ဘယ်လိုစပြီး ကွမ်းစားတာဟာသွားခိုင်တယ်လို့ ပြောခဲ့လဲတော့မစဉ်းစားတတ်ပါ။ ကွမ်းယာထဲမှာပါတဲ့ ဆေးရွက်ကြီးကရတဲ့ ကွမ်းစားဆေးအမျိုးမျိုးဟာ ခံတွင်းကင်ဆာကဲ့သို့ ရောဂါဆိုးအထိဖြစ်စေနိုင်သလို သွားဖုံးသားတွေထဲက ဆဲလ်တွေ၊ တစ်သျှူးတွေကိုလည်း တဖြည်းဖြည်းပျက်စီးစေပါတယ်။ ဒါမျိုးက အခုစား အခုဖြစ်တာမျိုး မဟုတ်ပါဘူး။ အချိန်ယူပြီး ကိုယ့်ကိုဖျက်ဆီးနေတယ်ဆိုတာ သတိထားဖို့ လိုပါတယ်။

ကွမ်းစားသလိုပါပဲ ဆေးလိပ်သောက်ခြင်းဟာလည်း သွားဖုံးတွေပျက်စီးစေပြီး သွားတွေယိုင်နဲ့ စေနိုင်ပါတယ်။ ဒီလိုဖြစ်တတ်တယ်ဆိုတာကိုလည်း သုတေသန ပညာရှင်တွေက လေ့လာတွေ့ရှိထားပြီးသားမို့ မိမိသွားတွေ ယိုင်နဲ့ပျက်စီးမှာ မဖြစ်လိုသူတွေအနေနဲ့ ဆေးရွက်ကြီးနဲ့ ဆက်စပ်ထုတ်ကုန်တွေသုံးစွဲတာကို ရှောင်ကြဖို့ လိုပါတယ်။ တချို့ကလည်း ကတ်သီးကတ်သတ်မေးတာမျိုးကြုံရဖူးပါတယ်။ ကွမ်းစားရင် ဆေးထည့်မစားဘဲ ကွမ်းသီးနဲ့ပဲစားလို့ ရလားဆိုပြီး မေးတတ်ကြပါတယ်။ ဒါလည်းမရပါဘူး။ အခုနောက်ပိုင်း သုတေသနပညာရှင်တွေ လေ့လာတွေ့ရှိချက်တွေအရ ကွမ်းသီးဟာလည်း ခံတွင်း ကင်ဆာ၊ ခံတွင်းအကြိုကင်ဆာနဲ့ အခြားသော သွားနှင့်ခံတွင်း ရောဂါဖြစ်ပွားမှုတွေနဲ့ ဆက်နွယ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်ကွမ်းသီးဟာလည်း ရောဂါမကင်းပါဘူးဆိုတာ သိထားကြဖို့လိုပါတယ်။ နောက် ကွမ်းသီးခြောက်ပဲဖြစ်ဖြစ်၊ ကွမ်းသီးအစိုပဲဖြစ်ဖြစ် ကြိတ်ဝါးတဲ့အခါ မာပါတယ်။ အဲဒီလို မာကျောနေတဲ့အရာတွေကို ရေရှည်ကြိတ်ဝါးပါများတဲ့အခါ သွားအမြစ်ပိုင်းမှာ သွားတွေခိုင်မာနေအောင် ရစ်ပတ်ထားပေးတဲ့ သွားမြစ်ပတ်မြှေးတွေမှာ ဒဏ်ရပြီး သွားမြစ်ပတ် မြှေးတွေပျက်စီးကုန်တာကြောင့် သွားတွေယိုင်နဲ့စေပါတယ်။ ကွမ်းသီးတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကွမ်းစားထုံးဟာလည်း ခံတွင်းထဲက တစ်သျှူးတွေကို ပျက်စီးစေပါတယ်။ သာမန်အရေပြားနဲ့ ထုံးကိုထိမိကိုင်မိရင်တောင် အရေပြားတွေ စားသွားစေတာ။ ခံတွင်းထဲကလို နူးညံ့တဲ့အသားလွှာ တွေဆိုရင်တော့ ပိုလို့တောင် ပျက်စီးစေပါတယ်။ ဒါကြောင့် ကွမ်းစားဆေးမှမဟုတ်ပါဘူး ကွမ်းယာမှာပါတဲ့အရာမှန်သမျှ ဘာမှမစားမိဖို့ စားနေသူတွေလည်း အမြန်ဆုံးဖြတ်ကြဖို့သာ တိုက်တွန်းလိုပါတယ်။

သွားဖုံးရောင်ရောဂါဟာ သွားဖုံးသားတွေ ပျက်စီးခြင်းရဲ့ အစဖြစ်လို့ ဒီအခြေအနေမှာ အမြန်ဆုံးပြန်လည်ပြုပြင်ကုသပေးမှသာ သွားဖုံးသားတွေပြန်လည်ကျန်းမာစေပြီး သွားတွေ ယိုင်နဲ့တာတွေကို အချိန်မီကာကွယ်နိုင်မှာဖြစ်ပါတယ်။ သွားဖုံးရောင်ရောဂါ ဖြစ်ရတဲ့အကြောင်းတွေထဲမှာလည်း သွားချေးလွှာနဲ့ သွားကျောက်တွေက လူတိုင်းလူတိုင်းမှာဖြစ်နိုင်တာကြောင့် လူတိုင်းခံတွင်း ကျန်းမာရေး စစ်ဆေးမှုခံယူပြီး သွားဖုံးသန့်ရှင်းရေးလုပ်ပေးကြဖို့ လိုပါတယ်။ သွားကျောက်တွေဟာ ဆေးမြီးတိုတွေနဲ့ကုပြီးဖယ်ရှားလို့ရနိုင်တဲ့ အခြေနေတွေမဟုတ်တာကြောင့် သွားကျောက်တွေတည်နေတာ သိသာလာပြီဆိုရင် သွားနှင့်ခံတွင်းဆေးခန်း၊ ဆေးရုံတွေမှာ ပြသကုသမှုခံယူဖို့လိုပါတယ်။ သာမန်လူတစ်ယောက်ဟာ အနည်းဆုံးတော့ တစ်နှစ်ကို နှစ်ကြိမ် ခံတွင်းကျန်းမာရေး စစ်ဆေးမှုခံယူပြီး ခံတွင်းသန့်ရှင်းရေးလုပ်ပေးဖို့ လိုပါတယ်။ အကောင်းဆုံးကတော့ မိမိခံတွင်းကို အမြဲတစေ ဂရုပြုပြီး သွားကျောက်တွေတည်တာ သိလာပြီဆိုရင် မြန်မြန်နဲ့ မှန်မှန် ပြသပြီး ဖယ်ရှားပစ်လိုက်နိုင်မယ်ဆိုရင်တော့ ပိုကောင်းပါတယ်။ ဒါမှလည်းသွားကျောက်တွေကြောင့် သွားဖုံးတွေ ပျက်စီးမှုကို အချိန်မီကာကွယ်နိုင်မှာပါ။

ကွမ်းစား၊ ဆေးလိပ်သောက်သူတွေအနေနဲ့လည်း မိမိသွားတွေအချိန်မတိုင်ခင် ယိုင်နဲ့ပျက်စီးသွားတာမျိုး မဖြစ်အောင် မိမိစိတ်အလိုကိုလိုက်ပြီး မကောင်းတဲ့အလေ့အကျင့်လေးတွေ ဆက်မလုပ်မိအောင် သတိပြုကြဖို့ လိုပါတယ်။ ကွမ်းဝါးခြင်း၊ ဆေးလိပ်သောက်ခြင်းထက် မိမိအတွက် အာဟာရဖြစ်ဖို့ အစားအစာတွေကို ကောင်းကောင်းကြိတ်ဝါးနိုင်တဲ့ သွားတွေရှိဖို့ လိုတယ်ဆိုတာလေး ဂရုပြုမိကြဖို့လိုပါတယ်။ ဒါကြောင့် ကွမ်းစားတာ၊ ဆေးလိပ်သောက်တာကို အမြန်ဆုံးဖြတ်ကြဖို့လိုပါတယ်။ တချို့ကလည်း သူတို့ အလုပ်အတွက် ကွမ်းလေးဝါးနေမှစိတ်ကြည်လို့၊ စိတ်လန်းလို့ ကွမ်းဝါးဖြစ်တာဆိုပြီးအကြောင်းပြကြပါတယ်။ ဒါဟာ ဆင်ခြေတစ်ခုမျှသာပါပဲ။ အနောက်တိုင်းကလူတွေ ဘာကွမ်းမှ မဝါးဘဲလုပ်နေကြတာ ဖြစ်တာပါပဲ။ ဒါကြောင့် မိမိအတွက် ငွေကုန် လူလည်းရောဂါရ သွားတွေလည်း ဆုံးရှုံးတာမျိုးမဖြစ်အောင် ကွမ်းစား၊ ဆေးလိပ်သောက်တာကို အမြန်ဆုံးဖြတ်ကြဖို့ ထပ်ဆင့်တိုက်တွန်းလိုပါတယ်။

သွားတွေယိုင်နဲ့ ပျက်စီးသွားစေတဲ့ အကြောင်းအရင်းတွေထဲမှာ သွားဖုံးရောဂါဟာလည်း အင်မတန်မှအရေးပါတာကြောင့် သွားဖုံးကျန်းမာရေးဟာ မိမိသွားတွေ ကျန်းမာကြံ့ခိုင်နေစေဖို့အတွက် အရေးကြီးပါတယ်။ ယခုနောက်ပိုင်း သုတေသနပညာရှင်တွေရဲ့ လေ့လာတွေ့ရှိချက်တွေအရ သွားဖုံးကျန်းမာရေးဟာ အခြားသော ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှာဖြစ်တတ်တဲ့ရောဂါတွေနဲ့လည်း ဆက်စပ်မှုရှိနေပါတယ်။ သွားဖုံးကျန်းမာရေးဟာကျွန်ုပ်တို့ရဲ့ အထွေထွေ ကျန်းမာရေးနဲ့လည်း ဆက်စပ်မှုရှိနေပါတယ်။ အထူးသဖြင့် သွားဖုံးရောဂါဖြစ်ပွားမှုများတဲ့လူတွေဟာ အခြားသော ရောဂါများဖြစ်တဲ့ သွေးချို၊ ဆီးချို၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ ဖြစ်ပွားမှုတွေနဲ့ ဆက်စပ်မှုရှိနေပါတယ်။ ဒါကြောင့် သွားဖုံး ကျန်းမာရေးဟာ သွားတွေကြံ့ခိုင်ဖို့အတွက်သာမက အထွေထွေကျန်းမာရေးအတွက်ပါ အရေးကြီးပါတယ်။ သွားဖုံးကျန်းမာရေးအတွက် မိမိရဲ့ သွားနှင့်ခံတွင်းသန့်ရှင်းရေးကို မှန်မှန်ပြုလုပ်ပေးဖို့လိုသလို သွားဖုံးကျန်းမာရေးကိုထိခိုက်စေနိုင်တဲ့ မကောင်းတဲ့ အလေ့အထတွေဖြစ်တဲ့ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကိုလည်း ရှောင်ရှားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် ခံတွင်းကျန်းမာရေးပုံမှန်စစ်ဆေးမှုခံယူပြီး သွားကျောက်တွေ၊ သွားချေးလွှာတွေ သိသာစွာ ဖြစ်ပေါ်လာပြီဆိုပါက အမြန်ဆုံး ပြသကုသမှုခံယူဖို့လိုပါတယ်။ ကျွန်တော်တို့မြန်မာပြည်သူများ အခြားနိုင်ငံက လူများနည်းတူ ဆံဖြူပေမယ့် သွားတွေမကျိုးစေဖို့ ကိုယ်စီကိုယ်စီ ဂရုစိုက်တတ်ကြစေဖို့ ဆန္ဒပြုလိုက်ရပါတယ်။

# ယာဉ်အန္တရာယ်ကင်းဝေးစေရန်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၂၅**

မော်တော်ဆိုင်ကယ် မောင်းနှင်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် စည်းကမ်းလိုက်နာမှု ရှိစေရေးအတွက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းမှစတင်ကာ ညောင်လေးပင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မညီညွတ်သောယာဉ်များကို ကြပ်မတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောဆောင်ရွက်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ညောင်လေးပင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာစာသင်ကျောင်းများ၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကိုကိုကြီးက ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက်က မြို့မရဲစခန်းရှေ့၌ ဆိုင်ကယ် ၁၀ စီး၊ ၂၂ ရက်က ညောင်လေးပင် မဒေါက်လမ်းကျူးချောင်းလုံခြုံရေးဂိတ်၌ ဆိုင်ကယ် ၁၁ စီး၊ ၂၃ ရက်က ပွင့်တန်ဆာမြို့၌ ဆိုင်ကယ်ခုနစ်စီးတို့အား စည်းကမ်းမလိုက်နာသဖြင့် ဖမ်းစီး၍ မော်တော်ယာဉ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

# ပုသိမ်မြို့နယ် ကိုးဆူကျေးရွာစီမံချက် မြေငှားဂရန်ပေးအပ်



**ပုသိမ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စု ရန်ကုန်-ပုသိမ်ကားလမ်းအနီးရှိ ကိုးဆူကျေးရွာနေ ပြည်သူများအား ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်စာချုပ် ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက်က ကိုးဆူကျေးရွာ ရတနာပုံ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ကျေးရွာမြေငှားဂရန်စာချုပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကိုးဆူကျေးရွာ မြေကေ ၉ ဒသမ ၅၀ ပေါ်ရှိ အိမ်ခြေ ၇၈ လုံးကို လယ်ယာဥယျာဉ်ခြံမြေများနှင့် လမ်းမကြီးဥပဒေနှင့် ငြိစွန်းမှုကင်းလွတ်ခြင်း၊ ကန့်ကွက်မှုမရှိ၊ စည်းမျဉ်းဥပဒေနှင့်ညီညွတ်သောအိမ်ခြံမြေ ၂၇ လုံးအား အကြိမ်ကြိမ်စစ်ဆေးပြီးမှ တာဝန်ရှိသူတို့က ဆုံးဖြတ်ချက်အရ ယခုလို မြေငှားဂရန်စာချုပ် စာတမ်းများကို ကျေးရွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ပုသိမ်-လှကြည်**

# ဒလမြို့ အမက(၁)၌ကိုရီးယားစေတနာ့ဝန်ထမ်းအဖွဲ့မှရေသန့်စက်၊ စာကြည့်တိုက်၊ အားကစားကွင်းများလှူဒါန်း

**ဒလ ဇူလိုင် ၂၅**

ဒလမြို့နယ် ၁၁/၁၄ ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် တောင်ကိုရီးယားနိုင်ငံ Shinhan Card Volunteers အဖွဲ့အစည်းမှ ရန်ကုန်အခြေစိုက် Habitat for Humanity အဖွဲ့ကကိုရီးယားလူငယ် ၂၀ ခန့်တို့သည် ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ Share Mercy (မျှဝေကရုဏာ)အသင်း၏ ကူညီဆက်သွယ်ပေးမှုအရ ဒလ အမက(၁) ကျောင်းတွင် ငွေကျပ်သိန်း ၁၆၀ ကျော်ကုန်ကျခံ၍ ရေသန့်စက်၊ ကျောင်းစာကြည့်တိုက်နှင့် အားကစားကွင်းတို့ကို လာရောက် ဆောက်လုပ်လှူဒါန်းဆောင်ရွက်ပေးကြောင်း သိရသည်။

"မျှဝေကရုဏာအသင်းရဲ့ချိတ်ဆက်ကူညီမှုနဲ့ ကိုရီးယားအဖွဲ့က ကျွန်မတို့ကျောင်းမှာ လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်။ ရေသန့်စက်တစ်လုံးရယ်၊ ကျောင်းစာကြည့်အတွက်က အခန်းကို ပြုပြင်ပေးတယ်။ ပရိဘောဂတွေနဲ့ စာအုပ်စာတမ်းတွေကို ဖြည့်စွက်လှူဒါန်းဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးက ပြောသည်။



**သတင်း-သန်းဌေး(ဒလ)၊ ဓာတ်ပုံ-စန်းဝင္ဒာ**

# ညောင်ဦး၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဆင်း

**ညောင်ဦး ဇူလိုင် ၂၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း (အခြေခံ) အမှတ်စဉ် (၁/၂၀၁၆) သင်တန်း ဆင်းပွဲကို ဇူလိုင် ၂၀ ရက်က အမှတ် (၇)ရပ်ကွက် UMBRA ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(ပုဂံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများက သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သတင်းတိုများ

### မြန်မာ့ယဉ်ကျေးမှုကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲကျင်းပ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြန်မာ့ယဉ်ကျေးမှုကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က ထီလုံကျေးရွာ အထကကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က မြန်မာ့ယဉ်ကျေးမှုကို ခြိမ်းခြောက်လာသော အန္တရာယ်များအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းညှိနှိုင်းစည်းဝေး

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင်အတွင်း ယာဉ်မတော်တဆမှုများကြောင့် ဒဏ်ရာရသူ၊ သေဆုံးသူများများပြားလာသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရေးယူမှုများဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကြည်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့ပေါ်ရဲစခန်းများမှ စခန်းမှူးများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၂၀ ရက်မှစပြီး စည်းကမ်းမဲ့ မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### ရထားရဲတပ်ဖွဲ့က ခရီးသည်များ၏လုံခြုံရေး အထူးအလေးထားဆောင်ရွက်

မြန်မာ့မီးရထားတပ်ခွဲ အမှတ်(၁၅)တပ်ခွဲသည် ထားဝယ်ဘူတာမှ ရန်ကုန်ဘူတာသို့ ထွက်ခွာလာသော အမှတ်(၁၇၆)အစုန်ရထား မော်လမြိုင်ဘူတာသို့ ဆိုက်ရောက်ချိန်၌ ရထားပြန်လည်မထွက်ခွာမီ မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ရထားစီးခရီးသည်များ ရထားပေါ်၌ခိုး၊ ဆိုး၊ ခါးပိုက်နှိုက်အမှုများ မဖြစ်ပေါ်စေရန် ရထားတပ်ဖွဲ့အမှတ် (၁၅) တပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး ဒုတိယရဲမှူးငွေဝင်းနှင့် တပ်ဖွဲ့ဝင်များက မော်လမြိုင်ဘူတာရုံပိုင်ဦးဝင်းမင်းလတ်ဦးစီးသော ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ရထားစီးခရီးသည်များ၏ ခရီးဆောင်ပစ္စည်းများ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများကို သတိလက်လွတ်အမှုမဲ့ အမှတ်မဲ့မစီးနင်းကျရန် နှင့် ရထားခုတ်မောင်းနေစဉ် အိပ်စက်နားနေမည်ဆိုပါက ပြတင်းပေါက်များပိတ်ပြီးမှ အိပ်စက်နားနေကျရန်ပညာပေးဆွေးနွေးခဲ့ပြီး ခရီးစဉ်အလိုက် ရထားစီးကြမည့် ညအိပ်ခရီးသည်များကို မိမိတို့ပါလာသောပစ္စည်းများ ပျောက်ဆုံးမှုမရှိစေရေးအတွက် သတိဝီရိယဖြင့် အိပ်စက်နားနေစောင့်ဆိုင်းကြရန် ဘူတာရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းမြင့်နှင့် တပ်ဖွဲ့ဝင်များက ရုံပိုင်ဦးစီးသော ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ပြောကြားခဲ့ပြီး မော်လမြိုင်ဘူတာ ယာဒ်ဝင်းအတွင်း လှည့်ကင်းများဖြင့် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်**

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်အထက်ကျောင်းသားကျောင်းသူများအား ဇူလိုင် ၂၂ ရက်က မြတ်ပညာခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မှတ်ပုံတင်ကတ်ပြားများ ပြုလုပ်ပေးရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေသောင်းနှင့် NRC အဖွဲ့ခေါင်းဆောင် ဒေါ်သန္တာစိုးတို့က ဦးဆောင်ပြီး အထက(၁)မှ ကျောင်းသားကျောင်းသူ ၂၁၈ ဦးကို သန်းခေါင်စာရင်း စစ်ဆေးခြင်း၊ သက်သေခံဓာတ်ပုံများရိုက်ကူးပေးကာ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယာဉ်အန္တရာယ်ကင်းဝေးရေးဟောပြော

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပြည်စိုးကုန်းအထကခွဲတွင် ဇူလိုင် ၂၂ ရက်က ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးကိစ္စများကို ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဆင်ဖြူကျွန်းရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်စန်းက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်းအရာများကို ဟောပြောခဲ့သည်။

ယင်းဟောပြောပွဲသို့ ပြည်စိုးကုန်းအထကခွဲမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၆၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရဲနှင့်ပြည်သူပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ခြင်း၏ ရလဒ်

**သတင်းဆောင်းပါး - မောင်သင်းပျို့၊**
**ဓာတ်ပုံ - ငြိမ်းချမ်း**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သည် ပြည်သူတို့၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများလျော့နည်းကျဆင်းရေး အတွက် ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည့်နည်းတူ မြို့နယ်လေးမြို့နယ် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရှေ့ပြေးစီမံချက် (Pilot Project) ကို ဇွန် ၁၄ ရက်မှစတင်ကာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၄ ရက်တွင် တစ်လပြည့်ပြီဖြစ်သည်။ အဆိုပါ လေးမြို့နယ်ရှိ ဒုစရိုက်သမားများကို ဖမ်းဆီးအရေးယူခြင်း၊ နာမည်ပျက်ရှိသူများကို ခြေချုပ်ခံဝန် ၁၅ ရက်တစ်ကြိမ် လက်မှတ်ထိုးထိန်းချုပ်ထားခြင်း၊ မူးယစ်ရမ်းကားမှုအစဖြစ်သော အရက်သေစာသောက်စားခြင်းကြောင့် အရက်ပုန်းဆိုင်များ၊ လိုင်စင်မရှိသော အရက်ရောင်းချမှုတို့ကို ဖမ်းဆီးခြင်းကြောင့် အမှုကြီးများ သိသာစွာ ကျဆင်းခဲ့၍ ရဲတပ်ဖွဲ့အပေါ် ပြည်သူတို့၏ ဂုဏ်ပြုစကားသံများ လွင့်ပျံ့လျက်ရှိသည်။

သန်လျင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးခန်းတွင် တိုင်းရဲတပ်ဖွဲ့မှူးက လွှတ်တော်ကိုယ်စားလှယ်တို့ကို တွေ့ဆုံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်တို့နှင့် ရပ်မိရပ်ဖတို့မှာ ဤသို့လာရောက်ကွင်းဆင်းမှုအပေါ် ဝမ်းသာကြည်နူးလျက်ရှိသည်။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ယခုမြို့နယ် လေးမြို့နယ်အား တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်ရာတွင် ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်သော အင်အားကြောင့် သာအောင်မြင်ခြင်းဖြစ်ကြောင်း၊ ခိုးမှု၊ ရိုက်မှု၊ လုယက်မှုနှင့် အမှုကြီးများသိသာစွာ ကျဆင်းသွားသဖြင့် ပြည်သူ့ဘဝ လုံခြုံမှုရရှိလာ၍ ပြည်သူများ ဝမ်းသာလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ လွှတ်တော်ကိုယ်စားလှယ်က ရက် ၁၀၀ စီမံချက်တွင် ရဲတပ်ဖွဲ့အင်အား တိုးချဲ့ချထားဆောင်ရွက်မှုကြောင့် မှုခင်းကျဆင်းသွားသည်ကို တွေ့မြင်ရပြီး ရှေ့ပြေးစီမံချက် ဆောင်ရွက်ပြီးပါက ရဲတပ်ဖွဲ့ပြန်လည်အင်အားလျော့သွားလျှင် မှုခင်းပြန်လည်ဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်းနှင့် တပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ရန် လိုအပ်ကြောင်း သုံးသပ်ပြောကြားသည်။

တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက အင်အားလိုအပ်သော်လည်း ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်နှင့်အညီ ပြည်သူ၏အင်အားသာ အဓိကဖြစ်ကြောင်း၊ ပြည်သူပါဝင်သော ရဲအင်အားဖြင့်သာ အုပ်ချုပ်ရေးပိုင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစီမံချက်ရေးဆွဲအကောင်အထည်ဖော်နေမှုအပေါ် အားသာချက်၊ အားနည်းချက်များကိုကြည့်၍ လိုအပ်ချက်တို့ကို တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ မှုခင်းကျဆင်းရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ အရေးပေါ်ခေါ်ဆိုချက်ဖြစ်သော ၁၉၉ ခေါ်ဆိုမှုကိုလည်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးတွင် Call center ၂၄ နာရီ အချိန်ပြည့်ထားရှိဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူတို့၏ အရေးပေါ်ခေါ်ဆိုချက် (၀၁-၂၃၂၃၁၉၉) ကိုလည်း အချိန်မရွေး ခေါ်ဆိုခြင်းဖြင့် မီးတန်းယာဉ်မှတစ်ဆင့် မြန်ဆန်စွာ အကူအညီ ပေးနိုင်မည်ဖြစ်၍ ရပ်ကွက်၊ ကျေးရွာပြည်သူများသိရှိစေရန် မီဒီယာများကလည်း ဖော်ပြပေးလျက်ရှိကြောင်း၊ ပြည်သူမှ သတင်းပေးရာတွင်လည်း မှန်ကန်သော သတင်းကိုသာပေးရန်နှင့် နောက်ပြောင်သော အထိတ်တလန့်ဖြစ်စေမည့် ပေးပို့ချက်များကို မလုပ်ဆောင်ရန် တောင်းပန်လိုကြောင်း၊ မှုခင်းတစ်ခုကို ကာကွယ်ရာတွင် လမ်းသူလမ်းသားများ၊ အုပ်ချုပ်ရေးနှင့် တက်ကြွသောလူငယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိရောက်သော တားဆီးမှုကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လမ်းများတွင် လျှပ်စစ်မီးထွန်းလင်းဖို့ ပူးပေါင်းဆောင်ရွက်ရန်သာရှိကြောင်း၊ မီးမရှိသောနေရာတွင် ရဲတပ်ဖွဲ့ရှိသော်လည်း ရဲမရှိသော အမှောင်နေရာတွင် မှုခင်းများရှိနေနိုင်ကြောင်း၊ အမှောင်ထုကြောင့်မဖြစ်သင့်ဘဲ ဖြစ်ပွားခဲ့သော မှုခင်းများလည်း ရှိခဲ့ကြောင်း၊ သန်လျင်တွင်လည်း ပြစ်မှုကျူးလွန်နိုင်သူ ၁၁ ဦးတွင် ကိုးဦးကိုဖမ်းဆီးခြေချုပ်ထားရှိကာ လှိုင်သာယာ တွင်လည်း ဆောင်ရွက်ထားပြီးဖြစ်၍ ခြေချုပ်ကိုဖောက်ဖျက်ပါက ထောင်ကျမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် စီမံချက်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိစီမံချက် ဆောင်ရွက်နေသော လေးမြို့နယ်အပါအဝင် ရှစ်မြို့နယ်ကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်၍ ရန်ကုန်မြို့နေပြည်သူများ အေးချမ်းစွာဖြင့်နေထိုင် သွားလာနိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က တက်ရောက်လာသူတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

လမ်းပေါင်း ရှစ်လမ်းရှိသော ပဲခူးစုရပ်ကွက် လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသော ဦးသောင်းချိုက "မီးသတ်အပါအဝင် လုံခြုံရေး ၁၂ ဦးရှိတယ်။ အရင်ကဆိုင်ကယ်တိုက်မှု၊ လုယက်မှု၊ ဖောက်ထွင်းမှု၊ ရိုက်မှုတွေဖြစ်တယ်။ အခုနည်းသွားတယ်။ ရပ်ကွက်လုံခြုံရေးကို ည ၇ နာရီကနေ မနက် ၃ နာရီထိ စောင့်တယ်။ အလုပ်ရှိတဲ့သူကို ဦးစားပေးပြန်ခိုင်းပြီးတော့ နောက်နေ့ပြန်ဝင်ပေါ့။ ကျေးရွာ ၂၄ ရွာနဲ့ ရပ်ကွက် ၁၇ ရပ်ကွက်ရှိတယ်။ အခုမြို့နယ် အေးချမ်းလာတယ်ဆိုတာက မှုခင်းဖြစ်ပွားမှုကို တားဆီးနိုင်အောင် လုံခြုံရေးဆောင်ရွက်နိုင်လို့ပါ။ လမ်းထိပ်၊ လမ်းဆုံတွေမှာ လူငယ်တွေစုပြီး အရက်သောက်စားတာတွေနည်းသွားပြီ။ ဆက်ပြီးလည်း ဆောင်ရွက်သင့်ပါတယ်။ ပြည်သူတွေရပ်ကွက်ချစ်စိတ်၊ မိမိမြို့ကိုတန်ဖိုးထားတဲ့ စိတ်ရှိလာရင် တိုင်းပြည်ချစ်စိတ်လည်းရှိလာမယ်လို့ မြင်တယ်။ စိတ်ပိုင်းဆိုင်ရာတွေ ပြုပြင်ပြောင်းလဲပြီး မိမိ မြို့၊ ရွာ၊ နိုင်ငံကို ကြည့်ပြီးလုပ်ဆောင်မယ်ဆိုရင် မှုခင်းကျဆင်းပြီး ဒေသဖွံ့ဖြိုးရေးကို ပိုမိုလုပ်ဆောင်နိုင်မယ်လို့ထင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

လှိုင်သာယာမြို့နယ်၏ အဓိကလမ်းမကြီး ငါးခု လမ်းမီးများမရှိသော်လည်း စက်မှုဇုန်ရှိသည့်အတွက် လူမပြတ်သော နေရာများဖြစ်သည်။ လူမပြတ်သော်လည်း အမှောင်ကြောင့် လုယက်မှုဖြစ်ပေါ်ခြင်းဖြစ်ပြီး ယခုဒဂုံ (တောင်) ပဲခူးမြစ်လမ်းမကြီးနှင့် ရောဝဏ်လမ်းဆုံထိ လမ်းမီးမရှိသည့် အတွက် လူရှင်းသောကြောင့် ဒုစရိုက်မှုဖြစ်ပွားခြင်းပင် ဖြစ်သည်။ မြို့နယ်အသီးသီးတွင် လမ်းမီးများ ပြည့်ဝစွာထားရှိပေးနိုင်ပါက ဒုစရိုက်မှုကျဆင်းရန် များစွာအထောက်အကူဖြစ် စေမည်မှာ အမှန်ပင်ဖြစ်သည်။ သန်လျင်တွင်နာရီစင်အဝိုင်းတစ် နေရာတွင်သာ လူစည်ကားမှုရှိသော်လည်း ဒဂုံ(တောင်)ဘုန်းကြီးကျောင်းလမ်းဆုံ၊ လှော်ကားလမ်းဆုံ၊ ရောဝဏ်လမ်းဆုံ တို့တွင် ည ၁၁ နာရီထိုးသည့်တိုင် ဆိုင်ကယ်၊ ဆိုက်ကားတို့ဖြင့် စည်ကားလျက် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တို့တွင်လည်း လူစည်ကားလျက်ရှိနေသည်။

ဒဂုံ(တောင်) အမှတ် (၇၀)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက "စီမံချက်မစမီတစ်လကို ရှေ့ပြေးစီမံချက်အနေနဲ့ ဒဂုံ(တောင်)မှာ ဆောင်ရွက်ပါတယ်။ လူဦးရေနဲ့ ဒုစရိုက်မှု ဒုတိယအများဆုံး မြို့နယ်ဖြစ်တဲ့အတွက် မှုခင်းထူပြောပါတယ်။ ဇွန် ၆ ရက် ည ၈ နာရီမှာ လူသတ်မှုဖြစ်ခဲ့တယ်။ အမှတ်(၆၉) နဲ့(၇၀)ရပ်ကွက် ဒဂုံဆိပ်ကမ်း မြို့သစ်နဲ့ဆက်စပ်နေတယ်။ အမှတ် (၆၉) ရပ်ကွက်က ကျူးနဲ့ပျံ့ကျနေထိုင်တာများတယ်။ လှော်ကားလမ်းမကို အဓိက သွားလာရတယ်ဆိုတော့ အမှတ်(၇၀) ရပ်ကွက်ကို ဖြတ်သန်းသွားလာရတာများတယ်။ ဒီဘက်က အုပ်စုတွေနဲ့တွေ့ပြီး ခိုက်ရန်ဖြစ်ပွားကြတယ်။ အခုဆိုရင် စီမံချက်ကြောင့် အမှုကြီးမရှိတော့တဲ့အပြင် အမှုငယ်တွေပါ နည်းလာပါပြီ။ ရဲတပ်ဖွဲ့က (၁+၈) ဦး၊ အုပ်ချုပ်ရေးက ၁၅ ဦးနဲ့ နေ့စဉ် ညပိုင်းကင်းလှည့်ပါတယ်။ အဖွဲ့သုံးဖွဲ့နဲ့ ရပ်ကွက်လုံခြုံရေး သုံးနေရာဆောင်ရွက်ထားရှိပါတယ်။ ရဲတပ်ဖွဲ့က ကူညီထောက်ပံ့ပေးတဲ့ မိုးရာသီမှာသုံးတဲ့ ပစ္စည်းစုံလင်အောင် ဆောင်ရွက်ပေးတာကိုလည်း ကျေးဇူး တင်ပါတယ်။ ဒီရပ်ကွက်ရဲ့လမ်းပေါင်း ၅၅ လမ်းမှာ ၁၂ လမ်းပဲ ခင်းရသေးတယ်။ လမ်းမီးမရှိဘူး။ ဒုစရိုက်မှုကျူးလွန်နိုင်တာ ကြောင့် လှည့်လည်တဲ့အခါမှာ ဓာတ်မီးလိုပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကပေးတဲ့ ထောက်ပံ့ပစ္စည်းတွေအတွက် အထူးကျေးဇူးတင်ပါတယ်။ ထိလည်းထိရောက်ပါတယ်။

"ရဲတပ်ဖွဲ့လာမှ ပြည်သူပါလာတာဖြစ်တဲ့အတွက် ရဲပါမှလည်း အောင်မြင်နိုင်သလို၊ ပြည်သူပါမှလည်း အောင်မြင်မှာပါ။ မြို့နယ် ၁၀ မြို့နယ်ကျူးကျော်တွေကနေ ပြောင်းရွှေ့နေထိုင်တဲ့သူတွေဖြစ်တဲ့အတွက် လူ ၁၇၀၀၀ ကိုရဲတပ်ဖွဲ့ အင်အားငါးဦးက ရပ်ကွက်သုံးခုကို ထိန်းနေရတယ်ဆိုတော့ အဆင်မပြေဘူး။ ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးနဲ့ ပရဟိတလူငယ်တွေ၊ ရပ်မိရပ်ဖတွေပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်လိုက်တော့ မှုခင်းသိသိသာသာကျဆင်း သွားပါတယ်။ လုံခြုံရေးအဖွဲ့သုံးဖွဲ့မှာ ရဲတပ်ဖွဲ့ ကိုးဦးနဲ့ ရပ်ကွက်ကရာ/ဆယ် ၁၅ ဦးနဲ့ ည ၇ နာရီကနေ မနက် ၅ နာရီထိ ခြောက်ကြိမ်ပတ်ပါတယ်။ တစ်လအတွင်း မှုခင်းအသေးကအစ ကျဆင်းသွားတာဟာ ပြည်သူတွေအတွက် ဝမ်းသာစရာပါ။ ဒဂုံ(တောင်)မှာ လူဦးရေ သုံးသိန်းကျော်ရှိတဲ့ အတွက် မှုခင်းကျဆင်းရေးကို ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ။ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ရပ်ကွက်အတွင်း ဒုစရိုက်မှုဖြစ်ပွားခဲ့မှုနှင့် စီမံချက်ဆောင်ရွက်ပြီး မှုခင်းကျဆင်းလာမှု၊ လှည့်ကင်းဆောင်ရွက်ရာတွင် လူအင်အားလိုအပ်မှုများကို ရှင်းပြသည်။

ဒဂုံ(တောင်)မြို့နယ်တွင် ရပ်ကွက်ပေါင်း ၇၀ ကျော်ရှိပြီး လေးမြို့နယ် ရှေ့ပြေးစီမံချက်ဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့်အတွက် မှုခင်းဖြစ်ပွားမှုများသော မြို့နယ်လေးမြို့နယ်မှာ ဒုစရိုက်မှုများကျဆင်းလာခြင်းအပေါ် အရှိန်တန့်မသွားဘဲ ဆက်လက်၍ ဆောင်ရွက်သွားမည့် နည်းတူ ကျန်သော ရှစ်မြို့နယ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားဥရောပနိုင်ငံများတွင် မှုခင်းဆောင်ရွက်မှုသည် အသားကျနေပြီဖြစ်ပြီး မှုခင်းဖြစ်ပွားမှုထိန်းချုပ်ရေးအတွက် ဆက်စပ်ဆောင်ရွက်မှုသည် ပြည့်စုံလျက်ရှိကြောင်း၊ ရန်ကုန်မြို့နေပြည်သူများ အရေးပေါ်ခေါ်ဆိုသော ဖုန်းနံပါတ်ဖြစ်သည့် ၁၉၉ နှင့် ၀၁-၂၃၂၃၁၉၉ ကို အချိန်မရွေးခေါ်ဆို အကူအညီတောင်းခံနိုင်ကြောင်းကိုလည်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးချုပ် ဝင်းနိုင်က ပြောသည်။

**ရှေ့ပြေးစီမံချက် ဆောင်ရွက်ပြီးပါက ရဲတပ်ဖွဲ့ပြန်လည်အင်အားလျော့သွားလျှင် မှုခင်းပြန်လည်ဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်းနှင့်တပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ရန် လိုအပ်ကြောင်း သုံးသပ်ပြောကြားသည်။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အင်အားလိုအပ်သော်လည်း ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်နှင့်အညီ ပြည်သူ၏အင်အားသာ အဓိကဖြစ်ကြောင်း၊ ပြည်သူပါဝင်သော ရဲအင်အားဖြင့်သာ အုပ်ချုပ်ရေးပိုင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**

---

# အထက်မင်းလှမြို့နယ်တွင် လင်းကယ်တိုက်နယ် ဆေးရုံဖွင့်

**အထက်မင်းလှ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် လင်းကယ်ကျေးရွာတွင် ဇူလိုင် ၂၄ ရက်က လင်းကယ်တိုက်နယ်ဆေးရုံကို ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်း၊ သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လင်းကယ်တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးတို့က အမှာစကားပြောကြားပြီး ဆေးရုံဆောက်လုပ်ခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်သည့် နန်းထိုက်ဝင်းကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာဦးအောင်သူက မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးထံသို့လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုသက်(အထက်မင်းလှ)**



**ပဲခူးခရိုင် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အား မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်က ပဲခူးခရိုင် သနပ်ပင်မြို့နယ် ရစ်ကံလေး နယ်မြေရဲစခန်းမှူး ရဲအုပ် တင်ညွှန့်ဦးစီးတပ်ဖွဲ့ဝင်များ၊ ကျားခေါင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဘိုပါ အဖွဲ့ဝင် ငါးဦးတို့နှင့်အတူ ကျားခေါင်း ကျေးရွာအုပ်စုအတွင်း မှုခင်းကျဆင်းရေး ပြည်သူ့အကျိုးပြု လုပ်ငန်းရေကင်းလှည့်လည် ဆောင်ရွက်စဉ်**
(မြန်မာ့အလင်း)

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်**
**ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့်စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Mail Box Car - 3 Nos
(ခ) Portable Printer - 10 Nos
(ဂ) ကျွန်းဆိုဖာဆက်တီ - 2 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၇-၂၀၁၆ ရက်မှ ၂၃-၈-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန် လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

---

**ဧရာဝတီတိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လေးမျက်နှာ/သာပေါင်းမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ(၂)လုံးဆောက်လုပ်ခြင်း (ပေ၄၀×ပေ၃၀×၁၂ပေ)
(ခ) ကျုံပျော်/အိမ်မဲ/လပွတ္တာမြို့နယ်(၂)ခန်းတွဲ ဝန်ထမ်းနေအိမ် အဆောက်အအုံ (၃)လုံး ဆောက်လုပ်ခြင်း (၃၆ပေ×၃၄ပေ×၁၂ပေ)

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်ရက်** - ၂၅-၇-၂၀၁၆ ရက်မှ ၂၄-၈-၂၀၁၆ရက်အထိ
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၈-၂၀၁၆ ရက် ၁၆း၃၀ နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပုသိမ်မြို့

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အမှတ်(၂)ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၁၁၃၄၊ ၀၄၂-၂၃၉၄၀**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်အဆင့် ဆေးရုံများ၊ မြို့နယ်ဆေးရုံများအတွက် ဆေးဝါးများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၆-၈-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ချင်းပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၇၀-၂၁၀၂၁၊ ၀၇၀-၂၁၀၆၉**

---

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်း များတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Copier (Canon Digital Multifunction Model iR-2525) 2-Nos
(ခ) **Computer & Accessories** **4-Items**
  (၁) Scanner (Canon DR-C 130 High Speed Color Document Scanner) 2-Nos
  (၂) Printer (Colour) (Epson L-1800) 2-Nos
  (၃) Laser Printer (Black and White) (Canon LBP 2900B) 2-Nos
  (၄) Desktop Computer with UPS(Dell) (Inspiron 3847) 6-Nos
(ဂ) **Furniture** 4-Items
  (၁) Office Table (Aluminium) (Leeco) [1524(W)x762(D)x740(H)mm] 10-Nos
  (၂) Officer Chair (Leeco) (ဆုံလည်၊ လက်တင်ပါ၊ ကျောမှီရှည်၊ ဟိုက်ဒရောလစ်အတင်အချ) 10-Nos
  (၃) Cupboard (Aluminium) (Leeco) [914(W)x470(D)x 1817(H)mm, Netweight-53.6 Kgs] 4-Nos
  (၄) Document Shelf (Aluminium) (Leeco) Shelf-4x10 Nos, 914(W)x316(D)x1807(H)mm, Netweight-58.7Kgs) 4-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၂၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၈-၂၀၁၆ ရက် ၁၃း၀၀နာရီ တွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန www.mcit.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ဝယ်ယူရေးဌာန)**
**အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးတက္ကသိုလ်၊ မကွေး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ အောက်ပါလျှပ်စစ်သုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **လျှပ်စစ်သုံးပစ္စည်းများ**
၁။ Blood Pressure Cuff with Sphygomenometer
၂။ Doppler Fetus Detector
၃။ Static Water Bath
၄။ Syringe Pump
၅။ Paediatric CPAP set (Infant nasal CPAPcannular)
၆။ Diagnostic Spirometer
၇။ Atomic Absorption Spectrophoto meter(AAS)
၈။ Aircondition
၉။ Computer
၁၀။Multimedia Projector

(ခ) **ရုံးသုံးစက်ကိရိယာ**
၁။ Laser Printer
၂။ Voltage Regulator
၃။ Generator
၄။ Conference System
၅။ Fax Machine
၆။ Submersible Pump(4")

(ဂ) **အရပ်ရပ်သုံးပစ္စည်း**
၁။ Lighting Equipment
၂။ UPS(1.25KVA)

(ဃ) **ရုံးသုံးပရိဘောဂ**
၁။ Arm less Chair(Steel with Sofa)
၂။ File Rack(6'x1'.6"x6')
၃။ Bed steads wooden,(6'.6"x3'x1'6")
၄။ Side Tables(wooden)(2'x1'x2')

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာ ရယူရန်နေရာ** - ဆေးတက္ကသိုလ်၊ မကွေး
(ခ) **တင်ဒါလျှောက်လွှာ စတင်ရယူရမည့်ရက်** - ၁-၈-၂၀၁၆ရက်
(ဂ) **တင်ဒါနောက်ဆုံး တင်သွင်းရန်ရက်** - ၃၁-၈-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာတန်ဖိုး** - ၂၀၀၀ကျပ်

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။ **ဆေးတက္ကသိုလ်-မကွေး ဖုန်း-၀၆၃-၂၅၃၂၁**

---

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**၂၀၁၆-၂၀၁၇ ခုနှစ် မြို့မြေအမှုတွဲအမှတ် ၄၄ V ၄အား ၂၀၁၆-၂၀၁၇**
**မြေငှားစာချုပ်(ဂရန်)ပေးရန်အတွက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ**
**(အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေပုဒ်မ ၅၁(တ)(၂)နှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေပုဒ်မ(၂)တို့အရ)**

၁။ မုံရွာခရိုင်၊ မုံရွာမြို့၊ လယ်တီရပ်ကွက်၏ (၂၀၁၆)မြေပုံအရ အကွက်အမှတ်(၆၇၅-တလုံးတောရ)၊ ဦးပိုင်အမှတ် (၅၀ စ)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိမြေကို ဦးကျော်ဆွေ၊ လယ်တီရပ်ကွက်အမည်ဖြင့် မြို့မြေအမှုတွဲအမှတ် ၆၁/၁၉၉၅-၁၉၉၆ အရ (၅-၂-၁၉၉၆)မှ ၄-၂-၂၀၂၆ထိ နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသောမြေ ဖြစ်ပါသည်။ အဆိုပါမြေအား ဦးသိန်းလှိုင်-ဒေါ်အေးအေးသန်းတို့က ဦးကျော်ဆွေနှင့်ဇနီး ဒေါ်ခင်မြင့်တို့ထံမှ ၁၉-၉-၂၀၀၆ ရက်တွင် လယ်တီရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် အရပ်စာချုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့သောမြေဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုပြီးနောက် ဦးကျော်ဆွေအမည်ပေါက် မြေငှားစာချုပ်မူရင်းအား မိမိတို့ထံ လက်ရောက်ပေးအပ်ခဲ့ပါသည်။ အဆိုပါမြေကွက်အား ဝယ်ယူပြီး(၂)ပြည့်သည်အထိ လူနေထိုင်မှုမရှိဘဲ မြေကွက်အတိုင်းထားရှိခဲ့ပါသည်။ ၎င်းတို့သည် ဟုမ္မလင်းမြို့နယ်တွင် ရွှေမျှောလုပ်ငန်းဖြင့် ရွှေ့လျားအသက်မွေးဝမ်းကြောင်း လုပ်ကိုင်ခြင်းဖြစ်ရာ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေငှားစာချုပ်မူရင်းအား ပျက်စီး/ပျောက်ဆုံးမည်ကို စိုးရိမ်သဖြင့် အဒေါ်အရင်းဖြစ်သူ ဟုမ္မလင်းမြို့နယ်၊ နမ်တောကျေးရွာတွင် နေထိုင်သော ဒေါ်သိန်းဝင်း၏နေအိမ်တွင် အပ်နှံထားခဲ့ပါသည်။ မြေငှားစာချုပ်မူရင်းမှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် နမ်တောကျေးရွာအုပ်စု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာတွင် နေထိုင်သော ဒေါ်သိန်းဝင်း၏နေအိမ်လည်း မီးလောင်ဆုံးရှုံးခဲ့၍ ၎င်းတို့ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မူရင်းမြေငှားစာချုပ်မှာ မီးလောင်ရာတွင် ပါသွားခဲ့ခြင်းကြောင့် ဦးသိန်းလှိုင်မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မြေငှားစာချုပ်မိတ္တူထပ်မံထုတ်ပေးရန် လျှောက်ထားလာပါသည်။

၂။ ဦးသိန်းလှိုင်၏ လျှောက်ထားချက်အပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ပြည့်မြောက်သည့်နေ့(သို့မဟုတ်) ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာ အားလုံးကို စာဖြင့်ရေးသားတင်ပြရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း(၃၀)ပြည့်သည့်နောက်ပိုင်းတွင် ပေးပို့မည့် ကန့်ကွက်လွှာများကို လက်ခံအရေးယူဆောင်ရွက်လိမ့်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

၃။ အကယ်၍ သတ်မှတ်သည့်ရက်(သို့မဟုတ်) ထိုရက်မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကို လျှောက်ထားလာသူအား ၂အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်မိတ္တူခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကယားပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ကယားပြည်နယ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| (က) | **ဘောလခဲခရိုင်(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ** | ခြံစည်းရိုးကာရံခြင်း [ကွန်ကရစ်တိုင်၊ အုတ်တက်ချိန်းလင့်ကာ၊သွပ်ဆူးကြိုး တန်း(၁၆၄၀')] |
| (ခ) | **ဒီမောဆို (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ** | ခြံစည်းရိုးကာရံခြင်း [ကွန်ကရစ်တိုင် အုတ်တက်ချိန်းလင့်ကာ၊သွပ်ဆူးကြိုး တန်း(၁၀၈၉')] |
| (ဂ) | **ရှားတောမြို့နယ် တိုင်းရင်းဆေးကုဌာန** | ခြံစည်းရိုးကာရံခြင်း [ကွန်ကရစ်တိုင်၊ အုတ်တက်ချိန်းလင့်ကာ၊ သွပ်ဆူးကြိုးတန်း(၆၀၀')] |

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၈-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါရောင်းချမည့် တင်သွင်းရမည့်နေရာ** - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

၂။ တင်ဒါအသေးစိတ်အချက်အလက်များကို ကယားပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၅၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကယားပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန**

---

## အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့်ဝင်ငွေများ**
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့် ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက် ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကိုဆိုလိုပါသည်။
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
- မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ်(သို့မဟုတ်) လစဉ် ပုံသေလုပ်ခ သို့မဟုတ် လစာရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ လစာမှဝင်ငွေသာဖြစ်သည်။

* **အခွန်နှုန်း** ။ ၁-၄-၂၀၁၆ ရက်မှ စတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

* **စာရင်းထားရှိခြင်း**။ သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်းလုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial Statement) တင်ပြရပါမည်။

* **ဝင်ငွေတွက်ချက်ခြင်း**။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ။ ဝင်ငွေမှ ကုန်ကျစရိတ်နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်-
- မတည်စရိတ်
- ကိုယ်ရေးကိုယ်တာစရိတ်
- လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်

* အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့်ရှေ့နေတစ်ဦး၏ စရိတ်တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေး ထားခြင်းမရှိပါ။

* **အခွန်တွက်ချက်ခြင်း**။ အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်၏ ပုဂ္ဂလိက စာရင်းကိုင်လုပ်ငန်းမှ တစ်နှစ်ဝန်ဆောင်ခရငွေစုစုပေါင်း ကျပ်သိန်း ၁၂၀ ရရှိသော်လည်း အသုံးစရိတ်များ နုတ်ပယ်ပြီးသည့် အသားတင် ဝင်ငွေမှာ ကျပ် ၆၀၀၀၀၀၀ ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မှီခိုသူ ဇနီးရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀ တန်းကျောင်းသူဖြစ်ပါသည်။ ဦးကျော်သည် မိမိတတ်ကျွမ်းသည့် စာရင်းပညာဖြင့် စာရင်းရေးဆွဲပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုကို ဝန်ဆောင်ခ ရယူ ဆောင်ရွက်ပေးခြင်းသာဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေအဖြစ် အောက်ပါအတိုင်းအခွန်တွက်ချက်ရမည်ဖြစ်ပါသည်-

အသားတင်ဝင်ငွေ = ၆၀၀၀၀၀၀

**(နုတ်)သက်သာခွင့်များ**
(က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်) = ၁၂၀၀၀၀၀
(ခ) အိမ်ထောင်ဖက်အတွက် = ၁၀၀၀၀၀၀
(ဂ) အိမ်ထောင်သည်သားအတွက် = ခွင့်မပြု
(ဃ) ကျောင်းသူသမီးအတွက် = ၅၀၀၀၀၀
= ――――― = ၂၇၀၀၀၀၀

**အခွန်စည်းကြပ်ရန်ဝင်ငွေ** = ၃၃၀၀၀၀၀

**အခွန်တွက်ချက်ခြင်း**
၁ ကျပ်မှ ၂၀၀၀၀၀၀ ထိ ပထမ ၂၀၀၀၀၀၀ အတွက် ၀%ဖြင့်
၂၀၀၀၀၀၁ ကျပ်မှ ၃၃၀၀၀၀၀ ထိ ကျန် ၁၃၀၀၀၀၀ အတွက် ၅%ဖြင့် ၆၅၀၀၀
စုစုပေါင်းကျသင့်အခွန် ၆၅၀၀၀

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## CLAIMS DAY NOTICE
## M.V CITY OF MUMBAI VO Y:NO(32)

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO(32) are here by notified that the vessel will arrive on about 27-7-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ
(ခ) ရုံးသုံးပရိဘောဂများ

၂။ **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်ရက်** - ၂၇-၇-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၇-၈-၂၀၁၆ ရက်
**တင်ဒါရောင်းချ တင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ဖုန်း-၀၄၃-၂၃၈၄၀ သို့ စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)**

---

## အမည်မှန်

ဒေါ်ရဘီး၏သား လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ မောင်ကျော်ဇင်ငယ်၏ အမည်မှန်မှာ မောင်ကျော်ဇင်လတ် ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

တန့်ယန်းမြို့နယ်၊ အထက (မိုင်းကောင်) တက္ကသိုလ်ဝင်တန်း(B)မှ မနန်းစိန်ပွင့်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆာထွန်း(ခ)ဦးစိုင်းဆောပေတ ၁၃/ကမန(နိုင်)၀၁၁၈၅၀ ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၁၅၅၀၅ Honda 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်း ၉/မထလ(နိုင်)၂၈၀၈၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကျေးရှုးတင် ဝမ်းမြောက်ဂုဏ်ပြုခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ နတ်ရေကန်ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသို့ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း(၁၈၀)နှင့် မြတ်မင်းကုမ္ပဏီ ကြက်မွေးမြူရေးခြံမှ နတ်ရေကန်ကျေးရွာအထိ (33 KV)ဓာတ်အားလိုင်းသွယ်တန်းရန် ဓာတ်တိုင်/လိုင်းကြိုးများ လှူဒါန်းပေးပါသော မြတ်မင်းကုမ္ပဏီ မိသားစုအား ရွာဦးကျောင်းဆရာတော်၊ မီးလင်းရေးကော်မတီနှင့် ကျေးရွာသူ၊ ကျေးရွာသားများမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

မြတ်မင်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများ အစစအရာရာ အဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ရွာဦးကျောင်းဆရာတော်**

**မီးလင်းရေးကော်မတီနှင့်ရွာသူရွာသားများ**

## ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Educare Co.,Ltd မှ International School of Myanmar တွင် ခန့်ထားရန် အောက်ပါ ဝန်ထမ်းများ အလိုရှိပါသည်။မကြာသေးမီက ရိုက်ကူးထားသောဓါတ်ပုံ တစ်ပုံ၊ C.V၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ဖေါ်ပြချက်အတွက် စာရွက်စာတမ်းများနှင့် အတူ W- 22၊ မြကန်သာလမ်းမကြီး၊ မြကန်သာအိမ်ရာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ် တွင်ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်း နံနက် (၉း၃၀)မှ (၁၁း၀၀)နာရီအတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

1. Maintenance Man (Male) — 3 posts
   (Any Graduate)၊ အခြေခံပညာ အထက်တန်းအဆင့် အနည်းဆုံးရှိရမည်။

2. Custodian (သန့်ရှင်းရေးဝန်ထမ်း ) (Female) — 10 post
   အခြေခံပညာ အထက်တန်းအဆင့် အနည်းဆုံးရှိရမည်။
   သန့်ရှင်းရေး လုပ်ငန်းအတွေ့အကြုံရှိရမည်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းမြို့ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မျိုးချစ်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်လင်း ၈/ပဖန(နိုင်)၀၈၃၆၉၈ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်လင်း**

### (ဒဂုံမြို့သစ်) ဆိပ်ကမ်း၊ တောင်ပိုင်း မြေကွက်ဝယ်လိုသည်။

**ဖုန်း-၀၉-၄၃၀၈၃၈၇၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၇၈၀၇ YUNDE-110 MCယာဉ်လက်ဝယ်ရှိသူ ဦးမျိုးခိုင် ၈/ရစက(နိုင်)၁၁၉၃၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### မိဘအမည်မှန်

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အထက(သိမ်ဆိပ်) ပဉ္စမတန်း(A)မှ မောင်ခန့်ထက်ကျော်၏ မိဘအမည်မှန်မှာ ဦးကျော်သူနှင့် ဒေါ်ယုသက်မွန် ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

မြဝတီမြို့နယ်၊ အထက(ခွဲ)-၂၊ ပဉ္စမတန်း(D)မှ မောင်ကောင်းပြည့်၏ မိခင်အမည်မှန်မှာ ဒေါ်ယု ၁၀/ကမရ(နိုင်)၀၀၇၅၅၈ ဖြစ်ပါကြောင်း။

ဒေါ်ယု
၁၀/ကမရ(နိုင်)၀၀၇၅၅၈

### ရန်ကင်းမြို့နယ်ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်တွင် အောက်ပါဝန်ထမ်းများ အလိုရှိသည်

| | |
|---|---|
| Supervisor | M/F 2 Posts\ |
| Cashier | F 2 Posts |
| Waiter& Waitress | M/F 2 Posts |
| Kitchen Helper (ဓားကိုင်) | M 2 Posts |
| Juicer | M 1 Post |
| လုံခြုံရေး | M 2 Posts |

စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာအတိုင်း ကိုယ်ရေးရာဇဝင်အကျဉ်း၊ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ ၃၁-၇-၂၀၁၆ ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၄၈)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ် (ကျောက်ကုန်းမီးပွိုင့်အနီး) ရန်ကုန်မြို့**

**ဖုန်း-၀၉-၉၇၂၇၉၃၀၂၃၊ ၀၉-၇၇၃၉၉၄၂၉၉၊ ၀၉-၂၅၉၂၅၇၈၈၇**

## ဝန်ထမ်းအလိုရှိသည်

**အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**Ph:01-540742၊ 540747၊ 558973၊**

**E-mail:hrmgr.gh@gmail.com**

ရန်ကုန်မြို့တွင် မကြာမီ ဖွင့်လှစ်မည့် ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါရာထူးများအတွက် ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူ(မည်သူမဆို) E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သတင်းစာတွင် ဖော်ပြသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) **Medical Officer**
- (က) M.B.B.S ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ခ) ဆေးကုသခွင့်လိုင်စင် (ဆမ)ရရှိပြီးသူဖြစ်ရမည်။

(၂) **Nurse**
- (က) B.N.Sc (သို့) Dip in Nursing (သို့)Certificate in Midwife ရရှိပြီးသူဖြစ်ရမည်။
- (ခ) သူနာပြုလိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၃) **Radiographer**
- (က) B.Med.Tech (Medical Imaging Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၄) **Laboratory Technician**
- (က) B.Med.Tech( Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၅) **Receptionist**
- (က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(၆) **Cleaner**

(၇) **Security Officer**

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Territory In Change (Operation and Engineering)** ကျား ၂၀ ဦး
- Any graduated
- (AGTI, BE) ဖြစ်လျှင် ဦးစားပေးမည်။ Communication ကောင်းရမည်။
- Interior Decoration Operation ပိုင်းလုပ်ငန်းအတွေ့အကြုံရှိရမည်။
- မိမိ Group များကို နိုင်နင်းစွာထိန်းကျောင်းနိုင်သူဖြစ်ရမည်။ လုပ်ငန်းကို စိန်ခေါ်နိုင်သူဖြစ်ရမည်။
- အသက် ၂၅ နှစ်အောက်ရှိရမည်။ အဆောင်နေနိုင်သူ/နယ်အလုည့်ကျသွားနိုင်သူ ဦးစားပေးမည်။
- ခံစားခွင့် (၂ သိန်းမှ ၈ သိန်း) (ရလဒ်ပေါ်မူတည်၍ ခံစားခွင့်ရှိပါမည်)

၂။ **Video Editor** ကျား ၁ ဦး
- Short Film ကျွမ်းကျွမ်းကျင်ကျင်ဖန်တီးနိုင်သူဖြစ်ရမည်။
- တီထွင်ဖန်တီးနိုင်သူဖြစ်ရမည်။ နမူနာယူလာရပါမည်။
- ဘွဲ့ရဖြစ်ရမည်၊ Creation ကောင်းပါက ပညာရေးကို လျှော့ပေါ့စဉ်းစားပေးမည်။
- ခံစားခွင့်(ညှိနှိုင်း)

၃။ **Security** ကျား ၄ ဦး
- စစ်မှုထမ်းဟောင်းဖြစ်ရမည်။
- စေ့စပ်သေချာ၍ တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အဆောင်နေနိုင်ရမည်။ နေ့/ည အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရမည်။
- ခံစားခွင့် (၁သိန်းမှ ၃ သိန်း) (ရလဒ်ပေါ်မူတည်၍ခံစားခွင့်ရှိပါမည်။)

၄။ **Driver** ကျား ၁ ဦး
- English စကားပြောနိုင်ရမည်။ အနည်းဆုံး ယာဉ်မောင်းသက်တမ်း (၃)နှစ်ရှိရမည်။
- အသက် ၂၅ နှစ်နှင့် ၄၀ ကြားဖြစ်ရမည်။ အနည်းဆုံး ၁၀ တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
- အရက်သေစာမသောက်စားတတ်သူဖြစ်ရမည်။
- ခံစားခွင့် ၃ သိန်းမှ ၄ သိန်း (ရလဒ်ပေါ်မူတည်၍ခံစားခွင့်ရှိသည်)

၅။ **အခန်းကာ၊ မျက်နှာကြက် အဖွဲ့ငယ်ခေါင်းဆောင် (ကျွမ်းကျင်အဆင့်)** ကျား ၁၀ ဦး
- ကိုယ်တိုင်ဦးဆောင်၍ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ရမည်။
- အဆောင်စီစဉ်ပေးပါမည်။ စာချုပ်ချုပ်ဆိုနိုင်သူဦးစားပေးမည်။
- ခံစားခွင့် ၃ သိန်းနှင့်အထက်

**လျှောက်ထားလိုသူများသည်**

အမှတ် ၁၁ မင်းကြီးလမ်းအင်းစိန်ဆေးရုံဘေး၊ ဆေးရုံမှတ်တိုင်(သို့) cv.reserve@gmail.com Email နှင့်လည်း ပေးပို့နိုင်ပါသည်။ နယ်တွင်နေထိုင်သူများ စာတိုက်၊ လူကြုံဖြင့် ပေးပို့နိုင်ပါသည်။ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ ၂ ပုံ၊ ကိုယ်ရေးအချက်အလက် ပြည့်စုံစွာနှင့် မိမိလျှောက်ထားလိုသည့် ရာထူးကိုပြည့်စုံစွာဖြည့်၍ သက်ဆိုင်ရာအထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်။ (အချက်အလက်မပြည့်စုံလျှင်လက်မခံပါ)

မေးမြန်းစုံစမ်းလိုလျှင် ဖုန်း-၀၉-၄၅၀၀၃၈၆၁၈၊ ၀၉-၇၉၅၉၀၀၂၂၈ သို့ ဆက်သွယ်နိုင်ပါသည်။

### အများသိစေရန်

ကျွန်ုပ်အမှုသည်(ဘ)ဦးကျော်မင်း၏သမီးဖြစ်သူ ဒေါ်ရီရီကျော်မင်း ၁၂/ဒဂဆ(နိုင်)၀၀၉၇၀၅ အား မိခင်ဖြစ်သူ ဒေါ်မြေး ၁၄/ဟသတ(နိုင်)၀၂၇၁၃၃မှနေ၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မည်သည့်စာသားမျှ ရေးသားထားခြင်းမရှိသော အထူးကိုယ်စားလှယ်လွှဲစာ (သို့မဟုတ်) အထွေထွေကိုယ်စားလှယ်လွှဲစာအား အတင်းအကျပ်လက်မှတ်ရေးထိုးစေ၍ လွှဲအပ်စေခဲ့သော ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၂၃၀)**
**ဖုန်း-၀၉-၇၃၁၃၃၉၆၇၊ ၀၉-၇၉၃၉၆၃၆၈၁**
**အခန်းအမှတ် ၁၊ ရှေ့နေများနားနေခန်း၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးဝင်း**

### Naung Yoe Technologies Co., Ltd.

No. (92) Thiriyadanar Shopping Complex ,Zabuthiri Tsp, Naypyitaw., Ph - 067-421244,421255, 422772

Email - careers@naungyoe.com

(ပြည်တွင်း၌သာခန့်ထားရန်)

1. **SOFTWARE DEVELOPER** — M/F (1) Post
   တက္ကသိုလ်မှ ဘွဲ့တခုခုရရှိရမည်၊ သက်ဆိုင်ရာ Diploma Certificate ရရှိထားသူဖြစ်ရမည်၊
   C#, ASP.Net, HTML, Java Script, CSS စသည်တို့ကို အားလုံးသိရှိနားလည်ရမည်၊
   MSSQL (or) My SQL (or) Oracle စသည်တို့ကိုလည်းသိရှိနားလည်သူဖြစ်ရမည်၊
   PHP (or) Java (or) Android , Version Control စသည့်ကျွမ်းကျင်သူကို ဦးစားပေးမည်၊

2. **JUNIOR SOFTWARE DEVELOPER** — M/F (2) Posts
   တက္ကသိုလ်မှ ဘွဲ့တခုခုရရှိရမည်၊ သက်ဆိုင်ရာ Diploma Certificate ရရှိထားသူဖြစ်ရမည်၊
   C# (or) PHP (or) Java စသည်တို့ကို သိရှိနားလည်သူဖြစ်ရမည်၊

3. **IT & NETWORK SECURITY** — M/F (4) Posts
   B.C.Sc, B.C.Tech (or) IT Related Certificate ရရှိထားပြီး IT & Network Field တွင် လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်၊

4. **ENGINEERING ASSISTANT** — F (1) Post
   AGTI နှင့် နည်းပညာဘွဲ့ရထားသူများလျှောက်ထားနိုင်သည်၊ စီမံခန့်ခွဲမှုအပိုင်းစိတ်ဝင်စားပြီး နားလည်တတ်ကျွမ်းသူများလျှောက်ထားနိုင်သည်၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ ရှိသူဦးစားပေးမည်၊

အထက်ဖော်ပြပါရာထူးများအတွက် လျှောက်ထားလိုပါက ကိုယ်ရေးရာဇဝင်အကျဉ်း၊ လိုင်စင်ဓါတ်ပုံ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း၊ လျှောက်ထားလိုသည့်ရာထူး၊ မျှော်မှန်းလစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အီးမေး(လ်)မှတဆင့်သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်၊နယ်မှလာရောက်လုပ်ကိုင်လိုသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးမည်၊

## United Vision မျက်မှန်ဆိုင် ဝန်ထမ်းအလိုရှိသည်

၁။ **အရောင်းဝန်ထမ်း မ (၃) ဦး**

ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်ပြီး စကားအပြောအဆို ချိုသာရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

နယ်မှလာသူများအတွက် နေထိုင်စားသောက်ရေးစီစဉ်ပေးသည်။

**အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

**အမှတ်-အေ(၃)၊ ၇၈လမ်း ၂၇×၂၈ကြား၊ ဘူတာကြီးမြောက်ဘက်၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ယ/၆၀၄၈၄ ယာဉ်လက်ဝယ်ရှိသူ ခွန်ကိုမျိုး ၇/ထတပ(နိုင်)၀၆၇၆၇၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ တောင်ငူ**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၄/၅၆၇၀ Trawlergi-(F/T) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းထွန်း ၈/မဘန(နိုင်)၀၆၅၆၅၇က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ဒီ၂၊ မြေကွက်အမှတ် (၁၅၀)၊ မြေကွက်တည်နေရာအမှတ်(၆၄)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်တင်အေး ၁၂/ကမတ(နိုင်)၀၁၈၄၀၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အေးကွယ်လွန်သဖြင့် ဦးအယ်ရစ်အန်ဇရို့စ် ၁၂/ကမတ(နိုင်)၀၁၈၄၀၆မှ ကွယ်လွန်သူ၏ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


HITACHI
Inspire the Next
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
လူမှုဘဝတီထွင်ဆန်းသစ်ခြင်းနှင့် သင့်ရဲ့ မနက်ဖြန်ကို စတင်လိုက်ကြပါစို့၊ ရိုးရှင်းသော
စိတ်ကူးအကြံဉာဏ်လေးတစ်ခုသည် ကမ္ဘာလောကကြီးကိုပြုပြင်ပြောင်းလဲ ဖန်တီးနိုင်ပါသည်၊ ထိုသို့သော
အလားအလာကောင်း များကိုပူးပေါင်းဆောင်ရွက်ခြင်း မှတစ်ဆင့် ရင်သန်ကြီးထွားလာစေနိုင်ပါသည်၊
Hitachi အနေဖြင့် အင်တာနက်နှင့် ဆက်စပ်သောအရာများအတွက်ဆန်းသစ်သော Co-creation Platform များကို
အတွေးအခေါ်ပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းရင်း ပိုမို ကောင်းမွန်သည့် အနာဂါတ်တစ်ခုအတွက်
လူမှုဘဝ တီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်တင်ကာ တီထွင်ဖန်တီးမှုများ ပြုလုပ်လျက် ရှိပါသည်၊
social-innovation.hitachi
Hitachi Social Innovation

# ပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းနိုင်မည့် ဥပဒေပြုရေး ပြည်ထောင်စုလွှတ်တော်နာယက တိုက်တွန်း

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသည့် ဆန္ဒ၊ နိုင်ငံသားပြည်သူများ လူမှုစီးပွားရေးအခြေအနေများ ဘဝလုံခြုံမှုရှိစေလိုသည့်ဆန္ဒ၊ ရည်မှန်းချက်များ တူညီစွာရှိကြမည် ဖြစ်ပါကြောင်း၊ ထိုသို့ တူညီသည့်ဆန္ဒ၊ ရည်မှန်းချက်များရှိကြသည်နှင့်အညီ နိုင်ငံသား ပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းနိုင်မည့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များကို ရိုးရိုးသားသားပွင့်ပွင့်လင်းလင်းနှင့် အပြုသဘောဆောင် တိုင်ပင်ဆွေးနွေးပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အမျိုးအစားအလိုက် အကောင်အထည်ဖော်နိုင်မှုကို စိစစ်ရာတွင် သတ်မှတ်လျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကောက်ခံနိုင်ခဲ့သည့် အခွန် ၁၁ မျိုးနှင့် လျာထားချက်ထက် လျော့နည်းရရှိခဲ့သည့် အခွန် ခုနစ်မျိုးရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု၏ အခွန်ဘဏ္ဍာရငွေများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးလျက်ရှိပါကြောင်း၊ *စာမျက်နှာ ၆ ကော်လံ ၁* ◆

## မင်းကင်းမြို့သို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ လကုန်ခန့်တွင် ဓာတ်အားဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ-၇

## သုံးခွနှင့် ခရမ်းမြို့နယ်အတွင်း လယ်ယာမြေများရေကြီးနစ်မြုပ်မှုမှ သက်သာရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် အခြေခံကာ ဆောင်ရွက်ပေးမည်

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ-၇

## ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဒေသခံပြည်သူများကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေး

**ညောင်ဦး ဇူလိုင် ၂၅**

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ စင်တီမီတာခန့်ဖြစ်ပြီး ယနေ့ နံနက်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၁၁၈ စင်တီမီတာခန့် ရောက်ရှိနေကြောင်းသိရသည်။ ထိုသို့ ဧရာဝတီမြစ်ရေ တဖြည်းဖြည်း မြင့်တက်နေမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သည့် အမှတ်(၄)ရပ်ကွက်၊ မှန်ကြိုးရပ်ကွက်နှင့် ရေနံစုရပ်ကွက်များရှိ လူနေအိမ်များနှင့် ရပ်ကွက်လမ်းများအတွင်းသို့ *စာမျက်နှာ ၈ ကော်လံ ၁* ✱



## ချင်းတွင်းနှင့်ငဝန်မြစ်ရေ စိုးရိမ်ရေမှတ် အထက်ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

